# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**


တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့သော နည်းဟူမူကား အဆင်းအနံ့ နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင် နိုင်သောကြောင့်ဖြစ်၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ်(၀၂၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်

တိုကျို အောက်တိုဘာ ၂၂

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa အား ယနေ့ နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် The Imperial Hotel ၌ လက်ခံတွေ့ဆုံသည်။**



**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ သီလဝါစက်မှုဇုန်အပါအဝင် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတွင် ပါဝင်အထောက် အကူပြုရေး၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းမှ ဦးစီး၍ မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတွင် ချယ်ရီပင်များ စိုက်ပျိုးခဲ့သည့် အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘူတန်ဘုရင် Jigme Khesar Namgyel Wangchuck နှင့် ခေတ္တတည်းခိုသည့် The Imperial Hotel ၌ တွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁




**ဂျပန်ဧကရာဇ်၏ ထီးနန်းတက်ပွဲ တက်ရောက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတကာမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များ ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲ အခမ်းအနားသို့ တက်ရောက်ကြစဉ်။

သတင်းစဉ်


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

**မြန်မာ့အလင်း**

# အရည်အသွေးမီမီ ခိုင်ခိုင်ခံ့ခံ့

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် အများဆုံးဖြစ်နိုင်ခြေရှိသည့် နိုင်ငံများထဲတွင် ပါဝင်သည်။ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ တောင်ပြိုမြေပြိုခြင်း၊ မြေငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များအားလုံးကို မြန်မာနိုင်ငံသားတို့ အတိတ်ကာလတစ်လျှောက်တွင် ရင်ဆိုင်ခဲ့ကြရဖူးသည်ချည်း။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ တားဆီး၍မရသည် ဖြစ်သည့်အလျောက် အနာဂတ်တွင်လည်း တစ်ချိန်မဟုတ်တစ်ချိန်တွင် သဘာဝဘေးတစ်ခုမဟုတ်တစ်ခုနှင့် ရင်ဆိုင်ကြရဦးမည်။

သဘာဝဘေးအန္တရာယ်များအနက် မုန်တိုင်းနှင့် မြေငလျင်တို့က အင်အားကြီးလျှင်ကြီးသလောက် အဖျက်စွမ်းအားလည်း ကြီးတတ်ကြသည်။ မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်း ရှည်လျားသည့်အလျောက် မုန်တိုင်းတိုက်ခတ်လေ့ရှိသည့် ရာသီတိုင်းတွင် မုန်တိုင်းတစ်ခုမဟုတ်တစ်ခုနှင့် ရင်ဆိုင်ကြရစမြဲ။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်တွင် မြန်မာနိုင်ငံအောက်ပိုင်းကို ဖြတ်သန်းဝင်ရောက်ခဲ့သည့် နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြီးမှာ မြန်မာနိုင်ငံ သမိုင်းတွင်ရော ကမ္ဘာ့သဘာဝဘေးအန္တရာယ်မှတ်တမ်းများတွင်ပါ အဆိုးရွားဆုံးစာရင်းဝင်သည်။ ပင်လယ်မှ ကုန်းတွင်းသို့ ဝင်ရောက်ချိန်တွင် တစ်နာရီလျှင် ကီလိုမီတာ ၂၁၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးစေခဲ့သည်။ လူပေါင်း ၁၄၀၀၀၀ နီးနီး သေကျေပျက်စီးခဲ့ပြီး ထောင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြသည်။ မုန်တိုင်းဒဏ်ခံရသူတို့ကို ရုပ်ပိုင်းရော စိတ်ပိုင်းပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကာလရှည်ကြာ ဆောင်ရွက်ခဲ့ရသည်။ သို့ရာတွင် မူလအခြေအနေသို့ ပြန်လည်မရောက်ရှိနိုင်တော့။ နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းကို ကြီးကြီးမားမား ထိခိုက်ပျက်စီးစေခဲ့သလို မုန်တိုင်းဒဏ်ခံရသည့် ဒေသတွင်းနေထိုင်သူတို့၏ စီးပွားရေးဘဝများ၊ လူမှုရေးဘဝများကိုပါ နှစ်ရှည်လများ ထိခိုက်ပျက်စီးသွားစေခဲ့သည်။

မုန်တိုင်းကဲ့သို့ပင် မြေငလျင်သည်လည်း အဖျက်စွမ်းအားကြီးမားတတ်ရာ မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက် အဖျက်စွမ်းအားပြင်းထန်သည့် မြေငလျင်ကြီးများ လှုပ်ခတ်မှုကို ခံစားခဲ့ရသည်။ ထိုမြေငလျင်ကြီးများသည်လည်း ကမ္ဘာ့မြေငလျင်မှတ်တမ်းများတွင်ပါ ပါဝင်သည့် ငလျင်ကြီးများ ဖြစ်သည်။ ရခိုင်ကမ်းခြေအစိတ်အပိုင်းအချို့ ပင်လယ်ထဲနစ်မြုပ်ခဲ့ရသည့် ၁၇၆၂ ခုနှစ် ဧပြီ ၂ ရက် မြေငလျင်၊ အမရပူရမြို့ပျက်စီးပြီး လူပေါင်း ၃၀၀ ကျော် သေဆုံးကာ ဧရာဝတီမြစ်ကြီးပင်လျှင် ခေတ္တမျှပြောင်းပြန်စီးခဲ့ရသည့် ၁၈၃၉ ခုနှစ် အင်းဝငလျင်၊ မာကယ်လီ စကေးအဆင့် ၁၀ ရှိပြီး မြန်မာနိုင်ငံသမိုင်းတွင် အင်အားအပြင်းထန်ဆုံးဖြစ်ခဲ့သည့် ၁၉၃၀ ပြည့်နှစ် ပဲခူးမြေငလျင်၊ မာကယ်လီ စကေး ၉ ရှိသော ၁၉၅၆ ခုနှစ် စစ်ကိုင်းငလျင်နှင့် ရှေးဟောင်းအမွေအနှစ်စေတီပုထိုးများ ပြိုကျပျက်စီးခဲ့ရသည့် ၁၉၇၅ ခုနှစ် ပုဂံငလျင်တို့မှာ မှတ်တမ်းဝင်ငလျင်ကြီးများဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ ရောမမြို့ကြီးများဖြစ်နေသော ရန်ကုန်၊ မန္တလေး အပါအဝင် လူဦးရေထူထပ်များပြားသည့် မြို့အများအပြားမှာ ငလျင်ကြောပေါ်တွင် တည်ရှိနေကြသည်။

မုန်တိုင်းဘယ်အချိန်တိုက်မည်၊ မြေငလျင်ဘယ်အချိန်လှုပ်မည်ကို ကြိုတင်၍ ခန့်မှန်းနိုင်ရန်မလွယ်။ မုန်တိုင်းကို မုန်တိုင်းအဖြစ်စတင်ရောက်ရှိလာချိန်မှ စောင့်ကြည့်ခန့်မှန်းကြရသလို မြေငလျင်ဆိုလျှင်လည်း အလွန်ထူးခြားသည့် ဘူမိသွင်ပြင်ပြောင်းလဲမှုများကို တွေ့ရှိရမှသာ ဖြစ်နိုင်ခြေကို ခန့်မှန်းကြရသည်ဟု ဆိုသည်။ ဆိုလိုသည်မှာ သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေးဖြစ်ပေါ်လာနိုင်သည့်အလျောက် ကြိုတင်ပြင်ဆင်ထားကြရန်ပင် ဖြစ်သည်။ အထူးသဖြင့် လူသားတို့ သေကျေထိခိုက်ဒဏ်ရာရကြသည်မှာ အပျက်အစီးတို့ ထိခိုက်မှုကြောင့်ပင်ဖြစ်သည်။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချပေးနိုင်ရန်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သလို "ဘာပဲဆောက်ဆောက် ခိုင်အောင်ဆောက်" ပေးကြရန်ပင်ဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံ၊ ရုံး၊ ကျောင်း၊ လမ်း၊ တံတား၊ ဆည်တာတမံ စသည်ဖြင့် ဆောက်လုပ်ကြရာတွင် မုန်တိုင်း၊ ရေကြီးရေလျှံ၊ မြေပြို၊ မြေငလျင်တို့ကိုပါ ထည့်သွင်းတွက်ချက်စဉ်းစားပြီး ဒီဇိုင်းပုံထုတ်ရာမှသည် ဆောက်လုပ်သည်အထိ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုမရှိရေး ကြိုတင်မျှော်တွေးကာ အရည်အသွေးမီမီ ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ကြရပါမည့်အကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး (၄၇/၂၀၁၉) ကို ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လေးသုတ်ခွဲကာ နိုဝင်ဘာလတွင် စတင်ကောက်ယူမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း နည်းပြသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို ယမန်နေ့က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း စတင်ဆောင်ရွက်မည့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး UNFPA မှ ပရိုဂရမ်ကျွမ်းကျင်ပညာရှင် Mr. DANIEL Msonda က CAPI စနစ်ဖြင့် သန်းခေါင်စာရင်းကောက်ယူမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နမူနာစာရင်း ကောက်ကွက်ပေါင်း ၄၀၀၀ ကျော် ကောက်ယူမည်ဖြစ်ပြီး နိုဝင်ဘာလမှ စတင်၍လေးသုတ်ခွဲကာ ကောက်ယူမည်ဖြစ်သည်။ ယခုကောက်ယူမည့် ကြားဖြတ်သန်းခေါင်စာရင်းကို ယခင်ကောက်ယူခဲ့သည့် မေးခွန်းစာရွက် အသုံးပြုသည့် နည်းဖြင့် ကောက်ယူမည်မဟုတ်ဘဲ Mobile Tablet ကို အသုံးပြုကာ ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းမေးမြန်းကောက်ယူသည့်စနစ် (Computer – assisted Personal Interviewing – CAPI ) စနစ်ဖြင့် ကောက်ယူမည်ဖြစ်ပြီး ပထမသုတ်အနေဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင်လည်းကောင်း၊ ဒုတိယသုတ်အနေဖြင့် ကရင်၊ ကယား၊ မွန်ပြည်နယ်တို့နှင့် တနင်္သာရီ၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ တတိယသုတ်အနေဖြင့် ပဲခူး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ စတုတ္ထသုတ်အနေဖြင့် ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် လည်းကောင်း ကောက်ယူသွားမည်ဖြစ်သည်။




ယခုအခါ ပထမသုတ်ကောက်ယူမည့် ဦးစီးရုံးချုပ်မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသ အသီးသီးတွင် နည်းပြအဖြစ် ဆောင်ရွက်မည့် ဒေသခံလူငယ်များ၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၃၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း ပြည်ပသို့တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၃၆၀၀၀ ကျော်နှင့် ပြည်တွင်း အလုပ်နေရာ၂၈၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် LabourExchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင် ၁၆၃၇ ဦး၊ ပုဂ္ဂလိက အလုပ်အကိုင် ၂၆၄၈၄ ဦး စုစုပေါင်း ၂၈၁၂၁ ဦး ဖြစ်သည်။

နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေမှာ မလေးရှားနိုင်ငံသို့ ၉၁၄၅ ဦး၊ စင်ကာပူနိုင်ငံသို့ ၃၁ ဦး၊ ကိုရီးယားနိုင်ငံသို့ ၆၅၃ ဦး၊ ထိုင်းနိုင်ငံသို့ ၂၆၁၇၃ ဦး၊ ဂျပန်နိုင်ငံ သို့ ၆၄၆ ဦး၊ ယူအေအီးသို့ ၁၀၁ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၅၃ ဦး စုစုပေါင်း ၃၆၉၀၂ ဦး ကို အလုပ်အကိုင်ရရှိရေးအတွက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❁ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း ထိန်းသိမ်းရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်တို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တိုကျိုမြို့ ဘုရင့်နန်းတော်၌ ကျင်းပသည့် ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထီးနန်းတက်ပွဲ အခမ်းအနားတွင် ဂျပန်ဧကရာဇ် နာရူဟီတိုက မိန့်ခွန်းပြောကြားပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားမာဆာကိုတို့အား ချီးမွမ်းထောမနာပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

### ရင်းရင်းနှီးနှီးကြိုဆို

ညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတကာမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဆင့်မြင့် ကိုယ်စားလှယ်များကို ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘုရင့်ဆွေတော်မျိုးတော်များနှင့် တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံပေါင်း ၁၅၃ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်သည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘူတန်ဘုရင် Jigme Khesar Namgyel Wangchuck နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**"မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ သီလဝါစက်မှုဇုန်အပါအဝင် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတွင် ပါဝင် အထောက်အကူပြုရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး"**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားတို့က တည်ခင်းဧည့်ခံသောညစာစားပွဲ တက်ရောက်လာစဉ်။

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ၏ အပြီးသတ်အစီရင်ခံစာ ရေးသားနိုင်ရေး အကြံပြုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ အပြီးသတ်အစီရင်ခံစာ ရေးသားနိုင်ရေး အကြံပြုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် I-20 ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ပြည်တွင်းပဋိပက္ခနှင့် ပတ်သက်၍ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ အချက်အလက်များကို ရယူခဲ့ပါကြောင်း၊ ရယူခဲ့သည့် အချက်အလက်များအပေါ်တွင် အခြေခံ၍ အတွင်းရေးမှူးကို အစီရင်ခံစာမူကြမ်းရေးသားရန်အတွက် တာဝန်ပေးခဲ့ပါကြောင်း၊ ထိုမူကြမ်းကို ယနေ့အစည်းအဝေးတွင် တင်ပြမည်ဖြစ်ပါကြောင်း၊ ထိုမူကြမ်းကို ကော်မတီဝင်များအနေဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်စရာရှိပါက ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်ပါကြောင်း၊ ကော်မတီဝင်များ ပြင်ဆင်ဖြည့်စွက်ခဲ့သည့် ဒုတိယမူကြမ်းကို ရေးဆွဲပြီး ထပ်မံအစည်းအဝေးခေါ်ယူ၍ တတိယမူကြမ်းကို ပြင်ဆင်မည်ဖြစ်ပါကြောင်း၊ တတိယမူကြမ်းကို အချောရရှိပါက အတည်ပြုပြီး ကော်မတီဝင်များအားလုံး လက်မှတ်ရေးထိုး၍ အစီရင်ခံစာကို တင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးတင်မြင့်က အစီရင်ခံစာမူကြမ်းအား တစ်ပိုဒ်ချင်းစီ ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ အပြီးသတ်အစီရင်ခံစာ ရေးသားနိုင်ရေး အကြံပြုညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက အဆိုပါမူကြမ်းအား ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့် အချက်တို့ကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင် က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ (၂) ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာ ညီလှငယ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားအဆင့် မြို့ပြမူဝါဒမဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ မြို့ပြအခြေချနေထိုင်မှုများအစီအစဉ် (UN-Habitat)တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံအမျိုးသားအဆင့် မြို့ပြမူဝါဒမဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

**ဦးစားပေးထား**

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာနိုင်ငံတွင် အမျိုးသားမြို့ပြမူဝါဒအစီအစဉ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့ပြီး မူဝါဒဖော်ဆောင်ခြင်းအား အရေးပါသော နယ်ပယ်ဧရိယာ (၅)ခုကို ဦးစားပေးထားပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် အလုပ်ရုံ ဆွေးနွေးပွဲများမှ ရလဒ်များကို အခြေခံ၍ မူဝါဒဦးစားပေးဧရိယာ (၃)ခုကို မူဝါဒမူဘောင်တွင် ထပ်မံထည့်သွင်းထားပါကြောင်း။

ယင်းဦးစားပေးဧရိယာများသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့် မြန်မာနိုင်ငံအိမ်ရာနှင့် ပတ်သက်သည့် မူဝါဒတို့သည် ဦးစားပေးဧရိယာများဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားမြို့ပြမူဝါဒသည် နိုင်ငံ၏ မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတွင် အရေးပါသောမူဝါဒဆိုင်ရာ စာတမ်းတစ်စောင်ဖြစ်လာမည်ဖြစ်ပြီး နိုင်ငံအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ အလုံးစုံပါဝင်သည့် အနာဂတ်မြို့ပြ ဖြစ်ထွန်းလာနိုင်စေရန်အတွက် လမ်းကြောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာနိုင်ငံအမျိုးသားအဆင့် မြို့ပြမူဝါဒမဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် UN-Habitat ၏ Country Program Manager, Mr. Bijay Karmacharya က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြင့်က မြန်မာနိုင်ငံအမျိုးသားအဆင့် မြို့ပြမူဝါဒ မဟာဗျူဟာရေးဆွဲရေး ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မဟာဗျူဟာရေးဆွဲရာတွင် ပါဝင်သည့် ဦးစားပေးဧရိယာ (၅)ခုအပေါ် ဆွေးနွေးကြပြီး ဆွေးနွေးချက်ရလဒ်များကို ပြန်လည်ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများက ထပ်မံထည့်သွင်းရေးဆွဲမည့် ဦးစားပေးဧရိယာ(၃) ခုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် UN-Habitat ၏ Country Program Manager, Mr. Bijay Karmacharya က မြန်မာနိုင်ငံ အမျိုးသားအဆင့် မြို့ပြမူဝါဒ မဟာဗျူဟာရေးဆွဲရေး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလှကျော်၊ ဒေါက်တာ ရဲမြင့်ဆွေ၊ ဒေါက်တာ ထွန်းနိုင်နှင့် ဦးစိုးအောင်၊ အမျိုးသားမြို့ပြကော်မတီအဖွဲ့ဝင်များနှင့် ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ မြန်မာနိုင်ငံ အမျိုးသားအဆင့် မြို့ပြမူဝါဒမဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**



# ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံးနှင့် ဒက္ခိဏသီရိမြို့နယ် ဥပဒေရုံးသစ်များဖွင့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

ဇမ္ဗူသီရိမြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲအခမ်းအနားနှင့် ဒက္ခိဏသီရိမြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရုံးသစ်များ၌ ကျင်းပသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ် ဥပဒေရုံးသစ် ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

ဖွင့်ပွဲတွင် ဆရာတော်သံဃာတော်များအား နံနက်အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အဆိုပါ အခမ်းအနားများသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် BBC မှ သတင်းနှင့်မျက်မှောက်ရေးရာ ညွှန်ကြားရေးမှူးနှင့် BBC Media Action ၏ အမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် NTEGRATOR Private Limited မှ Managing Director နှင့်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် BBC မှ သတင်းနှင့်မျက်မှောက်ရေးရာ ညွှန်ကြားရေးမှူး Ms.Francesca Unsworth နှင့် BBC Media Action ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Caroline Nursey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ NTEGRATOR Private Limited မှ Managing Director ဖြစ်သူ Mr.Jimmy Chang နှင့်အဖွဲ့အား မွန်းလွဲ ၃ နာရီတွင် လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။**

**အသိပညာပေးလုပ်ငန်းများဆောင်ရွက်**

BBC မှ သတင်းနှင့်မျက်မှောက်ရေးရာ ညွှန်ကြားရေးမှူးနှင့် BBC Media Action ၏ အမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် BBC Media Actionတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ထုတ်လွှင့်သွားမည့်အစီအစဉ်များ၊ ပြောင်းလဲလာသည့်မီဒီယာခေတ်ရေစီးကြောင်းအရ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(Media and Information Literacy)အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် အရေးကြီးပုံတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

NTEGRATOR Private Limited မှ Managing Director အဖွဲ့နှင့်တွေ့ဆုံစဉ် နိုင်ငံတစ်ဝန်းရှိ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ စာကြည့်တိုက်များနှင့် ရုံးများတွင် ကွန်မြူနတီစင်တာ တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် BBC မှ သတင်းနှင့်မျက်မှောက်ရေးရာ ညွှန်ကြားရေးမှူးနှင့် BBC Media Action ၏ အမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စတေနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျိုအာ ဖရိတက်စ်ဒီကမ်မရာအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် နိုင်ငံတကာ ကုမ္ပဏီများမှ ပိုမို ရင်းနှီးမြှုပ်နှံနိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စတေနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျိုအာ ဖရိတက်စ်ဒီ ကမ်မရာ အား ယနေ့မွန်းလွဲ ၃ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်နေသည့် အစီအမံအတွေ့အကြုံများနှင့်ပတ်သက်၍ နှစ်ဖက်အတွေ့အကြုံများမျှဝေခြင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် နိုင်ငံတကာကုမ္ပဏီများမှ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေး၊ အနာဂတ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား Privatization သို့ တဖြည်းဖြည်း ပြောင်းလဲနေမှုများနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ ကုန်းတွင်းနှင့်ကမ်းလွန်ဒေသများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများတွင် တွေ့ကြုံရသည့် အခွင့်အရေးနှင့် စိန်ခေါ်မှုများ၊ Generation Mix အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှုအခြေအနေများ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ကဏ္ဍရှိအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုအခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ဗဟိုအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ (၃/၂၀၁၉) ကြိမ်မြောက်စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ဗဟိုအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက MSME Agency အနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် MSME Agency များနှင့်ပူးပေါင်း၍ တွေ့ဆုံညှိနှိုင်းအစည်းအဝေးများ၊ Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုကျင်းပလျက်ရှိပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် Action Plan ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME Agency အနေဖြင့် ဒေသတွင်း ထုတ်ကုန်ပြပွဲ ပြိုင်ပွဲများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ရာ MSME ထုတ်ကုန်များမှာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်လာနိုင်သည်ကို တွေ့ရပါကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟို MSME Agency နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် MSME Agency များ ပူးပေါင်းပံ့ပိုးမှု အခြေအနေများနှင့်စပ်လျဉ်း၍ “1st Annual Conference of MSME Agency and Launching Ceremory of Regional MSME Action Plans in States and Regions” ကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအခမ်းအနားတွင် ၂၀၁၈ ခုနှစ်မှစ၍ ယနေ့ထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ MSME Action Plan များအရ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ရရှိလာသည့် Issue များကို ညှိနှိုင်းဆွေးနွေး၍ MSME လုပ်ငန်းဥက္ကဋ္ဌ၊ ဒုတိယသမ္မတထံသို့ တင်ပြရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ MSME လုပ်ငန်းများတွင် MSME Logo အသုံးပြုနိုင်ရေးအတွက် MSME Logo ပြိုင်ပွဲကို ကျင်းပခဲ့ပြီး ဆုရ MSME Logo ကို တရားဝင်အသိအမှတ်ပြု အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ MSME လုပ်ငန်းများကို ပံ့ပိုးပေးနိုင်ရန်အတွက် Seed Fund ထူထောင်ပေးရန်အတွက်လည်း MSME ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်များအနေဖြင့် တတ်စွမ်းသလောက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက MSME အေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လိုအပ်ချက်များ၊ Registration ဆိုင်ရာကိစ္စရပ်များ၊ FDA ဆိုင်ရာကိစ္စရပ်များ၊ ဓာတ်ခွဲခန်းဆိုင်ရာကိစ္စရပ်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များအား ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် အေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်ထူး ဗဟိုအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ကိုယ့်အရိပ်

သိုက်စိုးထွန်း(နတ်ရွာ)

**သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်တဲ့။ အသိဉာဏ်မဲ့သစ်ပင်တစ်ပင်တောင်မှ သူ့အရိပ်မှာ ခိုနားဝင်ရောက်လာတဲ့ ကျေးငှက်အပေါင်း ရာထောင်သောင်းအတွက် အေးမြတဲ့ အရိပ်အာဝါသကို ပေးစွမ်းနိုင်သေးတယ်ဆိုရင် သတ္တဝါအားလုံးထဲမှာ အမြတ်ဆုံး၊ အသာဆုံးဆိုတဲ့ လူသားစင်စစ်တစ်ယောက်ဖြစ်တဲ့ ကိုယ်ကိုယ်တိုင်ကရော ဘယ်သူတွေအတွက် ဘယ်လိုအရိပ်မျိုးတွေပေး နေနိုင်ပြီလဲဆိုတာကို စဉ်းစားစရာရှိလာပါတယ်။**

တစ်ခါတစ်ခါကျတော့ စဉ်းစားမိတတ်ကြတယ်။ ကိုယ်ကကိုယ့်ပတ်ဝန်းကျင်မှာ ဘာမှမဟုတ်တဲ့သူ။ စည်းစိမ်ဥစ္စာလည်း မရှိဘူး၊ ရာထူးအာဏာလည်း မရှိဘူး၊ ထင်ပေါ်ကျော်စောခြင်းလည်း မရှိဘူး၊ တန်ခိုးစွမ်းအားတွေလည်း မရှိဘူး။ ဒီလိုတွေမရှိတဲ့အတွက် ကိုယ့်လောကကို ဘယ်လိုအရိပ်မျိုးမှ မိုးမပေးနိုင်ဘူး၊ ဘယ်လို ကောင်းကျိုးမှ မပေးနိုင်ဘူးဆိုပြီး စိတ်ပျက်အားငယ်စွာနဲ့ တွေးမိတတ်ကြပါတယ်။ ကိုယ့်ပတ်ဝန်းကျင်အတွက် ကိုယ်ဘာမှ လုပ်မပေးနိုင်ပါဘူးလေဆိုပြီး တဖြည်းဖြည်းနဲ့ နောက်ဆုတ်ပြီးနေနေလာလိုက်ကြတာ ပတ်ဝန်းကျင်နဲ့ ကင်းကွာလာကြသလို ကိုယ့်ပတ်ဝန်းကျင်က လူတချို့လည်း ထိုနည်းလည်းကောင်းပဲ ဖြစ်ဖြစ်လာကြပြန်ပါတယ်။ ကိုယ့်အရိပ်ကိုလိုအပ်တဲ့သူလည်းမရှိနိုင်သလို ကိုယ့်အနေနဲ့လည်း ဘယ်သူ့ကိုမှ ဘာအရိပ်မှ မိုးမပေးနိုင်ဘူးလို့ ယူဆမိတဲ့အတွက်လည်း ဘယ်သူ့အတွက်မှ အရိပ်မိုးမပေးခဲ့မိတာမျိုးဖြစ်နိုင်ပါတယ်။

တကယ်တော့ ကိုယ့်ပတ်ဝန်းကျင်အတွက် ကိုယ်လုပ်ပေးနိုင်တာတွေ အများကြီးရှိနိုင်သလို ကိုယ်ပေးစွမ်းနိုင်သမျှ အရိပ်ကလေးအောက်ကို နားခိုလိုတဲ့သူတွေ၊ အေးရိပ်လိုအပ်နေတဲ့သူတွေရှိနေနိုင်တာကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။

### လုံခြုံတဲ့ ပတ်ဝန်းကျင်ကောင်း

အညာကျေးလက်က တချို့ရွာတွေမှာ အိမ်တွေသာဆောက်ထားကြတယ်၊ ခြံစည်းရိုးဆိုတာလုံလုံခြုံခြုံခတ်ထားလေ့မရှိကြသလို တစ်နေကုန်တစ်နေခန်းပဲဖြစ်ဖြစ်၊ ညအိပ်ညနေပဲဖြစ်ဖြစ် အပြင်သွားကြပြန်တော့လည်း ဝင်းခြံတံခါးအသာထားလို့ အိမ်ကတံခါးကိုတောင်သော့ခတ်မထားခဲ့ကြပါဘူး။ တချို့အိမ်တွေက ပိတ်စရာတံခါးကို တပ်မထားကြပါဘူး။ ဒါက ဘာကိုဆိုလိုသလဲဆိုတော့ ဒီပတ်ဝန်းကျင်မှာ သူ့အိမ်သူ့ဝင်းကို ဘယ်လောက်အထိ စိတ်ချလက်ချပစ်ထားခဲ့နိုင်တယ်ဆိုတာကို ဖော်ပြနေတာဖြစ်ပါတယ်။ အချိန်ဘယ်လောက်အကြာကြီး ပစ်ထားသည်ဖြစ်စေ ဘာပစ္စည်းတော့ပျောက်သွားရချည်ရဲ့လို့ ပူစရာမလိုပါဘူး။ သူကလည်းသူ့ပတ်ဝန်းကျင်ကိုစိတ်ချတယ်၊ သူ့ပတ်ဝန်းကျင်ကလည်းသူစိတ်ချလက်ချနေနိုင်လောက်အောင် ကောင်းကြတယ်။

ခြံစည်းရိုးမရှိ၊ ခြံတံခါးမရှိ၊ အိမ်တံခါးမရှိ၊ သော့ခလောက်မရှိတဲ့ပတ်ဝန်းကျင်တစ်ခုဆိုတာ လုံခြုံရေးအမြင်နဲ့ ပြောမယ်ဆိုရင် ဘယ်လိုဖြစ်တယ်၊ ညာလိုဖြစ်တယ်လို့ ဝေဖန်ကောင်းဝေဖန်နိုင်မှာဖြစ်ပေမယ့် သူနဲ့သူ့ပတ်ဝန်းကျင်ကတော့ ဘာပြဿနာမှမရှိ၊ အမြဲတမ်းစည်းချက်ညီနေကြတာပါပဲ။ ခြံစည်းရိုးရှိခဲ့ရင်လည်း ဒါက လူတွေမဝင်နိုင်လောက်အောင် ကာထားတာမဟုတ်ပါဘူး။ ကျွဲနွားတိရစ္ဆာန်မဝင်နိုင်ရုံလောက် ဝါးလုံးတန်းကလေးဘာလေးနဲ့ ကျိုးတိုးကျဲတဲကာထားကြတာပါ။ ဒီလိုဖြစ်နေလို့လည်း ဘာမှပူစရာမလိုပါဘူး။ ကိုယ်ခရီးသွားစရာရှိရင် “ကျုပ်အိမ်ကလေး လှမ်းကြည့်လိုက်စမ်းပါဦးဗျ” ဆိုတာနဲ့ ပြီးသွားတာ။ ဘာလုံခြုံရေးအစောင့်အရှောက်မှ ထားခဲ့စရာမလိုဘူး။ သူစိမ်းတစ်ရံဆံတစ်ယောက်တလေရောက်လာတာတွေ့ရင် အိမ်နီးနားချင်းတွေက မေးမြန်းကြည့်ပြီး ခရီးသွားတဲ့အိမ်ကိုလာတဲ့ ဧည့်သည်ဆိုရင်လည်း သူ့အိမ်မှာတောင်မှ ထမင်းခေါ်ကျွေးထားပါလိမ့်ဦးမယ်။ ဘေးအိမ်က လူတွေအကြောင်းကြီးငယ်ရှိလို့ ခရီးသွားကြတော့လည်း ကိုယ်က ဒီလိုစောင့်ရှောက် ပေးကြရတာပါပဲ။ စောင့်ရှောက်တယ်ဆိုလို့လည်း ညရေးညတာ လှည့်ကင်းတွေ၊ ဝပ်ကင်းတွေစောင့်ပြီး ချောင်းနေရတာမျိုးတော့ မဟုတ်ပါဘူး။ ဒီပတ်ဝန်းကျင်မှာ ဘယ်သူမှ ခိုးမယ့်ဝှက်မယ့်သူ မရှိဘူးလို့လည်း ယုံကြည်ထားရတာမျိုးမို့ပါ။

ပစ္စည်းပစ္စယတွေ၊ ကျွဲနွားတိရစ္ဆာန်တွေကိုသာ ရပ်ရွာကစောင့်ရှောက်ပေးကြတာ မဟုတ်သေးပါဘူး။ ကလေးတွေဆိုတာလည်း ထိုနည်းတူစွာပါပဲ။ ဟိုဘက်အိမ်က ကလေးငယ်လေးရှိတယ်ဆိုရင် ဒီဘက်အိမ်က ဝိုင်းကူထိန်းကြ၊ ဒီဘက်အိမ်မှာ ကလေးလေးရှိလာပြန်တော့ ဟိုဘက်အိမ်တွေက ဝိုင်းကူထိန်းကြနဲ့ ရွာထဲက ကလေးတွေဆိုတာ တစ်ရွာလုံးတစ်ရပ်လုံးရဲ့ ဝိုင်းဝန်းစောင့်ရှောက်မှုနဲ့သာ ကြီးပြင်းခဲ့ကြရတာပါ။ ပြန်ကြည့် လိုက်တော့လည်း ကျေးလက်တောရွာတွေဆိုတာ ရွာမှာရှိရှိသမျှ လူတွေဆိုတာကလည်း ဆွေရိပ်မျိုးရိပ်မကင်းကြ သူတွေချည်းဖြစ်နေတတ်တာပါပဲ။

ဒီလိုပတ်ဝန်းကျင်မျိုးမှာ နေထိုင်ရသူတွေဟာ ပတ်ဝန်းကျင်ရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံခွင့်ရနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သူ့ပတ်ဝန်းကျင်က သူ့ကိုလုံခြုံစိတ်ချစွာ နေထိုင်နိုင်အောင် အရိပ်လေးတွေ ဝိုင်းမိုးပေးထားကြတဲ့သဘောဖြစ်ပါတယ်။ ဒီပတ်ဝန်းကျင်မှာ ဖြဟ္မစိုရ်တရားထွန်းကားနေပါတယ်။ တောနယ်တွေမှာသာမက တချို့မြို့ပြဒေသတွေမှာလည်း ဒီအတိုင်းပါပဲ။ တစ်ဦးကိုတစ်ဦး ကူညီဖေးမစောင့်ရှောက်ကြတဲ့ ဓလေ့စရိုက်လေးတွေကို ထိန်းသိမ်းထားလေ့ရှိကြပါတယ်။ တစ်ဦးအပေါ်တစ်ဦး အရိပ်လေးတွေ မိုးပေးထားကြပါတယ်။

### စွမ်းနိုင်သမျှအားနှင့်စောင့်ရှောက်မှုပေးခြင်း

အရိပ်လို့ဆိုရာမှာ ကိုယ့်ပတ်ဝန်းကျင်အတွက် ကိုယ်စွမ်းနိုင်သမျှအင်အားနဲ့ စောင့်ရှောက်မှုပေးခြင်းကို ဆိုလိုတာဖြစ်ပါတယ်။ သူ့အကျိုးစီးပွားကိုဆောင်ခြင်းလို့လည်း အကျဉ်းနည်းနဲ့ ပြောနိုင်မှာဖြစ်ပါတယ်။ ဘုန်းကံပါရမီ ကြီးမြင့်သူတွေက ကြီးမြင့်တဲ့အလျောက် ရပ်ရွာတစ်ခုလုံးသာမက မြို့နယ်တစ်ခုလုံး၊ နိုင်ငံတစ်ခုလုံးအထိ အရိပ်မိုးပေးနိုင်ကြပါတယ်။ သူရှိနေတဲ့အတွက် သူ့ပတ်ဝန်းကျင်ကလူတွေဟာ မှီခိုရာနေရာတစ်ခုရသွားကြပါတယ်။ မိုးပေးတဲ့အရိပ်တွေကလည်း စိတ်အားထက်သန်ရာအလျောက် ပုံစံတွေပြောင်းလဲတတ်ကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးကို ဝါသနာပါသူတွေက လမ်းတွေဖောက်ကြ တံတားတွေ ဆောက်ကြပါတယ်။ အဆောက်အအုံပိုင်းကို စိတ်ထက်သန်သူတွေက စာသင်ကျောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ ဇရပ်တွေ၊ ဓမ္မာရုံတွေ၊ ဗိမာန်တွေဆောက်လုပ်လှူဒါန်းကြပါတယ်။ လျှပ်စစ်မီးပေးလိုသူတွေက လျှပ်စစ်မီးရလာအောင်၊ ကျန်းမာရေးပိုင်းကို အားသန်သူတွေက ကျန်းမာရေးစောင့်ရှောက်မှုတွေ တိုးတက်လာအောင်၊ ကူညီရေးပိုင်းကိုအားသန်သူတွေက သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းတွေမှာ အဆင်ပြေပြေဖြစ်လာအောင် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီစောင့်ရှောက် နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ အသိပညာအရိပ်ကိုပေးလိုသူတွေကလည်း ဟောခြင်းပြောခြင်း၊ ရေးသားခြင်းအလုပ်တွေနဲ့ ကိုယ့်ဝန်းကျင်ကို အရိပ်မိုးပေးနိုင်အောင် ကြိုးစားနေကြပါတယ်။ ဒေသအဆင့်၊ နိုင်ငံအဆင့်ကိုသာမက ကမ္ဘာ့အဆင့်အထိ အရိပ်မိုးပေးနိုင်အောင် စွမ်းဆောင်နိုင်ကြသူတွေလည်း ရှိကြပါတယ်။

လမ်းကြီးတွေဖောက်၊ တံတားကြီးတွေဆောက်လိုက်လို့ သွားလာရေးမှာအဆင်ပြေသွားကြတယ်။ ဆေးရုံဆေးခန်းကြီးတွေတည်ထောင်ပြီး ကုသိုလ်ဖြစ် ကျန်းမာရေးစောင့်ရှောက်မှုတွေပေးလိုက်လို့ ဒေသတစ်ခွင်က ပုဂ္ဂိုလ် အားလုံးမကြောင့်မကြ နေနိုင်ကြရတယ်။ ရေပေးဝေမှုတွေ အင်တိုက်အားတိုက် ဆောင်ရွက်လိုက်လို့ သန့်ရှင်းတဲ့ ရေတွေသောက်သုံးနိုင်ခွင့်ရကြတယ်။ လူမှုကူညီရေးအသင်းကြီးတွေတည်ထောင်ပြီးတော့ အကူအညီတွေပေးလိုက်ကြလို့ သူ့ပတ်ဝန်းကျင်က လူတွေစိတ်ချမ်းသာကြရတယ်။ ကိုယ့်ပတ်ဝန်းကျင်ကို ဘယ်လိုအရိပ်မျိုးပေးနိုင်ရင် ကောင်းမလဲလို့ အမြဲကြံဆနေသူတွေရှိနေတဲ့အရပ်မှာ နေထိုင်ရတာကိုက အလိုလိုနေရင်း စိတ်ချမ်းသာစရာ ကောင်းနေပြန်ပါတယ်။ သူတို့လုပ်ရပ်တွေကို မြင်ရကြားရတာနဲ့တင် ကြည်နူးကျေနပ်စရာကောင်းနေပါတယ်။

> **“အရိပ်လို့ဆိုရာမှာ ကိုယ့်ပတ်ဝန်းကျင်အတွက် ကိုယ်စွမ်းနိုင်သမျှအင်အားနဲ့ စောင့်ရှောက်မှုပေးခြင်းကို ဆိုလိုတာဖြစ်ပါတယ်။ သူ့အကျိုးစီးပွားကို ဆောင်ခြင်းလို့လည်း အကျဉ်းနည်းနဲ့ ပြောနိုင်မှာဖြစ်ပါတယ်။ ဘုန်းကံပါရမီကြီးမြင့်သူတွေက ကြီးမြင့်တဲ့အလျောက် ရပ်ရွာတစ်ခုလုံး သာမက မြို့နယ်တစ်ခုလုံး၊ နိုင်ငံတစ်ခု လုံးအထိ အရိပ်မိုးပေးနိုင်ကြပါတယ်။ သူရှိနေတဲ့အတွက် သူ့ပတ်ဝန်းကျင်က လူတွေဟာ မှီခိုရာနေရာတစ်ခုရသွားကြပါတယ်”**

### ကိုယ့်အရိပ်အောက်မှာ သူတို့စိတ်ချမ်းသာကြရဲ့လား

လူတစ်ယောက်အနေနဲ့ ကိုယ့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွက် စွမ်းနိုင်သမျှသော အရိပ်ကလေးတွေကို မိုးပေးထားခဲ့နိုင်မှ တာဝန်ကျေမှာဖြစ်ပါတယ်။ ကိုယ်က မိဘနေရာမှာရောက်နေပြီလား၊ ဒါဆိုရင်တော့ အနည်းဆုံး ကိုယ့်သားသမီးအပေါ်မှာတော့ ကောင်းတဲ့အရိပ်ကလေးတွေ မိုးပေးထားနိုင်အောင်၊ မိုးပေးခဲ့နိုင်အောင်ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒါက အနည်းဆုံးလိုအပ်ချက်ဖြစ်ပါတယ်။

ကိုယ်က သားသမီးနေရာမှာဆိုရင်လည်း ကိုယ့်မိဘက ကိုယ့်အရိပ်ကို လိုအပ်နေချိန်မှာ မိုးပေးနိုင်မှ အဆင်ပြေမှာဖြစ်ပါတယ်။ ကိုယ့်ထက်အကြီးအကဲတွေမို့ ကိုယ့်အရိပ်ကိုမလိုဘူးလို့ မှတ်ယူလို့ မရနိုင်ပါဘူး။ အိုမင်းမစွမ်းဆိုတဲ့အချိန်ကို ရောက်လာတဲ့အခါ ဘဝနေညိုချိန်မှာ နားခိုရာအရိပ်အေးတစ်ခုကိုတော့ လိုအပ်ကြစမြဲ ဖြစ်ပါတယ်။ ဒီလိုပါပဲ။ ဦးကြီးဦးလေးဘကြီးဘထွေးတွေအပေါ်၊ ဆရာသမားတွေအပေါ်မှာလည်း ကိုယ်စွမ်းနိုင်သမျှ အရိပ်လေးတွေမိုးပေးနိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ ကိုယ်မိုးပေးတဲ့အရိပ်ဟာ အလွန်အင်မတန် အေးမြတဲ့ အရိပ်အာဝါသကြီးတစ်ခုတော့ ဟုတ်ချင်မှဟုတ်လိမ့်မယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကိုယ်စွမ်းနိုင်သမျှလေးနဲ့တော့ စောင့်ရှောက်မှုတွေပေးနေကြရမှာဖြစ်ပါတယ်။

ကိုယ့်အရိပ်အောက်မှာ ကိုယ့်သားသမီးတွေလုံခြုံနွေးထွေးမှုရှိရဲ့လား၊ အေးမြကြည်လင်မှုရှိနေကြရဲ့လား၊ ကိုယ့်အရိပ်အောက်မှာ ကိုယ့်တပည့်တပန်းတွေ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်နေကြရဲ့လား၊ ကိုယ့်အရိပ်အောက်မှာ ကိုယ့်မိသားစုဝင်တွေ ကြည်လင်ရွှင်ပျနေကြရဲ့လား၊ ကိုယ့်အရိပ်အောက်မှာ ကိုယ့်ပတ်ဝန်းကျင်ကလူတွေသာယာအေးချမ်းနေကြရဲ့လား ဆိုတာကို အမြဲမပြတ် လေ့လာသုံးသပ်ပြီးတော့ ပြုပြင်သင့်တာတွေကို အမြဲမပြတ်ပြုပြင်နေကြရမှာဖြစ်ပါတယ်။

ဆရာက တပည့်အပေါ် မိုးပေးတဲ့အရိပ်၊ ခေါင်းဆောင်က နောက်လိုက်တွေအပေါ် မိုးပေးတဲ့အရိပ်၊ မိဘက သားသမီးအပေါ် မိုးပေးတဲ့အရိပ်၊ တိုင်းပြည်ရဲ့အကြီးအကဲတွေက ပြည်သူပြည်သားတွေအပေါ် မိုးပေးတဲ့အရိပ်၊ ဒီအရိပ်တွေဟာ တကယ့်ကို အေးမြတဲ့ အရိပ်အာဝါသတွေဖြစ်ပါတယ်။ ကိုယ့်ဘဝမှာ ဘယ်သူတွေအတွက် ဘယ်လိုအရိပ်မျိုးတွေပေးခဲ့နိုင်ပြီလဲဆိုတာကို သေသေချာချာ ပြန်လည်စိစစ်ဖို့လိုမှာဖြစ်သလို ကိုယ်ကိုယ်တိုင်ကရော ဘယ်သူတွေရဲ့အရိပ်အောက်မှာ ခိုလှုံနားဝင်ခဲ့ရဖူးသလဲဆိုတာကို ပြန်ပြောင်းအောက်မေ့ပြီး ကိုယ့်အလှည့် ရောက်လာတဲ့အခါ တစ်လှည့်တစ်ဖန်ပြန်လည်ပြီးတော့ အေးရိပ်တွေပေးနိုင်ကြဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။

တချို့ဒေသတွေမှာ လူတော် လူကောင်းတစ်ယောက် မွေးခဲ့ဖွားခဲ့၊ ကြီးပြင်းခဲ့တာနဲ့ကို သူ့ဒေသဟာ သူ့အတွက်နဲ့ အဘက်ဘက်က တိုးတက်မှုတွေရလာတတ်ပါတယ်။ သူမရှိတော့တဲ့အချိန်မှာတောင်မှ သူ့ကိုအကြောင်းပြုပြီးတော့ အဲ့ဒီဒေသတိုးတက်ကြီးပွားရေးအတွက် အထောက်အကူပေးနေပါတယ်။ ဘယ်သူ့ဇာတိမို့လို့၊ ဘယ်လိုသူရဲကောင်းကြီးထွက်ပေါ်ခဲ့တဲ့နေရာမို့၊ ဘယ်လိုအနုပညာရှင်ကြီးပေါ်ထွန်းခဲ့တဲ့နေရာမို့၊ ဘယ်လိုခေါင်းဆောင်ကြီးရဲ့ မွေးရပ်မြေမို့လို့ဆိုပြီး နှောင်းလူတွေကလည်း အလေးအမြတ်ထားနေကြရပါတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ သက်ရှိထင်ရှားရှိစဉ်အချိန်က သူ့နယ်ပယ်အတွက် အေးရိပ်တွေပေးနိုင်ခဲ့ကြသလို ကွယ်လွန်ပြီးနောက် မှာလည်း သူ့ဒေသ၊ သူ့နိုင်ငံအတွက် အရိပ်အာဝါသတွေ ဆက်ပြီးပေးနေနိုင်ပြန်ပါတယ်။

### မကောင်းတဲ့အရိပ်မည်း

ဟုတ်ပြီ။ အရိပ်ဆိုတော့ ကောင်းတဲ့အရိပ်ချည်းပဲရှိသလားလို့ မေးစရာရှိလာပါတယ်။ မဟုတ်သေးပါဘူး။ မကောင်းတဲ့အရိပ်လည်းရှိတတ်ပြန်ပါတယ်။ ကိုယ်က မကောင်းတာ တစ်ခုခုလုပ်လိုက်တယ်။ ဒီမကောင်းမှုရဲ့ ရလဒ်ကို ကိုယ်တစ်ယောက်တည်းသာ ခံရတာမဟုတ်ပါဘူး။ ကိုယ့်လုပ်ရပ်ဆိုးရွားမှု ပြင်းထန်ရင် ပြင်းထန်သလောက် ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်အပေါ်မှာ ရိုက်ခတ်မှုတွေ ကြီးကြီးမားမားဖြစ်သွားတတ်ပါတယ်။ သူကတော့ ခားပြဗိုလ်ဦးဘယ်သူရဲ့သားတဲ့ဆိုတာနဲ့ ကာယကံရှင်က ဘာမကောင်းမှုမှ မလုပ်ရသေးပါဘဲနဲ့ကို နာမည်က ပျက်နေပါပြီ။ ဒီလိုပါပဲ၊ ကိုယ်ပြုလိုက်တဲ့ မကောင်းမှုတစ်ခုဟာ ကိုယ့်မိသားစုမျိုးရိုးစဉ်ဆက်အထိ လိုက်ပါပြီး ဂုဏ်သိက္ခာတွေ ညစ်နွမ်းကြရပါတယ်။ ဒီလိုအရိပ်မျိုးကတော့ ဘယ်သူ့အတွက်မှ မကောင်းတဲ့အတွက်ကြောင့် တတ်နိုင်သမျှ မပြုမိ၊ မပြောမိအောင် ရှောင်ကြဉ်ကြရမှာဖြစ်ပါတယ်။

ကိုယ်ဟာ စွမ်းနိုင်သူမဟုတ်တဲ့အတွက် ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်အတွက် အေးမြတဲ့အရိပ်အာဝါသကို မပေးခဲ့နိုင်ဘူးဆိုရင်တောင်မှ အရိပ်မည်းကြီးတွေ ချန်မထားခဲ့မိအောင်တော့ သတိကြီးကြီးထားပြီး ကြိုးစားရမှာဖြစ်ပါတယ်။

အရိပ်မည်းဆိုတာ ကိုယ့်ပတ်ဝန်းကျင်ကလူတွေ၊ ကိုယ့်မိသားစုဝင်တွေအတွက်သာ မကောင်းကျိုးပေးတာမဟုတ်ပါဘူး။ ကိုယ့်အတွက်လည်း ဘဝတစ်လျှောက်လုံးအခက်အခဲတွေဖြစ်စေပါတယ်။ မသိသားဆိုးရွားတတ်တဲ့ အရွယ်မှာ မလိမ္မာလို့ တစ်ကြိမ်တစ်ခါမှားမိတယ်ဆိုပေမယ့် မှားမိတဲ့အပြစ်က ကြီးမားရင် ကြီးမားသလောက် ဘဝ တစ်လျှောက်လုံး ဒီအရိပ်မည်းကကပ်ပါနေပြီးတော့ ကိုယ့်ရဲ့အောင်မြင်ကြီးပွားတိုးတက်ရေးလမ်းကြောင်းမှာ အဟန့်အတားကြီးတစ်ခုသဖွယ်ရှိနေတတ်ပါတယ်။ အထူးသဖြင့် ကိုယ်ကျူးလွန်လိုက်မိတဲ့ အမှားအယွင်းက အကျင့်စာရိတ္တနဲ့ပတ်သက်နေမယ်ဆိုရင်တော့ ကိုယ်လက်ခံရရှိမယ့်တန်ပြန်သက်ရောက်မှုတွေက တော်တော့်ကို ကြီးမားနေမှာ ဖြစ်ပါတယ်။ တစ်ခါမယုံဆယ်ခါဆိုတဲ့စကားအတိုင်း ကိုယ်တစ်ခါမှားမိတာနဲ့ ဘဝတစ်လျှောက်လုံး ပြန်ပြီး အဖတ်ဆယ်လို့မရတော့တဲ့အရာတွေထဲမှာ စာရိတ္တပိုင်းဆိုင်ရာပြစ်မှုတွေ ပါဝင်နေပါတယ်။

*စာမျက်နှာ ၇ သို့*

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA) နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement– NCA) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပါကြောင်း၊ ဆက်လက်၍ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၂)ဖွဲ့သည် NCA စာချုပ်တွင် ထပ်မံပါဝင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

### လေးလေးနက်နက် အသိအမှတ်ပြု

NCA စာချုပ် ဖြစ်တည်ပေါ်ပေါက်လာသည်မှာ ယခုဆိုလျှင် (၄)နှစ်မြောက်သို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အရေးကြီးလှသည့် သမိုင်းမှတ်တိုင်အဖြစ် လေးလေးနက်နက် အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် (၁)နှစ်မြောက်နှင့် (၂)နှစ်မြောက် NCA နှစ်ပတ်လည်နေ့ အခမ်းအနားတို့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I) တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ (၃)နှစ်မြောက် NCA နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အစိုးရနှင့် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ၁၀ + ၁၀ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

ယခု NCA နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) တွင် ကျင်းပမည်ဖြစ်ပါကြောင်း၊ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀)ဖွဲ့တို့ ပါဝင်လက်မှတ်ရေးထိုးထားသည့် NCA စာချုပ်ဖြစ်သည်နှင့်အညီ နှစ်ဖက်ဘုံပိုင်ဆိုင်သည့်အတွက်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ နေပြည်တော်၌ အောက်တိုဘာ ၂၁ ရက်တွင် အစိုးရကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) က ဖွဲ့စည်း တာဝန်ပေးအပ်ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT) ကိုယ်စားလှယ်တို့သည် NCA နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကိုကျင်းပကာ နှစ်ဖက်လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်သကဲ့သို့ ယနေ့အစည်းအဝေးတွင်လည်း PPWT ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်လာပါကြောင်း။

NCA နှစ်ပတ်လည်နေ့အခမ်းအနားသို့ အစိုးရဘက်မှ အကြီးအကဲများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယခင်က ပါဝင်ဆောင်ရွက်ခဲ့သည့်ခေါင်းဆောင်များ၊ NCA ရေးထိုးနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြသူများ တက်ရောက်ကြမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်ကလည်း ခေါင်းဆောင်များ ပါဝင်တက်ရောက်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် နှစ်ပတ်လည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို အထူးအလေးထား ဆောင်ရွက်ပေးကြရန်ပြောကြားလိုပါကြောင်း။



ဒုတိယဝန်ကြီး ဦးခင်မောင်တင် NCA နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။

သတင်းစဉ်

### ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်

ယခင်ကျင်းပသည့် အခမ်းအနားများမှရရှိခဲ့သည့် အတွေ့အကြုံများ၊ အားသာချက် အားနည်းချက်များကိုအခြေခံပြီး မိမိတို့အနေဖြင့် လစ်ဟာမှုများ မရှိစေရေးကိုလည်း ဂရုပြုဆောင်ရွက်ပေးကြရန် ဖြစ်ပါကြောင်း၊ NCA နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးအတွက် အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ လုံခြုံရေး၊ ပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ဖျော်ဖြေရေးအစီအစဉ်၊ သတင်း/ မှတ်တမ်းတင်ရေး၊ တည်းခိုရေး၊ ဧည့်ခံကျွေးမွေးရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးကြပြီး လိုအပ်ချက်များကို တင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှစ်ပတ် လည်နေ့အခမ်းအနားကျင်းပရေးနှင့် ဖိတ်ကြားရေး ကိစ္စရပ်များ၊ ဖိတ်ကြားမည့်ပုဂ္ဂိုလ်များစာရင်း၊ ဖိတ်ကြားရေးအတွက် တာဝန်ခွဲဝေမှုနှင့် ဖိတ်ကြားစာများ ပြုစုရိုက်နှိပ်ရေးကိစ္စရပ်များ၊ Interpreter နှင့် မိန့်ခွန်းဘာသာပြန်ဆိုရေးကိစ္စရပ်များ၊ ဖျော်ဖြေရေးအစီအစဉ်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တည်းခိုနေထိုင်ရေး၊ သတင်းမှတ်တမ်းနှင့် မီဒီယာကိစ္စရပ်များ၊ အုပ်ချုပ်ထောက်ပံ့ မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အခမ်းအနားပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦးက ဖိတ်ကြားရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်ဇော်ထွန်းအောင်က လုံခြုံရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရီရီနိုင်က ပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ကြိုဆိုနေရာချထားရေး၊ ဖျော်ဖြေရေးနှင့် စပ်လျဉ်း ၍ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းမှတ်တမ်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်က တည်းခိုရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး ဝဏ္ဏအောင်က တပ်မတော်အရာရှိကြီးများ ဖိတ်ကြားရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT)မှ ရဲဘော်ဆန်နီနှင့် နန်းယဉ်ယဉ်စိုးတို့က ၎င်းတို့၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက နိုင်ငံရေးပါတီများ ဖိတ်ကြားရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ကဏ္ဍအလိုက်ဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးဦးခင်မောင်တင်က နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ငြိမ်းချမ်းရေးကော်မရှင်အထောက်အကူပြုအဖွဲ့ဝင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT) မှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

တချို့က တလွဲခံယူထားမိတတ်ကြပါတယ်။ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုပြီးတော့ ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာဘဲဖြစ်ဖြစ် ကိုယ်လုပ်ချင်တဲ့ အရာတစ်ခုကို လုပ်သာလုပ်၊ ပတ်ဝန်းကျင်ဆိုတာ ခဏကြာရင် မေ့သွားကြမှာပဲဆိုပြီး မကောင်းမှန်း သိသိကြီးနဲ့ ကျူးလွန်နေမိတတ်ကြပါတယ်။ စကားပုံကသာ ကဲ့ရဲ့ခုနစ်ရက်လို့ ဆိုတာပါ။ တချို့လုပ်ရပ်ကြီးတွေအတွက် ခုနစ်ရက်သာမက နှစ်ပေါင်းခုနစ်ဆယ်ကျော်သွားတာတောင်မှ မမေ့နိုင် မပျောက်နိုင်ဖြစ်နေတတ်ကြတာကိုကြည့်ခြင်းအားဖြင့် ကိုယ့်လုပ်ရပ်ရဲ့ အကျိုးဆက်ဟာ ခုနစ်ရက်လောက်၊ ခုနစ်လလောက်နဲ့တော့ ပြေပျောက်သွားမှာ မဟုတ်ဘူးဆိုတာကို သတိချပ်သင့်ပါတယ်။

ကိုယ်တည်းဟူသောအကြောင်းကြောင့် ကိုယ်နဲ့တကွ ကိုယ့်မိသားစုဝင်တွေ၊ ကိုယ့်ပတ်ဝန်းကျင်ကလူတွေ ဘယ်လိုအရိပ်မည်းမျိုးမှ မကျရောက်စေရဘူးဆိုတဲ့ ခံယူချက်ကိုတော့ စွဲစွဲမြဲမြဲခံယူထားသင့်ပါတယ်။ ဒီလိုခံယူပြီးတဲ့နောက်မှာ ကောင်းမွန်မြင့်မြတ်တဲ့ အရိပ်ကို ပေးစွမ်းနိုင်သူဖြစ်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

### ကိုယ်စွမ်းနိုင်သမျှလေးနဲ့ စတင်ကြမယ်

ကိုယ်ကိုယ်တိုင်လည်း သူတစ်ပါးရဲ့အရိပ်အောက်မှာ ခိုဝင်ခဲ့ရသူသာဖြစ်ပါတယ်။ ဘယ်သူမှ အမိုးအခိုကင်းကင်းနဲ့ ကြီးပြင်းမလာနိုင်ပါဘူး။ မိဘတွေရဲ့အရိပ်၊ ဆရာသမားတွေရဲ့အရိပ်၊ ဆွေမျိုးညာတိတွေရဲ့အရိပ်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့အရိပ် စသည်အားဖြင့် အရိပ်မျိုးစုံရဲ့အောက်မှာ ခိုလှုံကြီးပြင်းလာရသူတွေဖြစ်ပါတယ်။ အရိပ်နေနေ၊ အခက်ချိုးချိုးဆိုတဲ့စကားလို ဒီအရိပ်တွေအောက်မှာ ကြီးပြင်းလာရသူဖြစ်တဲ့အတွက် အရိပ်ပိုင်ရှင် ကြီးတွေရဲ့ ဂုဏ်သိက္ခာကို မထိပါးမိအောင် ကြိုးစားရမှာဖြစ်ပါတယ်။ သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်းဆိုတဲ့စကားတွေလည်း ရှိတဲ့အတွက် ကိုယ်က မကောင်းတာတစ်ခုခုကိုလုပ်လိုက်မိရင် ကိုယ့်မိဘ၊ ဆရာသမားတွေကိုပါ သွားထိခိုက်တတ်ပါတယ်။ ဒါက အခက်ချိုးမိတာနဲ့အတူတူပါပဲ။ ကိုယ်နားခိုခဲ့ဖူးတဲ့ အရိပ်က အခက်ကို မချိုးမိအောင် သတိထားရသလို ကိုယ့်အရိပ်မှာနားခိုနေတဲ့ တပည့်သားမြေးတွေကိုလည်း အခက်ချိုးတဲ့လုပ်ရပ်မျိုး မကျူးလွန်မိအောင် သွန်သင်ပေးထားရမှာဖြစ်ပါတယ်။

အထူးအားဖြင့်တော့ ကိုယ့်အရိပ်မှာ ဘယ်သူတွေ နားခိုနေပြီလဲ၊ ကိုယ့်ဘဝတစ်လျှောက်မှာ ဘယ်လိုအရိပ်မျိုးတွေ ဖန်တီးပေးထားခဲ့နိုင်ပြီလဲ ဆိုတဲ့အချက်ကို အဖန်တလဲလဲသုံးသပ်ဆင်ခြင်ပြီးတော့ အရိပ်သေးသေးလေးတွေကစပြီး ဖန်တီးပေးနိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ အကြီးကြီးတွေကနေ စစရာမလိုပါဘူး။ လဲနေတဲ့ကလေးလေး တစ်ယောက်ကို ထူပေးလိုက်တာ၊ တွဲဖို့လိုတဲ့သက်ကြီးရွယ်အိုတစ်ယောက်လမ်းလျှောက်ရာမှာ တွဲကူပေးလိုက်တာ၊ ရေဆာနေမယ့်ခရီးသွားတွေအတွက် ရေအိုးစင်ကလေးတစ်ခုတည်ဆောက်ပေးလိုက်တာ၊ ဒီလိုဒီလိုလုပ်ရပ်မျိုးတွေဟာလည်း သေးငယ်တယ်ထင်ရပေမယ့် မသိမ်ငယ်တဲ့အလှတရားတွေဖြစ်ပါတယ်။ ကိုယ်စွမ်းနိုင်သမျှလေးနဲ့ စတင်လိုက်ရာကတစ်ဆင့် တဖြည်းဖြည်းနဲ့ ကြီးမားကျယ်ပြန့်လာနိုင်ပါတယ်။

တချို့လူတွေက အေးမြတဲ့အရိပ်အာဝါသကောင်းတွေဖန်တီးထားခဲ့ကြတယ်။ တချို့တွေကတော့ အရိပ်မည်းကြီးတွေ ထားရစ်ခဲ့ကြတယ်။ ကိုယ်ကိုယ်တိုင်ကကော ဘယ်လိုအရိပ်မျိုးကို ဖန်တီးတည်ဆောက်မလဲဆိုတာစဉ်းစားရမှာဖြစ်ပါတယ်။ ကိုယ့်အရိပ် ဘယ်လိုဖြစ်လာမလဲဆိုတာ ကိုယ့်အပေါ်မှာသာ မူတည်တာဖြစ်ပါတယ်။

ကောင်းမွန်တဲ့အရိပ်လေးတွေ ဖန်တီးပေးနိုင်ကြပါစေ။

### နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဘေးသင့်ဒေသများရှိ ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း




**နေပြည်တော် အောက်တိုဘာ ၂၂**
မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလျက်ရှိသည်။ **(ယာပုံ)**

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

ထိုသို့ လှူဒါန်းလျက်ရှိရာ ဦးအောင်သန်း + ဒေါ်ဌေးဌေး၊ သားဒေါက်တာစည်သူအောင်နှင့်သမီးများ (စွမ်းအားရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း) မိသားစုတို့က ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာစည်သူအောင်နှင့် တပည့်များ (စွမ်းအားရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း၊ ပျဉ်းမနား) တို့က ငွေကျပ် ၂၀၂၂၀၀၀ တို့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အလှူငွေများကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၂**
၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ နောက်ဆက်တွဲ(၃)ဖြင့် တင်ပြထားခဲ့သည့် လုပ်ငန်းစီမံကိန်း ၁၄၉ ခု စာရင်းအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်သည်။

**စီမံကိန်း ၁၄၉ ခု ဆောင်ရွက်ရန်**

သတင်းစာ ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေကြမ်းတင်သွင်းရာ၌ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်း ၁၄၉ ခု စာရင်းကို နောက်ဆက်တွဲ(၃)ဖြင့် တင်ပြထားခဲ့ကြောင်း၊ စီမံကိန်း ၁၄၉ ခုသည် ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်ရှိသော စီမံကိန်းများဖြစ်ပါကြောင်း၊ စီမံကိန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လုပ်ငန်းစီမံကိန်းကြီးများကို အလွယ်တကူ သိရှိနိုင်ရန် အဆင်သင့်ပြုစုရေးဆွဲထားသော စီမံကိန်းများဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစီမံကိန်း ၁၄၉ ခု အနက် အကြိုဆန်းစစ်လေ့လာမှုပြုလုပ်ပြီးသော လုပ်ငန်းစီမံကိန်းများ၊ အသေးစိတ်ကြိုတင်လေ့လာမှုပြုထားပြီးသော စီမံကိန်းများပါရှိကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ နောက်ဆက်တွဲ(၃)သည် တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်ခြင်းမပြုမည့် လုပ်ငန်းစီမံကိန်းများမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များအား ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းစီမံကိန်းများစာရင်းကို ပွင့်လင်းမြင်သာစွာ တင်ပြထားခြင်း ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူများ အနေဖြင့် လုပ်ငန်းစီမံကိန်းကြီးများကို အလွယ်တကူသိရှိနိုင်ရန် အဆင်သင့်ပြုစုရေးဆွဲထားသော စီမံကိန်းများ ဖြစ်ကြောင်း ယနေ့သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**နားလည်မှုလွဲသွားတာဖြစ်**

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက "ရန်ကုန်တိုင်းဒေသကြီးထဲမှာ အကောင်အထည်ဖော်မယ့် စီမံကိန်းအားလုံးကို ဖော်ပြပေးခြင်း ဖြစ်ပါတယ်။ Supporting Document အနေနဲ့ ပြည်သူရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရော အားလုံးသိစေလိုတဲ့ ဆန္ဒတစ်ခုနဲ့ ပူးတွဲ Supporting Document အနေနဲ့ ဖော်ပြပေးခြင်း ဖြစ်ပါတယ်။ အဲဒီလို ဖော်ပြတဲ့နေရာမှာ အဲဒီစီမံကိန်းတွေကို မှတ်တမ်းအဖြစ် ထားရှိလိုက်တယ်ဆိုတဲ့နေရာမှာ သဘောပေါက် နားလည်မှုလွဲသွားတာ ဖြစ်ပါတယ်။ အဲဒီနားလည်မှုက ဘာလဲဆိုတော့ မှတ်တမ်းအဖြစ် ထားရှိလိုက်တဲ့ ဒါတွေကို အကောင်အထည်မဖော်တော့ဘူးလားဆိုပြီး ထင်သွားတဲ့သူတွေလည်း ရှိတယ်။ အဲဒီထဲမှာမှ တချို့ဟာတွေက လုပ်လက်စတွေ ရှိတယ်။ အကြိုဆန်းစစ်လေ့လာမှု ပြုလုပ်ပြီးသော လုပ်ငန်းစီမံကိန်းတွေရှိတယ်။ အသေးစိတ် ကြိုတင်လေ့လာမှုပြုထားတဲ့ စီမံကိန်းတွေရှိတယ်။ ရန်ကုန်တိုင်းဒေသကြီးထဲမှာ လုပ်ဆောင်သင့်တယ်ဆိုတဲ့ ဒေသန္တရစီမံကိန်းဥပဒေရဲ့ အစိတ်အပိုင်းကို Supporting ပေးမယ့် Document အနေနဲ့ ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကို ပူးတွဲ ဖော်ပြပေးထားတယ်ဆိုတာ မှတ်တမ်းတင်ထားတာပါ။ အကောင်အထည်မဖော်တော့ဘူး ဆိုပြီး နားလည်မှုလွဲတာပါ" ဟု ပြောသည်။


၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး မီဒီယာများအား ရှင်းလင်းပြောကြားစဉ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ နောက်ဆက်တွဲ(၃)ဖြင့် တင်ပြထားခဲ့သည့် လုပ်ငန်းစီမံကိန်း ၁၄၉ ခု စာရင်းတွင် Yangon Project Bank မှ စီမံကိန်း ၈၀ အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ၊ ODA (နိုင်ငံခြားချေးငွေ၊ အကူအညီ၊ အထောက်အပံ့ – Loan, Grant, Aid) ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအပြင် PPP စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ကိုဖြိုး**

*✤ ကျောဖုံးမှ*

ထိုသို့ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းရာတွင် ယခင်ရှိရင်းစွဲ မြန်မာနိုင်ငံ ဆန်စက်အသင်းကုမ္ပဏီအား ကုမ္ပဏီလီမိတက်အဖြစ်မှ အများပိုင်အဖြစ် ပြောင်းလဲဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။

"အများပိုင်ဖွဲ့ရတဲ့ ရည်ရွယ်ချက်က ဆန်စက်သမားတွေက ဟိုတစ်စု သည်တစ်စုနဲ့ ရောင်းဝယ်တဲ့နေရာမှာ စုစုစည်းစည်းမရှိဘူး။ ဝယ်ချင်တဲ့သူက များများဝယ်ချင်ရင် ဝယ်လို့မရဘူးပေါ့။ ဈေးကလည်း သူတစ်မျိုး ငါတစ်မျိုးနဲ့ ဖြစ်နေတယ်။ နောက်ပိုင်းမှာဆိုရင် နိုင်ငံတကာက ဆန်စပါးနဲ့ပတ်သက်ပြီး လာရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီတွေ အများကြီး ရှိလာတယ်။ ဒီကုမ္ပဏီတွေက ကျွန်တော်တို့ကို ကျော်သွားရင် ဒီက လုပ်စားနေတဲ့ ဆန်စက်ပိုင်ရှင်တွေ သူများအောက် ရောက်သွားမယ်။ အဲဒီလိုမဖြစ်အောင် ကိုယ့်ဟာကို စုစုစည်းစည်းနဲ့ ပြည်ပသို့ ပို့နိုင်အောင်လုပ်တာပါ" ဟု အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းမည့်အကြောင်းကို ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ရှင်းပြသည်။


မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၏ ၁/၂၀၁၉ အစည်းအဝေး ကျင်းပစဉ်။

ယနေ့ကျင်းပသော မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၏ ၁/၂၀၁၉ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း နာယက ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အမှာစကားများ ပြောကြားခဲ့သည်။

ထို့နောက် အသင်းဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြခြင်း၊ အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ဆန်ပြည်ပတင်ပို့ရောင်းချရေးလုပ်ငန်းတွင် ဆန်စက်လုပ်ငန်းရှင်များ စုပေါင်းပါဝင်လုပ်ကိုင်မည့်အစီအစဉ်ကို ဥက္ကဋ္ဌ ဦးကျော်ဝင်းက ရှင်းလင်းခဲ့ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအသင်းဥက္ကဋ္ဌများက မိမိတို့ဒေသရှိ ဆန်စပါးထွက်ရှိမှု အခြေအနေ၊ ဆန်ဈေး၊ စပါးဈေးအခြေအနေများ၊ ပြဿနာအခက်အခဲများတင်ပြခြင်းနှင့် တာဝန်ရှိသူများက ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – ထိန်လင်း**

*❍ ကျောဖုံးမှ*

ပြည့်လျှံအောင် (ရတနာပုံ)၊ ပြည့်ဖြိုးအောင် (Southern) ၊ **နောက်တန်း**–ဇော်မင်းထွန်း (ချောင်ဘူရီ)၊ စိုးမိုးကျော်၊ ဇော်လင်း၊ ဇော်ဝင်း၊ ကျော်ဇင်လွင် (ရောဝတီ)၊ ငြိမ်းချမ်း (ရခိုင်)၊ ဇော်ရဲထွန်း၊ သိန်းသန်းဝင်း (ရတနာပုံ)၊ ပြည့်ဖြိုးဇော် (ရန်ကုန်)၊ ဒေးဗစ်ဒန်း၊ နန္ဒကျော် (ရှမ်း)၊ **အလယ်တန်း**–ရန်နိုင်ဦး၊ ဆွမ်လမန် (ရှမ်း)၊ ရန်အောင်ကျော်၊ ငြိမ်းချမ်းအောင်၊ ကြည်လင်း၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်ပိုင်စိုး၊ တင်ဝင်းအောင် (ရောဝတီ)၊ သန်းဇော်မျိုး (Southern)၊ လှိုင်းဘိုဘို၊ စည်သူအောင်၊ မျိုးကိုထွန်း (ရတနာပုံ)၊ သန်းထက်အောင် (ဆာမတ်ဆာခွန်)၊ **ရှေ့တန်း**–ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ (မြောင်တောင်)၊ ဝင်းနိုင်စိုး (ရတနာပုံ)၊ ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ် (ရှမ်း)၊ သန်းပိုင် (ရန်ကုန်)၊ ကောင်းစည်သူ (Southern) တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

*◆ ကျောဖုံးမှ*

၁၃၊ ၂၄ မိနစ်တွင် ကိုကိုလွင်၊ ၂၁၊ ၄၀ မိနစ်တွင် လှိုင်မင်းထွန်းတို့က နှစ်ဂိုးစီ သွင်းယူပြီး ကျန်အနိုင်ဂိုးများကို ၆ မိနစ်တွင် ငြိမ်းမင်းစိုး၊ ၂၆ မိနစ်တွင် နိုင်ရဲကျော်၊ ၂၇ မိနစ်တွင် ဝေဇင်ဦး၊ ၂၉ မိနစ်တွင် ပြည့်ဖြိုးမောင်-၂ တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ ဒုတိယနေ့အပြီးတွင် အုပ်စု(က)၌ ထိုင်းနှင့် မြန်မာအသင်းက ခြောက်မှတ်စီဖြင့် ဆီမီးဖိုင်နယ်တက်သွားပြီး ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စု(ခ)တွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းက လေးမှတ်စီ၊ ဩစတြေးလျအသင်းက သုံးမှတ်ရထားပြီး မလေးရှားအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၂၃ ရက် **(ယနေ့)** မြန်မာစံတော်ချိန် နံနက် ၁၁ နာရီတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## 2020 Year of ASEAN Identity Logo Design Competition for ASEAN Youths တွင် အသုံးပြုမည့် Logo အတွက် ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် (၂၀၂၀)ပြည့်နှစ်အား အာဆီယံပြည်သူများအကြား အာဆီယံ၏သွင်ပြင်လက္ခဏာကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး အားပေးမြှင့်တင်သည့် အထိမ်းအမှတ်နှစ်အဖြစ် သတ်မှတ်ပြီး လူငယ်များ၏တီထွင်ဖန်တီးမှု ပေါ်လွင်ထင်ဟပ်စေမည့် 2020 Year of ASEAN Identity Logo Design Competition for ASEAN Youths ပြိုင်ပွဲအား ဒီဇိုင်းပညာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အသိပေးထုတ်ပြန်ထားပါသည်။

၂။ အဆိုပါ Logo ဒီဇိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့်–

(က) ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် အသက် ၁၈နှစ်ပြည့်ပြီး ၃၅ နှစ်ထက် မကျော်လွန်သူများ ဖြစ်ရမည်၊

(ခ) ပြိုင်ပွဲဝင်တစ်ဦးလျှင် Logo (၂)ခုထက်ပို၍ ယှဉ်ပြိုင်ခြင်းမပြုရ၊

(ဂ) အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများ၊ အရာထမ်းများနှင့် ယင်းတို့၏ မိသားစုဝင်များ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရ၊

(ဃ) လျှောက်လွှာတွင် ကိုယ်ပိုင်တီထွင်ဖန်တီးထားသည့် logo ဒီဇိုင်းနှင့်အတူ စာလုံးရေ (၅၀)ထက်မပိုသည့် logo အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တစ်ပါတည်းပူးတွဲတင်ပြရပါမည်၊

(င) logo ဒီဇိုင်းမှာ JPEG format ဖြင့် အနည်းဆုံး 2cm ပတ်လည်ဖြစ်ရပါမည်၊

၃။ ယှဉ်ပြိုင်မည့် Logo များထဲမှ Winner ရရှိသူအား ယူရို 2,000၊ 1st Runner Up ရရှိသူအား ယူရို 1,000 နှင့် 2nd Runner Up ရရှိသူအား ယူရို 500 အသီးသီး ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်လျှောက်လွှာများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.asean.org တွင် 2020 Year of ASEAN Identity Logo Design Competition for Youths ဟု ရှာဖွေရယူနိုင်ပြီး sofiany@asean.org သို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့ နောက်ဆုံးထား၍ အီးမေးလ်ပေးပို့ရမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူများအား အာဆီယံ၏တရားဝင် Facebook Page တွင် လည်းကောင်း၊ ASEAN Committee on Culture and Information (ASEAN–COCI) Facebook Page တွင်လည်းကောင်း ကြေညာပေးသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအား အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ တရားဝင်အင်တာနက်စာမျက်နှာဖြစ်သည့် www.asean.org တွင် 2020 Year of ASEAN Identity Logo Design Competition ဟု ရိုက်နှိပ်၍ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးထုတ်ပြန်ထားပါသည်။




## ရုပ်ရှင်သရုပ်ဆောင်ပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

ရုပ်ရှင် သရုပ်ဆောင်ပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ သင်တန်းခန်းမ၌ ကျင်းပရာ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ယာပုံ)**



ထို့နောက် International Holly Wood Acting Trainer Mr. Thierry Bleu က နိုင်ငံတကာ ရုပ်ရှင်အနုပညာဘာသာရပ်များအနက် သရုပ်ဆောင်ဘာသာရပ်အတွက် Method acting ၏ အရေးပါမှု အချက်အလက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ Script Class ၊ Reflexion နှင့် Laurel Art မှ သင်တန်းသားများက အပြန်အလှန် မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

## “Now & Ever” ရုပ်ရှင်ကား Red Carpet Show ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၂**

“Now & Ever” ရုပ်ရှင်ကားကို အောက်တိုဘာ ၂၁ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ရုပ်ရှင်ဇာတ်ကားအထူးပွဲ Red Carpet Show ပြသခဲ့သည်။


သရုပ်ဆောင် ဇာ်ခီ

“Now & Ever” ရုပ်ရှင်ဇာတ်ကားကို Central Base Productions ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ကာ ဇာတ်လမ်းနှင့်ဇာတ်ညွှန်း ဇာ်ခီက ရေးသား၍ ဒါရိုက်တာ ခရစ္စတီးနားခီက ရိုက်ကူးပုံဖော်ပြီး သရုပ်ဆောင် ဇာ်ခီ၊ ပိုင်ဖြိုးသုနှင့် သရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးထားကြောင်း သိရသည်။


ဒါရိုက်တာ ခရစ္စတီးနားခီ

“Now & Ever” ရုပ်ရှင်ဇာတ်ကားတွင် ဝတ်မှုန်သည် စိတ်နုနယ်စဉ်တုန်းက ဖြစ်ခဲ့သော Trauma တစ်ခုကြောင့် စိတ်ကျန်းမာရေးအတွက် အကူအညီယူနေရပြီး Psychologist ဖြစ်သည့် သီဟနှင့်ချစ်မိကာ လက်ထပ်ခဲ့ကြသည်။ ကံကြမ္မာက သီဟနှင့် ဝတ်မှုန်တို့ကို မျက်နှာသာမပေး၊ အချစ်အတွက် အခက်အခဲများကို ဘယ်လိုရင်ဆိုင် ကျော်ဖြတ်မည်၊ ဝဋ်ကြွေး၏ ရိုက်နှက်ချက်များကို သူတို့၏အချစ်တွေ ကြံ့ကြံ့ခံနိုင်ပါ့မလားဆိုသည့် ချစ်သူနှစ်ဦး၏ဘဝကို ပုံဖော်ရိုက်ကူးထားသော ဒရာမာဇာတ်လမ်းအမျိုးအစား ဖြစ်သည်။


သရုပ်ဆောင် ပိုင်ဖြိုးသု

“Now & Ever” ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၃၁ ရက်တွင် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသမည်ဖြစ်ပြီး စင်ကာပူ၊ ထိုင်း၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံများတွင်လည်း ပြသရန်စီစဉ်ထားကြောင်း ဇာ်ခီထံမှ သိရသည်။ **ဝင်းသက်မင်း**


## ကန်းရုပ်ရှင်ပွဲတော်တွင် ဆုရရုပ်ရှင်ဇာတ်ကား “WINTER SLEEP” ကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ဒါရိုက်တာ Nuri Bilge Ceylan ၏ လက်ရာကောင်းတစ်ခုဖြစ်သော “WINTER SLEEP” ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှု အစီအစဉ် ပြုလုပ်မည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၈)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းအမျိုးအစားမှာ Turkey Drama Film ဖြစ်ပြီး Anton Chekov ၏ “The Wife” ဝတ္ထုတိုနှင့် Fyodor Destoyevsky ၏ ကာရာမာဇော့ညီအစ်ကိုများဝတ္ထုမှ တစ်စိတ်တစ်ပိုင်းကို မှီငြမ်းထားကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ Aydin ဆိုသည့် သရုပ်ဆောင်ဟောင်းတစ်ယောက်နှင့် Anatolia အလယ်ပိုင်းဒေသမှ ငယ်ရွယ်သောဇနီး Nihal ဆိုသူတို့ ဟိုတယ်တစ်ခုဖွင့်လှစ်ပြီး အတူနေထိုင်လျက်ရှိရာမှ ဆက်ဆံရေးမပြေလည်မှု၊ တူရကီနိုင်ငံ၏ ဆင်းရဲမှုနှင့် ချမ်းသာမှု၊ အာဏာရှိသူနှင့် အာဏာမဲ့သူတို့အကြား အဆင့်အတန်းကွာခြားမှုတို့ကို ဖော်ထုတ်ထားသော ရုပ်ရှင်ဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ်က ကန်းရုပ်ရှင်ပွဲတော်တွင် Palme d” Or ဆုရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ပြင်ဆင် ဖတ်ရှုပါရန်

၂၂-၁၀-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြပါရှိသည့် ထာဝရလှုပနေဦးမည့် ချယ်ရီမြေ ဂျပန် ဆောင်းပါးအဆက် စာမျက်နှာ ၁၁ ကော်လံ ၁ တတိယအပိုဒ်တွင် ဖော်ပြထားသည့် နိုင်ငံအကျယ်အဝန်းမှာ မြန်မာနိုင်ငံ၏ အကျယ်အဝန်းအောက် စတုရန်းမိုင် နှစ်သောင်းကျော်ခန့် လျော့နည်းသေးငယ်ပြီး ဆိုသည့် စာသားအစား **စတုရန်းမိုင် တစ်သိန်းနှစ်သောင်းကျော်ခန့် လျော့နည်းသေးငယ်ပြီး** ဟု ပြင်ဆင်ဖတ်ရှုပါရန် လေးစားစွာ အနူးအညွတ် တောင်းပန်အပ်ပါသည်။

**စာရေးသူ**

*ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရပြီး သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန် အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့ တင်ပြခြင်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် -*

*(စာတည်းအဖွဲ့)*

# ဗဟိုဘဏ်နဲ့ အပြန်အလှန်ဆက်သွယ်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ဘဏ်တွေကို ထိန်းကျောင်းနေတဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နေပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်

**နန္ဒာဝင်း**

### ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

**ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ် ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို စတင်ဖွဲ့စည်းခဲ့သည်။**



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်နှင့် ဦးတင်ထွန်းနိုင်။

ကော်မတီသည် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရပြီး သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန် အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်ဖြစ်သည်။

ကော်မတီသည် The Money Lenders Act,1945 (Myanmar Act 27,1945,Vol.X) ဗိုလ်ချုပ်ရန်ပုံငွေ အက်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ (International Monetary Fund and Bank) အက်ဥပဒေ၊ ၁၉၅၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း သဘောတူစာချုပ် အက်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကြီးပွားရေးအဖွဲ့ ဥပဒေ၊ ၁၉၇၃ ခုနှစ် အာရှဖွံ့ဖြိုးရေးဘဏ်ဥပဒေ၊ ငွေစုဘဏ်လုပ်ငန်း ဥပဒေ၊ မြန်မာ့အာမခံဥပဒေ၊ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သော အသုံးစရိတ်ဆိုင်ရာ အထူးရန်ပုံငွေဥပဒေ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ စသည့် ဥပဒေများကို တာဝန်ယူဆောင်ရွက်ရသည်။

ထို့ပြင် တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရသည်။ ထို့အတူ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိရာ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါ်ခင်စန်းလှိုင်**
**ပုလဲမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်**
**ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ**

နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဘဏ်လုပ်ငန်းတွေ အပေါ်မှာ တည်မှီနေပါတယ်။ ပြည်သူ့လွှတ်တော်ရော အမျိုးသားလွှတ်တော်ပါ လွှတ်တော်နှစ်ရပ်ပေါင်းမှာမှ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တစ်ခုတည်း ရှိပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နဲ့ အပြန်အလှန်ဆက်သွယ်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ဘဏ်တွေကို ထိန်းကျောင်းနေတဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နေပါတယ်။

တိုင်းပြည်စီးပွားရေး အတက်အကျဟာ ဘဏ်တွေရဲ့အပေါ်မှာ တည်မှီနေပါတယ်။ ဘဏ်တွေရဲ့ ငွေကြေးစနစ်တည်ငြိမ်မှု၊ ဘဏ်တွေရဲ့လုပ်ငန်းတွေ ကောင်းမွန်မှသာ ပြည်သူလူထုတွေက ဘဏ်တွေရဲ့အပေါ်မှာ ယုံကြည်လာမယ်။ အဲဒီတော့မှ ဘဏ်တွေရဲ့လုပ်ငန်းတွေက ပိုပြီးကောင်းမွန်လာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံအတွက်ပဲ ဖြစ်ဖြစ်၊ တိုင်းပြည်အားလုံးပဲဖြစ်ဖြစ် ဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်ပါတယ်။

ကျွန်မတို့ ကော်မတီအနေနဲ့အတတ်နိုင်ဆုံး ငွေကြေးဈေးကွက်ကို တည်ငြိမ်အောင် ဆောင်ရွက်နေပါတယ်။ မကြာခင်ကပဲ ရွှေဈေးကိစ္စ၊ ဒေါ်လာငွေကြေးကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေကြားထဲမှာ ဘဏ်တွေ ပြိုကွဲသွားတော့မှာလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေလည်း ရှိလာပါတယ်။

ဒီကိစ္စတွေနဲ့ပတ်သက်ရင်လည်း ဗဟိုဘဏ်စကားတွေပေးပြီး ဖြစ်ပါတယ်။

ဖြစ်ပေါ်လာတဲ့ ကောလာဟလတွေကြားမှာ ပြည်သူတွေက ဘဏ်ကငွေတွေ ထုတ်တယ်၊ ရွှေတွေဝယ်တယ်။ ရွှေဈေးတွေ ပြန်ကျသွားတဲ့အခါ ပြည်သူတွေ ဆုံးရှုံးနစ်နာမှုတွေ ရှိလာတယ်။ နောက်ပြီး ဒေါ်လာတွေ ဝယ်စုတယ်။ ဒေါ်လာဈေးတွေ ကျသွားတယ်။ ပြည်သူတွေရဲ့ ငွေကြေးတွေ ဆုံးရှုံးမှုတွေဖြစ်ရတယ်။ ဒါကိုလည်း ကျွန်မတို့ လွှတ်တော်ဘက်ဆိုင်ရာက ပြည်သူလူထုတွေကို အသိပေးခဲ့တာတွေလည်း ရှိပါတယ်။

ဒီလိုတွေ ဘာကြောင့်ဖြစ်ရသလဲဆိုရင် ကျွန်မတို့ ဥပဒေနဲ့ ထိထိရောက်ရောက် အရေးမယူနိုင်ခြင်းက အဓိကဖြစ်တယ်လို့ ကျွန်မတို့ ဒီလိုနားလည် လက်ခံပါတယ်။ ကျွန်မတို့နိုင်ငံမှာ မဏ္ဍိုင်သုံးရပ် ရှိပါတယ်။ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဆိုတဲ့ မဏ္ဍိုင်သုံးရပ်မှာ ကျွန်မတို့လွှတ်တော်က ဥပဒေပြုရေးမဏ္ဍိုင် ဖြစ်ပါတယ်။ လွှတ်တော်ကနေ ဥပဒေကောင်းတွေ ရေးဆွဲရမယ်။ ပြင်ဆင်သင့်တာ၊ ဖြည့်စွက်သင့်တာ ဒါတွေဟာ လွှတ်တော်က ဆောင်ရွက်ရမယ့်အပိုင်း ဖြစ်ပါတယ်။

**နိုင်ငံခြားငွေကြေးစီမံခန့်ခွဲမှုဥပဒေ ပြဋ္ဌာန်းနိုင်အောင် ကြိုးစားနေ**

ကျွန်မတို့ ကော်မတီအနေနဲ့ ဒီလိုဥပဒေတွေနဲ့ ထိထိရောက်ရောက် အရေးယူနိုင်ဖို့ကို ဥပဒေကောင်းတွေ ရေးဆွဲဖို့အတွက် ကျွန်မတို့



ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင် ဦးဆောင်သောအဖွဲ့နှင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းဝင်များ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ခန်းမ၌ ၂၀၁၈ ခုနှစ် ဇွန် ၉ ရက်က တွေ့ဆုံကြစဉ်။

နဲ့ ကျွန်မတို့ကော်မတီဟာ အကြိမ်ကြိမ်တွေ့ဆုံပြီး ဗဟိုဘဏ်ကို မေးမြန်းတာတွေ၊ ဗဟိုဘဏ်ဘက်က ကျွန်မတို့ကို ပြန်လည်ရှင်းပြတာတွေ ရှိတယ်။ ကျွန်မတို့ ကော်မတီကလည်း လွှတ်တော်အတွင်းက ကော်မတီရဲ့ တာဝန်တစ်ရပ်အနေနဲ့ ပြည်သူလူထုအနေနဲ့ ဘဏ်တွေ၊ ရွှေဈေးတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေ မရှိစေဖို့ ဘဏ်တွေ မပြိုကွဲအောင်၊ တည့်မတ်အောင် လွှတ်တော်ဘက်က ဗဟိုဘဏ်နဲ့ အတူတူ ဆက်သွယ်ဆောင်ရွက်နေပါတယ်ဆိုတဲ့ အကြောင်းကို ပြည်သူလူထုကိုလည်း သတင်းမှာ တာဝန်ရှိပါတယ်။ အဲဒီအတွက် နိုင်ငံတော်ရဲ့ ရွှေဈေး၊ ငွေဈေး၊ ပြည်သူလူထုတွေရဲ့ဘဏ်တွေနဲ့ပတ်သက်တဲ့ စိုးရိမ်ပူပန်မှုတွေကို လျှော့ချနိုင်ဖို့ ဥပဒေတွေ ကျွန်မတို့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ နိုင်ငံခြား ငွေကြေးစီမံခန့်ခွဲတဲ့ ဥပဒေဟာလည်း တိုင်းပြည်အတွက် အခုအချိန်မှာ လိုအပ်နေတာ ဖြစ်ပါတယ်။ အဲဒီအတွက် မကြာခင်မှာ ဒီဥပဒေကို အလျင်အမြန် ပြဋ္ဌာန်းနိုင်အောင် ကျွန်မတို့ ကော်မတီအနေနဲ့ ကြိုးစားနေပါတယ်။

ကျွန်မတို့ ကော်မတီအနေနဲ့ (Westminster Foundation for Democracy-WFD) နဲ့ ပူးပေါင်းပြီး ဥပဒေပြုပြီးနောက်မှာ ပြန်လည်စိစစ်ခြင်း Post-Legislative Scrutiny (PLS) ကို ဆောင်ရွက်နေပါတယ်။ အသေးစားငွေရေးကြေးရေးဥပဒေကို ကျွန်မတို့ တင်သွင်းနိုင်ခဲ့ပြီးဖြစ်တဲ့အတွက် မကြာခင်မှာ လွှတ်တော်က အသေးစားငွေရေးကြေးရေးလုပ်ငန်းတွေကို ဘယ်လိုစီစဉ် ဆောင်ရွက်ကြမလဲ၊ ဘယ်လိုကြပ်မတ်ကြမလဲ၊ အသေးစားငွေချေးလုပ်ငန်းတွေကိုဆောင်ရွက်နေတဲ့ ဒီလိုအဖွဲ့အစည်းတွေကို ဒီဥပဒေနဲ့ ဘယ်လိုထိန်းကျောင်းမလဲ။

**“တိုင်းပြည်စီးပွားရေး အတက်အကျဟာ ဘဏ်တွေရဲ့ အပေါ်မှာ တည်မှီနေပါတယ်။ ဘဏ်တွေရဲ့ ငွေကြေးစနစ် တည်ငြိမ်မှု၊ ဘဏ်တွေရဲ့လုပ်ငန်းတွေ ကောင်းမွန်မှသာ ပြည်သူလူထုတွေက ဘဏ်တွေရဲ့အပေါ်မှာ ယုံကြည်လာမယ်။ အဲဒီတော့မှ ဘဏ်တွေရဲ့လုပ်ငန်းတွေက ပိုပြီး ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံအတွက်ပဲဖြစ်ဖြစ်၊ တိုင်းပြည်အားလုံးပဲဖြစ်ဖြစ် ဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်ပါတယ်”**

ငွေချေးယူနေတဲ့ပြည်သူလူထုတွကို ဘယ်လို သက်သာချောင်ချိအောင် ဆောင်ရွက်ပေးနိုင်မလဲ စတဲ့အသေးစိတ်တွေ ပါဝင်တဲ့ ဥပဒေတစ်ခုကိုကျွန်မတို့ ပြဋ္ဌာန်းနိုင်တော့မှာ ဖြစ်ပါတယ်။

ဒီဥပဒေပြဋ္ဌာန်းပြီးသွားရင် အသေးစားငွေချေးလုပ်ငန်းတွေကို အမှီအခိုပြုနေရတဲ့ ပြည်သူလူထုတွေ ပိုပြီး ဥပဒေအကာအကွယ် ရလာမယ်။ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံထားတဲ့ အသေးစား ငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီတွေကလည်း ဥပဒေနဲ့အတူ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်လာမှာ ဖြစ်ပါတယ်။

နိုင်ငံခြားငွေကြေးစီမံခန့်ခွဲတဲ့ ဥပဒေ ပြဋ္ဌာန်းနိုင်ရင် အခုဈေးကွက်အတွင်းမှာ ဒေါ်လာဈေးကစားနေတာ၊ ရွှေဈေးကစားနေတာတွေကို ဒီဥပဒေနဲ့ ထိထိရောက်ရောက် အရေးယူလာနိုင်မယ်။ အခုလောလောဆယ်ရှိနေတဲ့ ဥပဒေက စည်းနှောင်အားနည်းတဲ့အတွက် အခုလို ဈေးကစားတဲ့သူတွေကို ကျွန်မတို့က ထိထိရောက်ရောက် အရေးမယူနိုင်ပါဘူး။ အဲဒါကြောင့် ထိထိရောက်ရောက်အရေးယူနိုင်တဲ့ ပုဒ်မတွေပါတဲ့ ဥပဒေတစ်ခုကို ပြဋ္ဌာန်းနိုင်ရင်တော့ အခုဖြစ်ပေါ်နေတဲ့ ငွေကြေးဈေးကွက်တွေ၊ ရွှေဈေးကွက်တွေကို ဒီဥပဒေနဲ့ ထိန်းကျောင်းနိုင်လိမ့်မယ်၊ အရေးယူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ***စာမျက်နှာ ၁၁ သို့***

*စာမျက်နှာ ၁၀ မှ*

ကျွန်မတို့ ကော်မတီက ဆောင်ရွက်နေရတဲ့ လုပ်ငန်းတွေထဲမှာ အရေးအကြီးဆုံးက လွှတ်တော်သည် ဥပဒေပြုရေးကို ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်မတို့က ဥပဒေလည်း ပြုရသလို မြန်မာနိုင်ငံ ငွေရေးကြေးရေးဖြစ်တဲ့ ဘတ်ဂျက်တွေ စိစစ်တဲ့နေရာမှာလည်း နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရတာတွေ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အနယ်နယ်အရပ်ရပ်က ရလာတဲ့ငွေတွေကို တိုင်းပြည်အတွက် ပြန်လည်သုံးစွဲရတဲ့ အပိုင်းမှာ ဘတ်ဂျက်က အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ ကော်မတီအနေနဲ့ နှစ်စဉ်ဘတ်ဂျက် စိစစ်တဲ့အခါ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့ ဖြ မှာ ကျွန်မက ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ရတာ ရှိပါတယ်။

## နိုင်ငံတော်၏စီမံကိန်းတွေ အရအသုံးတွေကို စိစစ်ရ

၂၀၁၅ ခုနှစ်က စတင်ပြီး နှစ်စဉ် ဆက်တိုက် ဘတ်ဂျက်တွေစစ်လာရတယ်။ နိုင်ငံတော်ရဲ့ စီမံကိန်းတွေ၊ အရအသုံးတွေစစ်ရတယ်။ အဲဒီလို စိစစ်ရတဲ့အခါ ဒီနှစ်တော့ ကျွန်မတို့ကော်မတီက ဘတ်ဂျက်ရဲ့ အသုံးတင်မဟုတ်ဘူး၊ အရပိုင်းဆိုင်ရာတွေကိုပါရရှိအောင်နိုင်ငံတော်ရဲ့ ရငွေပိုင်းကိုပါ တိုးတက်အောင် ဆောင်ရွက်ရတာတွေရှိပါတယ်။ ကျွန်မတို့ဟာ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ဆောင်ရွက်လိုက်တဲ့အတွက် ၂၀၂၀ ပြည့်နှစ်မတိုင်ခင်မှာ မြန်မာကျပ်ငွေ ဘီလီယံ ၁၀၀ လောက် ရရှိနိုင်ဖို့ကို မျှော်မှန်းဆောင်ရွက်နေပါတယ်။ အခုလောလောဆယ်မှာတော့ တံဆိပ်ခေါင်းရောင်းရငွေ ဘီလီယံ ၃၀ ရရှိနေပြီး ဒီနှစ်ရဲ့ ဘတ်ဂျက်ထဲမှာ ဘီလီယံ ၁၀၀ လောက် ထည့်သွင်းလျာထားနိုင်ခဲ့ပါတယ်။

လွှတ်တော်မှာ ဘတ်ဂျက်ကိုစစ်ဆေးတဲ့အခါ အသုံးတင်မဟုတ်ဘဲ နိုင်ငံတော်အတွက် ရနိုင်တဲ့နေရာတွေကလည်း အရကိုပါ ဘတ်ဂျက်စစ်ဆေးတဲ့ ကော်မတီအသီးသီးက စစ်ဆေးဆောင်ရွက်ဖို့လိုပါတယ်။ဒီနှစ်အတွက် ကျွန်မတို့ကော်မတီအနေနဲ့ ဆောင်ရွက်ချက်အရ ကျွန်မတို့ တော်တော်လေး ဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ အသုံးတွေများနေပြီး နှစ်စဉ်လို ငွေပြ ဘက်ဂျက်ပဲ တိုင်းပြည်က ဖြစ်နေတဲ့အတွက် အရတွေရှိလာတာကိုတော့ အင်မတန် ဝမ်းသာဂုဏ်ယူရပါတယ်။ နောက်ထပ်လည်း ဆောင်ရွက်နိုင်တဲ့နေရာတွေက အခြားဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး နိုင်ငံတော်အတွက် ငွေကြေးတွေ ရနိုင်မယ့် လုပ်ငန်းတွေကို ဆက်လက်ပြီး ဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ထားပါတယ်။

ကျွန်မတို့တွေဟာ ပြည်သူလူထုတွေက ရွေးချယ်တင်မြှောက်လိုက်တဲ့အတွက် လွှတ်တော်အတွင်း ရောက်ရှိလာပြီး ပြည်သူလူထုရဲ့ကိုယ်စား တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတွေ မျှော်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်ကို သွားနိုင်ရေးအတွက်ကို စွမ်းစွမ်းတမံ ဆောင်ရွက်နေပါတယ်။ လိုအပ်ရင်လိုအပ်သလို ပြည်သူလူထုရဲ့ ကိုယ်စား မားမားမတ်မတ်ရပ်တည်ပြီး လွှတ်တော်ကြီးထဲက ဆောင်ရွက်နေပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ အစိုးရနဲ့အတူ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍက ပူးပေါင်းဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူလူထုတွေကလည်း စိတ်ချ ယုံကြည်စေချင်တယ်ဆိုတာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေကိုရော၊ ကျွန်မရဲ့ မဲဆန္ဒနယ်က ပြည်သူတွေကိုရော သတင်းစကားပါးချင်ပါတယ်။



ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင် ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်၌ အသေးစားချေးငွေ ရယူသူများအား ၂၀၁၈ ခုနှစ် ဇွန် ၃ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

## ဦးတင်ထွန်းနိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး

ကျွန်တော်တို့ကော်မတီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွေကို Focal Committee အနေနဲ့ ထိန်းကျောင်းစိစစ်ရပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဆိုရင်လည်း ဗဟိုဘဏ်နဲ့ ပတ်သက်တဲ့ ဆောင်ရွက်ချက်တွေ၊ ညှိနှိုင်းစရာရှိတဲ့ ကိစ္စရပ်တွေကို အချိန်နဲ့တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မကြာသေးခင်က ဖြစ်ခဲ့တဲ့ ဘဏ်များနဲ့ ပတ်သက်တဲ့ ကောလာဟလတွေ၊ ပြည်သူကြားထဲမှာဖြစ်ခဲ့တဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို ပြေပျောက်ဖို့ ဗဟိုဘဏ်ဥက္ကဋ္ဌအပါအဝင် တာဝန်ရှိသူတွေနဲ့ သွားရောက်တွေ့ဆုံပြီး တိုင်ပင်ဆွေးနွေး အဖြေရှာဆောင်ရွက်ပါတယ်။

နောက်တစ်ခုကတော့ လွှတ်တော်က နှစ်စဉ်ပြဋ္ဌာန်းပေးနေတဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ အများကတော့ ဘတ်ဂျက်ဥပဒေကြမ်းလို့ သိထားပါတယ်။ အဲဒီ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့ရဲ့ အသုံးစရိတ်နဲ့ ရငွေ၊ သုံးငွေတွေကို စိစစ်ရပါတယ်။ ဘတ်ဂျက်ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က စနစ်လေးတစ်ခု ချမှတ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ အခုတာဝန်ယူရတဲ့ ကာလမှာ မူဝါဒတွေကို နောင်ဆက်လက်တာဝန်ယူမယ့်သူတွေထံ လုပ်ထုံးလုပ်နည်း စံနှုန်းလေးတစ်ခု ချပေးခြင်းအားဖြင့် ၂၀၂၀ နဲ့ ၂၀၂၅ ခုနှစ်မှာ ဒီကော်မတီကို တာဝန်ယူမယ့်သူတွေအနေနဲ့ ဒီမူဝါဒအပေါ်အခြေခံပြီး အလွယ်တကူ စိစစ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခြေခံအုတ်မြစ်တည်ဆောက်ပေးခဲ့တဲ့ အနေအထားတစ်ခုပါ။

### ဥပဒေရဲ့အားနည်းချက်၊ အားသာချက်များကိုလည်း စိစစ်ပေး

နောက်တစ်ခုက ကျွန်တော်တို့ကော်မတီက ပြင်ဆင်ပြောင်းလဲ အသစ်ရေးဆွဲ ဖြည့်စွက်ဖို့ ရှိတဲ့ ဥပဒေတွေထဲမှာ ၂၀၁၁ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေဆိုတာပါတယ်။ ဒါက ခေတ်ကာလနဲ့လည်း မလျော်ညီတော့ဘူး။ အသေးစားငွေကြေးလုပ်ငန်းတွေက ကျွန်တော်တို့ တိုင်းပြည်ထဲမှာ အတော်အရှိန်အဟုန်နဲ့ ဖြစ်ထွန်းပေါ်ပေါက်လာတာ သတိထားမိတယ်။ သူနဲ့ပတ်သက်တဲ့အသင်းဝင်တွေသည် အသေးစားငွေကြေးအဖွဲ့အစည်းတွေက ချေးငွေရယူပြီး ဆောင်ရွက်နေတယ်။ အဲဒီဝင်ငွေနဲ့ ရပ်တည်နေတဲ့ ကျွန်တော်တို့ ပြည်သူလူထုတွေကလည်း အခုဆို နှစ်သန်းကျော်၊ သုံးသန်းနီးပါးရှိတယ်။ ဒီပြည်သူလူထုတွေအတွက် လိုအပ်တဲ့ ငွေပင်ငွေရင်းကို ဥပဒေပါကိစ္စရပ်တွေအတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဒီဥပဒေကို ပြန်လည်တွေနဲ့လည်းတွေ့တယ်။ အဖွဲ့အစည်းတွေက ပိုက်ဆံချေးယူပြီး လုပ်ငန်းလုပ်ကိုင်နေကြတဲ့ အသင်းဝင်တွေနဲ့လည်း ကျွန်တော်တို့ ရင်းရင်းနှီးနှီး လွတ်လွတ်လပ်လပ် တွေ့ဆုံဆွေးနွေးတယ်။ မေးမြန်းတယ်။ သူတို့ရဲ့ တင်ပြချက်တွေကို အသိအမှတ်ပြု နားထောင်တယ်။ တစ်ပြိုင်နက်တည်းမှာ ပါဝင်ပတ်သက်နေတဲ့ Stakeholders တွေ၊ ချေးငွေထုတ်ပေးတဲ့ ဆောင်ရွက်နေတာတွေလည်း ရှိပါတယ်။

ဂျာမနီနိုင်ငံက GIZ အကူအညီနဲ့ မြန်မာ့အာမခံဥပဒေကိုလည်း လေ့လာနေပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ အဓိက အာမခံကုမ္ပဏီတွေရှိပါတယ်။ ပြည်တွင်းက အစိုးရရဲ့ မြန်မာ့အာမခံပဲဖြစ်ဖြစ် ပုဂ္ဂလိကအာမခံ ကုမ္ပဏီတွေပဲဖြစ်ဖြစ် တိုင်းပြည်မှာ တကယ်လိုအပ်နေတဲ့ ကောက်ပဲသီးနှံအာမခံဟာ အခုထိ မကျင့်သုံးနိုင်သေးဘူး။ စိန်ခေါ်မှုတွေလည်း မျိုးစုံရှိနေပါတယ်။ သို့သော် ကျွန်တော်တို့ တိုင်းပြည်ဟာ အခုနှစ်ပိုင်းတွေမှာ သဘာဝဘေးဒဏ်ကို ပိုပိုပြီး ခံစားလာရတယ်။ သဘာဝဘေးဒဏ်အန္တရာယ်ကို တောင်သူလယ်သမားတော်တော်များများက ဒီအတိုင်း လည်စင်းခံနေရတဲ့သဘောဖြစ်နေတယ်။

သဘာဝဘေးဒဏ်ကိုတော့ မကျရောက်အောင် ကျွန်တော်တို့ မတားဆီးနိုင်ဘူး။ သို့သော်လည်း တောင်သူတွေအနေနဲ့ သဘာဝဘေးဒဏ်ကြုံလာခဲ့ရင် ကောက်ပဲသီးနှံတွေကို အာမခံထားခြင်းအားဖြင့် သက်သာရာရနိုင်ပြီး ကြီးမားတဲ့ အထောက်အပံ့ဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ကော်မတီဝင်တစ်ယောက်က သီးနှံအာမခံထားရေးအဆိုကို လွှတ်တော်ကို တင်ပါတယ်။ အဆိုကလည်း လေ့လာဆန်းစစ်ဖို့ လိုအပ်လာတယ်။



ကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင် ဦးဆောင်သောအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အသေးစားချေးငွေရယူသူများ၏ တစ်ပိုင်တစ်နိုင်အိမ်တွင်းစီးပွားရေးလုပ်ငန်းများအား ၂၀၁၈ ခုနှစ် ဇွန် ၁၀ ရက်က လေ့လာကြစဉ်။

ကျွန်တော်တို့ အနေနဲ့ ပြောင်းလဲလာတဲ့ အခြေအနေ ၊ ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ အနေအထားပေါ်မူတည်ပြီး ဒီဥပဒေကို (WFD–Westminster Foundation for Democracy ) အဖွဲ့ရဲ့ အကူအညီနဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်းကို ဆောင်ရွက်တာဖြစ်ပါတယ်။ ဥပဒေကို ဒီအတိုင်းစိစစ်တာမဟုတ်ဘူး။ တည်ဆဲဥပဒေရဲ့ စည်းနှောင်မှုအားတွေ၊ တည်ဆဲဥပဒေတွေရဲ့ ခေတ်ကာလနဲ့လျော်ညီမှုတွေ ၊ အားနည်းချက်၊ အားသာချက်တွေကို ကျွန်တော်တို့တွေက အရင်စိစစ်တယ်။ စိစစ်ပြီးတော့မှ အဲဒီအားနည်းချက်၊ အားသာချက်တွေ ၊ ခေတ်ကာလအခြေအနေတွေ ၊ အသင်းဝင်တွေ ၊ ပြည်သူလူထုတွေ ၊ အဖွဲ့အစည်းတွေရဲ့ အကြံပြုချက်တွေ၊ သူတို့ရဲ့စိန်ခေါ်မှုတွေကို ထည့်သွင်းစဉ်းစားသုံးသပ်ပြီး ဒီဥပဒေကို ဘယ်လိုဖြစ်သင့်တယ်ဆိုတာ စိစစ်ပြီးတော့မှ ပြင်ဖို့ ကြိုးစားတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာတော့ ဒီလုပ်ငန်းစဉ်ကို ပထမဆုံးဆောင်ရွက်တဲ့ ကော်မတီဖြစ်ပါတယ်။

ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆိုတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ကျွန်တော်တို့ လေ့လာတဲ့အခါ ကျွန်တော်တို့ ကော်မတီဝင်တွေဟာ တောင်ငူ၊ မန္တလေး၊ ပုသိမ်၊ ရန်ကုန် စတဲ့မြို့ကြီးတွေမှာ အသင်းဝင် အဖွဲ့အစည်းတွေနဲ့လည်း တွေ့ဆုံပါတယ်။ သူတို့ရဲ့ အခက်အခဲတွေ၊ သူတို့ ဖြစ်စေချင်တဲ့ အစိုးရပိုင်းဆိုင်ရာကမူဝါဒတွေ ဒါတွေအားလုံးကို ကျွန်တော်တို့ စုစည်းပါတယ်။

### ပြည်သူများ ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ကြပါ

နောက်ပြီး ဒီဥပဒေကို ကိုင်တွယ်စီမံခန့်ခွဲနေတဲ့ အသေးစားငွေရေးကြေးရေး လုပ်ငန်းပိုင်း ကြီးကြပ်စိစစ်ရေးဦးစီးအဖွဲ့တွေနဲ့လည်း ကျွန်တော်တို့တွေ့တယ်။ ပညာရှင်တွေရဲ့ အကူအညီကို ယူပါတယ်။ နိုင်ငံတကာမှာ အလားတူ ဥပဒေတွေ ကျင့်သုံးဆောင်ရွက်နေတာတွေကိုလည်း ထည့်သွင်းစဉ်းစားပြီး ၂၀၁၁ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို အသစ်ရေးဆွဲပြီး လွှတ်တော်ကို တင်ပြနိုင်ခဲ့ပါတယ်။

နောက်ပြီး နိုင်ငံတကာက လွှတ်တော်နဲ့ အစိုးရကို ပံ့ပိုးကူညီနေတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ ဂျာမနီနိုင်ငံက GIZ ၊ အင်္ဂလန်နိုင်ငံက WFD ဆိုတဲ့ အဖွဲ့အစည်းတွေက လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ကော်မတီကို လိုအပ်တဲ့ ဥပဒေပြုရေးကိစ္စရပ်တွေမှာ အကူအညီတွေ ပေးတယ်။ ဝန်ထမ်းတွေ၊ ကော်မတီဝင်တွေ အရည်အသွေးမြှင့်တင်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲတွေ ၊ ဖိုရမ်တွေ စီစဉ်အတည်ဖြစ်တဲ့အတွက် လက်ရှိအာမခံထားတဲ့ ကဏ္ဍတွေကို ပိုမိုဖွံ့ဖြိုးလာအောင် ဥပဒေပိုင်းဆိုင်ရာက ချဉ်းကပ်ပြီး ဆောင်ရွက်ဖို့ ကြိုးစားနေပါတယ်။ GIZ နဲ့ တိုင်ပင်ပြီး နိုင်ငံတကာက ကျွမ်းကျင်တဲ့ ပညာရှင်ခေါ်ယူပါတယ်။ ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်၊ စီးပွားရေးရာ အကြံဉာဏ် ရယူဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဒီမိုကရေစီ အကူးအပြောင်းက အခုမှ စခါစပဲရှိပါသေးတယ်။ ဒီအခြေအနေမှာတော့ ပြည်သူလူထုသာမက လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရနဲ့ တိုင်းပြည်မှာ နေထိုင်ကြတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းက ကိုယ်ကျရာ အခန်းကဏ္ဍကို တာဝန်သိစိတ်နဲ့ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် ကြိုးစားဖို့ လိုအပ်တယ်လို့ ကျွန်တော်ကတော့ ခံယူပါတယ်။ အရှိန်အဟုန်တစ်ခုနဲ့ ဒီမိုကရေစီ အမြစ်တွယ် ရှင်သန်သွားရေးအတွက် ကြိုးစားဖို့ လိုအပ်နေတဲ့အချိန် ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း ပြည်သူလူထုက ယုံကြည်စွာအပ်နှင်းလိုက်တဲ့ တာဝန်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ထမ်းဆောင်နေပါတယ်။ ပြည်သူတွေကလည်း ကျရာ အခန်းကဏ္ဍက ပူးပေါင်းပါဝင်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ။

# မြန်မာ- ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာအပါး သုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မန္တလေးမြို့၌ ဒီဇင်ဘာ ၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၂

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဓမ္မကာယ ဖောင်ဒေးရှင်း အလှူရှင်များစုပေါင်း၍ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာအပါး သုံးသောင်း ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ဒီဇင်ဘာ ၈ ရက်တွင် မန္တလေးမြို့ ချမ်းမြသာစည် လေယာဉ်ကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို သံဃာအပါး သုံးသောင်းအား တစ်နေရာတည်း၌ တစ်စုတစ်ဝေးတည်း ဖူးမြော်ကြည်ညိုလှူဒါန်းခွင့်ရရှိကြစေရန်နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ကျင်းပရေးလုပ်ငန်းကော်မတီမှ သံဃာတော် တစ်ပါးလျှင် နဝကမ္မ အလှူတော်ငွေ သုံးသောင်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ၊ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲသို့ မည်သူမဆို လာရောက်ဆင်နွှဲ၍ ကြည်ညိုပါဝင် လောင်းလှူကြရန် ဖိတ်ခေါ်ကြောင်း ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက ပြောသည်။

**တစ်ဝက်စီ အကုန်အကျခံ**

"သံဃာအပါး သုံးသောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲမှာ သံဃာတော်တွေ တစ်စုတစ်ဝေးတည်း စုပေါင်းပြီး ပရိတ်ရွတ်ဆိုသံကို ကြည်ညိုသဒ္ဓါပွားများစွာ နာယူခွင့်ရကြမှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံက သံဃာအပါး ၆၀ နဲ့ ၁၀၀ အကြား ကြွရောက်လာကြမှာဖြစ်ပြီး ကျန်တဲ့ သံဃာတော်တွေကိုတော့ မန္တလေးခရိုင်အတွင်းမှာရှိတဲ့ ဝါဆိုသံဃာတော်တွေကို ပင့်ဖိတ်လောင်းလှူသွားမှာ ဖြစ်ပါတယ်။ ဒီလောင်းလှူပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ နာယကကော်မတီ၊ ဦးစီးကော်မတီ၊ အခမ်းအနားကျင်းပရေးကော်မတီ၊ အထောက်အကူပြုကော်မတီတွေ ဖွဲ့စည်းပြီး ဒီအဖွဲ့တွေရဲ့အောက်မှာ အဖွဲ့ခွဲတွေ အဆင့်ဆင့် ဖွဲ့စည်းပြီး ဆောင်ရွက်သွားမှာပါ။ သံဃာတစ်ပါးစီအတွက် လောင်းလှူမယ့် နဝကမ္မ သုံးသောင်းကျပ်နဲ့ အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် ငွေကျပ် သုံးထောင် စုစုပေါင်း သံဃာတစ်ပါးစီအတွက် ငွေကျပ် ၃၃၀၀၀ ကို မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံက တစ်ဝက်စီ အကုန်အကျခံလှူဒါန်းတာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ သံဃာအပါး သုံးသောင်း ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲတွင် သံဃာအပါး တစ်သောင်းနှင့် အထက် လှူဒါန်းကြမည့် အလှူရှင်များ၏ လှူဖွယ်ပစ္စည်းများကို ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ လေယာဉ်ကွင်းအတွင်း လက်ခံသိမ်းဆည်း၍ လောင်းလှူရန်နေရာများ သတ်မှတ်စီစဉ်ပေးမည်ဖြစ်ပြီး သံဃာတော် ငါးထောင်နှင့် တစ်သောင်းကြား လှူဒါန်းလိုသူများအတွက် လှူဖွယ်ပစ္စည်းများကို လက်ခံသိမ်းဆည်းပေးခြင်းမပြုသော်လည်း လောင်းလှူရန်နေရာများ သတ်မှတ်စီစဉ်ပေးသွားမည်ဖြစ်ကြောင်းနှင့် တစ်ပိုင်တစ်နိုင် လှူဒါန်းလိုသူများ အနေဖြင့်လည်း လစ်လပ်သည့်နေရာများမှလောင်းလှူနိုင်ကြောင်း သိရသည်။

**စည်ကားစွာကျင်းပမည်**

မန္တလေးမြို့တွင် မြန်မာ- ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲများကို ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် သံဃာအပါး တစ်သောင်းအား မန္တလေးတောင်ခြေ၌ လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် သံဃာအပါး နှစ်သောင်းအား ချမ်းမြသာစည် လေယာဉ်ကွင်း၌ လည်းကောင်း လောင်းလှူပူဇော်ခဲ့ပြီး ယခုနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် သံဃာအပါး သုံးသောင်းအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကူမင်းအပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲတွင် မြန်မာတင်းနစ်အသင်း အောင်မြင်မှုရခဲ့သည့်ဆုကြေးငွေများ ပြန်လည်ပေးအပ်ချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ အောက်တိုဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် 2019 Belt & Road Initiative Colourful Yunnan Kunming International Tennis Tournament ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာတင်းနစ်အသင်းအား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။




မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အောင်ပွဲရ မြန်မာတင်းနစ်အသင်းသားများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အဆိုပါပြိုင်ပွဲတွင် အုပ်ချုပ်သူ ဦးကျော်ဇော၊ နည်းပြ ဦးလေးနိုင်နှင့် စီနီယာတန်းတွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ ဂျူနီယာတန်းတွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး တို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဂျူနီယာနှင့် စီနီယာတန်းနှစ်တန်းလုံးတွင် ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ကာ စီနီယာတန်းပြိုင်ပွဲတွင် ဆုကြေးငွေယွမ် ငါးသောင်း ချီးမြှင့်ရရှိပြီး ဂျူနီယာတန်းပြိုင်ပွဲတွင် ယွမ်တစ်သောင်းတန်ဖိုးရှိ အားကစား အထောက်အကူပြုပစ္စည်းများ ချီးမြှင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စီနီယာတန်းတွင် ကွာတားဖိုင်နယ်အဆင့်ထိ ရရှိခဲ့သည့် အုပ်ချုပ်သူ ဦးကျော်ဇော၊ နည်းပြ ဦးလေးနိုင်၊ ကစားသမား သန္တာအောင်၊ မြူပိုင်မင်း၊ ကောင်းခန့်ဇော်နှင့် အက်စ်ကြင်ညိုင်သိန်းတို့အား ဆုကြေးငွေယွမ်ငါးသောင်းနှင့် ညီမျှသည့် မြန်မာငွေကျပ် တစ်ဦးလျှင် ငွေကျပ် ၁၇၂၃၀၀ စီအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဒုတိယဥက္ကဋ္ဌ များက ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

❑ *ကျောဖုံးမှ*

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ Adventure Myanmar Tours & Incentives , Amazing Holidays Hotel & Resort Chairman နှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်၊ မြန်မာနိုင်ငံသက်ကြီးတန်း အဆင့်မြင့် ဂေါက်သီးရိုက်ပညာရှင်များအသင်း ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သောင်းတို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၄ ဦး၊ သက်ကြီးတန်းအပညာရှင်အဆင့် ၃၃ ဦး၊ ဝါသနာရှင်အဆင့်(အမျိုးသား) ၁၀၉ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ၁၂ ဦး စုစုပေါင်း အားကစားသမား ၁၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အောက်တိုဘာ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲပထမနေ့ အပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၌ သိန်းနိုင်စိုး (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ ပထမ၊ ဟိန်းစည်သူ (Phyo Si Thu Teak Plantation Myanmar & Bago Yoma Eco Resort Myanmar) က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ ဒုတိယ၊ နိုင်နိုင်လင်း (Taylormade) က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ တတိယနေရာ၊ ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် လှိုင်မင်းထက်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ ပထမ၊ မင်းနိုင်စိုးက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ကာ ဒုတိယ၊ လှိုင်မြင့်ဇော်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ တတိယနေရာတို့တွင် ရပ်တည်လျက်ရှိသည်။

**ဖိုးသော်ဇင်**



မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။

ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

# မြန်မာ့လက်ရွေးစင်အသင်း နည်းပြများခန့်အပ်ရန်အတွက် AYA Bank မှ စပွန်ဆာအဖြစ် ပံ့ပိုးခြင်းစာချုပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာ့လက်ရွေးစင်အသင်း နည်းပြများအတွက် AYA Bank မှ စပွန်ဆာအဖြစ် ပံ့ပိုးခြင်း စာချုပ်ပွဲ အခမ်းအနားကို MFF ရုံးချုပ်၌ ကျင်းပရာ AYA Bank နှင့်




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ MFF စပွန်ဆာများ၊ မြန်မာ့လက်ရွေးစင်အသင်း နည်းပြများနှင့် ကစားသမားများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းက လက်ရွေးစင်အသင်းအား ပံ့ပိုးပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် AYA Bank ဒုတိယဥက္ကဋ္ဌ ဦးသန်းဇော်၊ ဦးအောင်မျိုးစော (Head of Corporate Affairs)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့က စပွန်ဆာစာချုပ် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ (ဝဲပုံ)

AYA Bank အနေဖြင့် မြန်မာ့ဘောလုံးလောကအတွက် MFF Official Partner အဖြစ်လည်းကောင်း၊ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများအား Title Sponsor အဖြစ်လည်းကောင်း အစဉ်တစိုက် ကူညီပံ့ပိုးပေးလျက်ရှိပြီး ယခု မြန်မာ့လက်ရွေးစင်အသင်းနည်းပြများ ခန့်အပ်ခေါ်ယူရာတွင် လစာငွေနှင့် အခြားနည်းစနစ်ပိုင်းဆိုင်ရာ ငွေကြေးသုံးစွဲမှုများအတွက် စပွန်ဆာအဖြစ် ပံ့ပိုးကူညီခြင်းဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# ၂၀၁၈ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်သည် ၂၀၁၈ ခုနှစ် တစ်နှစ်တာကာလအတွင်း ကျင်းပခဲ့သည့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့သော အားကစားသမားများ၊ အောင်မြင်မှုအရှိဆုံး အားကစားသမားများအား တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုများမှာ အကောင်းဆုံးအမျိုးသား၊ အမျိုးသမီး အားကစားသမားဆုများအပါအဝင်၊ အထူးဂုဏ်ပြုအားကစားသမားဆု၊ အတိုးတက်ဆုံး အားကစားသမားဆု၊ တက်သစ်စလူငယ်အားကစားသမားဆု၊ လှုပ်ရှားတက်ကြွမှုအကောင်းဆုံး အဖွဲ့ချုပ်ဆုနှင့် အကောင်းဆုံးအသင်းလိုက်ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ဆုချီးမြှင့်ပွဲသို့ ပါဝင်လှူဒါန်းလိုကြသည့် အလှူရှင်များအနေဖြင့် အဖွဲ့ချုပ်တာဝန်ရှိသူများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အာကာလင်း**

# ညောင်ဦးမြို့တွင် လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်

**ညောင်ဦး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၃)နယ်မြေ ဇေယျာဝတီ ရပ်ကွက်ရှိ ဦးကျော်ငွေးနေအိမ်တွင် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်ခန့်က လျှပ်စစ်ဟင်းအိုး မီးပလတ်ကြိုးကို မဖြုတ်မိဘဲ ထားခဲ့ရာမှ လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲပြီး အနီးရှိနေအိမ်ထရံအကာအား မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။



အဆိုပါမီးလောင်ရာသို့ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ က အုပ်ချုပ်မှုယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီးတို့ဖြင့် သွားရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၂ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

မီးလောင်မှုကြောင့် အမှတ်(၃)နယ်မြေ ဇေယျာဝတီရပ်ကွက်နေ ဦးကျော်ငွေး၏ ထန်းရွက်မိုး၊ ထရံကာမြေစိုက် လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - "ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဗိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၈:၄၀ - "မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေးစိုက်ခင်းမှသည် စိမ်းလန်းစိုပြည်သာယာသော အနာဂတ်ဆီသို့"
၁၂:၃၀ - "ဦးကျော်သူ(ခေါ်)ရိုလန်ချောင်ထရီနှင့် ကိုကို (စက်မှုတက္ကသိုလ်) တို့ တွေ့ဆုံမေးမြန်းခန်း"
၁၃:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၁၀) (သီချင်းတစ်ပုဒ်ကြောင့် ပေါင်ယုညာဏ် အလင်းရခြင်း)(၂)
၁၅:၁၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၃၂)

**ညပိုင်း**

၁၆:၂၀ - "အယ်လ်ဟာဂျ်ဦးအေးလွင် (ဦးဆောင်ဆော်ဩရေးမှူး) အစ္စလာမ်ဓမ္မဗိမာန်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၇:၀၅ - "ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဗိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၇:၂၀ - "လူရည်ချွန်ရွေးချယ်ခြင်း ဆိုင်ရာ ကိုယ်ကာယကြံ့ခိုင်မှု စစ်ဆေးခြင်းလေ့ကျင့်ခန်း (၅)မျိုး"
၁၇:၃၅ - MRTV Travelogue
၁၈:၄၅ - "IEE Project Video Clip"
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ - "ရှင်သန်နေဆဲဒြပ်မဲ့ ယဉ်ကျေးမှုအနုပညာများ ရွှေချည်ထိုးလုပ်ငန်း"
- ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "မလတ်"
- နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ"(အပိုင်း-၃)
- ရိုးရာယဉ်ကျေးမှု ထင်ဟပ်ပေါ်လွင် မြန်မာတို့၏ အနုသုခုမ သဘင် "ဂီတရှုးပြဇာတ်" (အပိုင်း-၂)

# ဥပ္ပါတသန္တိစေတီတော်ရှိ အလှူခံပုံးအတွင်းမှ ငွေများခိုးယူသူ နှစ်ဦးအား အမှုဖွင့်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်ရှိ အလှူခံပုံးအတွင်းမှ ငွေများခိုးယူသူ နှစ်ဦးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဥပ္ပါတသန္တိစေတီတော်၌ အောက်တိုဘာ ၂၁ ရက် နံနက် ၁ နာရီက ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် လုံခြုံရေးဆောင်ရွက်နေစဉ် မသင်္ကာဖွယ်ရာ အမျိုးသားနှစ်ဦးမှာ စေတီတော်ရင်ပြင်ပေါ်သို့ တက်သွားကြောင်း သတင်းအရ လိုက်လံရှာဖွေရာ ဇေယျာသီရိမြို့နယ် သဲကုန်းရပ်ကွက်နေ မျိုးမင်းအေးနှင့် တစ်ရပ်ကွက်တည်းနေ ဟန်မိုးထွန်းတို့မှာ အနောက်ဘက်မုခ် ကကုသန် ဘုရားပလ္လင်ရှေ့ရှိ အလှူခံမှန်ပုံးကို စူးချွန်ဖြင့်ဖွင့်၍ အလှူငွေများ ခိုးယူနေသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ နှစ်ဦးထံမှ ငွေကျပ် ၁၆၇၈၅၀၊ ကတ်ကြေးတစ်လက်၊ စတီးစူးချွန်တစ်ချောင်း၊ ဝက်အူလှည့်နှစ်ချောင်း၊ ပြောက်ကျားခါးချိတ်အိတ်တစ်လုံး၊ လွယ်အိတ် တစ်လုံး၊ မျက်နှာဖုံးအုပ်ရန် ပြုလုပ်ထားသည့် ကတ္တီပါစနှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် မျိုးမင်းအေးနှင့် ဟန်မိုးထွန်းတို့ကို ပတ္တာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၁၉ ရက်တွင် မြို့နယ်စခန်းမှူးဒုရဲမှူး ဇော်မင်းခိုင် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး အသိပညာပေး ဟောပြောစဉ်။ ၀၀၇






# ချောင်းသာတွင် ငါးဖမ်းရေယာဉ်အား အပျော်စီးရေယာဉ်က ဝင်တိုက်၍ တစ်ဦးသေ၊ သုံးဦး ဒဏ်ရာရ

**ချောင်းသာ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေမှ နှစ်ဖာလုံခန့်အကွာ ပင်လယ်ပြင်တွင် ယမန်နေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ရွှေသောင်ယံဘက်မှ မောင်းနှင်လာသော ငါးဖမ်းရေယာဉ်အား ချောင်းသာကမ်းခြေမှ သဲဖြူကျွန်းသို့ မောင်းနှင်လာသည့် အပျော်စီးရေယာဉ်က ဝင်တိုက်မိသဖြင့် အပျော်စီးရေယာဉ်မှ မရွှေရည်မွန်၊ မစန်းနုဝေ၊ မကြယ်စင်ရှင်းသန့်နှင့် ရေယာဉ်မောင်း သူရအောင်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား ချောင်းသာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ယင်းဆေးရုံမှတစ်ဆင့် ပုသိမ်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးအပ်စဉ် ဒဏ်ရာရရှိသူ မစန်းနုဝေမှာ နှလုံးရပ်ကာသေဆုံးသွားကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# မဘိမ်း၊ လောက်ကိုင်၊ ရှာင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်က အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် မဘိမ်းမြို့ ကုန်းခါးရပ်ကွက် အင်းချောင်းအနီး တွေ့ရှိသူ ယောဂီ(ခ)ယောလှအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀၀ နှင့် ဘိန်းဖြူ ၁၅၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက တပ်မတော်က လောက်ကိုင်မြို့နယ် တာရွှေထန်ကျေးရွာအုပ်စု ပါးဝေကျေးရွာအနီးလမ်းမပေါ်တွင် လမ်းလျှောက်လာသူ လောက်အန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ အိုက်စ် ၂ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နမ့်ကော်ကျေးရွာနေ ရန်လော်ကျား၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၊ ဘိန်းဖြူ ၅ ဂရမ်နှင့် အိုက်စ် ၄ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာင်မြို့နယ် ဘုရားကြီးကုန်းကျေးရွာအနီး ဘုရားကြီးကုန်း-ဂနိုင်ယား ကျေးရွာသွားလမ်းပေါ်တွင် ကျော်နိုင်လွင်(ခ)ချစ်နိုင်လွင် မောင်းနှင်လာသည့် ပရိဘောဂယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေတာရှည်မြို့နယ်၌ မိုးရွာနေစဉ် ဆိုင်ကယ်ဖြင့်ပြန်လာသည့် သားအမိနှစ်ဦး မိုးကြိုးပစ်ခံရပြီး မိခင်ဖြစ်သူသေဆုံး

**ရေတာရှည် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ဘုရားကုန်းကျေးရွာအုပ်စု သဲကောကျေးရွာ စာသင်ကျောင်းအနီးတွင် အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီခွဲခန့်က ဆိုင်ကယ်ဖြင့်ပြန်လာသည့် သားအမိနှစ်ဦး မိုးကြိုးပစ်ခံရကာ မိခင်ဖြစ်သူသေဆုံးခဲ့ပြီး သမီးဖြစ်သူမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သတင်းအရ မြို့လှနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် သန်းဝင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ သဲကောကျေးရွာနေ မသန္တာ (၃၃ နှစ်)သည် လယ်တောမှ နေထိုင်ရာကျေးရွာသို့ မိုးရွာနေချိန်ဆိုင်ကယ်ဖြင့်ပြန်လာခဲ့ပြီး ကျောင်းတက်နေသည့် (၅ နှစ်)အရွယ် သမီးဖြစ်သူကိုခေါ်၍ ရွာသို့ဆက်လက်ထွက်ခွာလာစဉ် မိုးကြိုးပစ်ခံရသဖြင့် မသန္တာမှာ နေရာတွင် သေဆုံးခဲ့ပြီး သမီးငယ်မှာ ဒဏ်ရာ (မစိုးရိမ်ရ)များရရှိခဲ့ကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၂-၁၀-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၃)ပါ "ဆွီဒင်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ သတင်းမှတ်တမ်းရိုက်ကူး" သတင်းတွင် ပါရှိသည့် "ဆိပ်ကမ်းသာလမ်းရှိ UPG Co., Ltd တွင် ရိုက်ကူးနေစဉ်" ဓာတ်ပုံစာသားအား "ဆက်သွယ်ရေးကွန်ရက်လုပ်ဆောင်နေခြင်းကို ရိုက်ကူးနေစဉ်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

# ဂျပန်ဧကရာဇ် နာရူဟီတို ရှေးခေတ်အစဉ်အလာနှင့်အညီ နန်းတက်ပွဲကျင်းပ

**တိုကျို အောက်တိုဘာ ၂၂**

ဂျပန်ဧကရာဇ် နာရူဟီတိုသည် ၎င်း၏ထီးနန်းဆက်ခံမှုကို ရှေးခေတ် အစဉ်အလာနှင့်အညီ အခမ်းအနား ကျင်းပကာ တရားဝင်ကြေညာမှု ပြုလုပ်ခဲ့သည်။ အသက် ၅၉ နှစ်အရွယ် ဂျပန်ဧကရာဇ်သည် ၎င်း၏ ဖခင်က မေလအတွင်း ထီးနန်းအရိုက်အရာ လွှဲအပ်ခဲ့ချိန်မှ စတင်ကာ မင်းပြုစိုးစံခဲ့သည်။ တိုကျိုမြို့ရှိ နန်းတော်အတွင်း ရိုးရာအစဉ်အလာအခမ်းအနားများ ကျင်းပပြီးနောက် ၎င်း၏ နန်းတက်ပွဲ အခမ်းအနားသည် တရားဝင်ပြီးမြောက်ခဲ့သည်။

ဂျပန်နိုင်ငံတွင် လူပေါင်း ၈၀ ကို အသက်ဆုံးရှုံးစေခဲ့သည့် မုန်တိုင်းဟာဂျီဘစ်အပြီး ယခုအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။ နန်းတက်ပွဲအထိမ်းအမှတ် စီတန်းလှည့်လည်ပွဲ အခမ်းအနားကို မုန်တိုင်းဒဏ်ခံ မိသားစုဝင်များကို စာနာထောက်ထားသောအားဖြင့် ရက်ရွှေ့ဆိုင်းခဲ့သည်။

နန်းတက်ပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံမှ ဂုဏ်သရေရှိလူကြီးများအပါအဝင် ကမ္ဘာအရပ်ရပ်မှ ဧည့်သည်တော်ကြီးများ တက်ရောက်ခဲ့သည်။

ဗြိတိန်မှ မင်းသားချားလ်သည် အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဂျပန်ဧကရာဇ်သည် နိုင်ငံရပ်ခြားမှ တော်ဝင်မိသားစုဝင်များအား လက်ဖက်ရည်ဝိုင်းဖြင့် ဧည့်ခံမည်ဖြစ်ပြီး ဝန်ကြီးချုပ်မစ္စတာ အာဘေးကမူ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်သည်။ **ဘီဘီစီ**



ဂျပန်ဧကရာဇ်နန်းတက်ပွဲအခမ်းအနား ကျင်းပစဉ်။

# ဂျပန် – တောင်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် မရှိကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

ဆိုးလ် အောက်တိုဘာ ၂၂

**လာမည့်စက်တင်ဘာလအတွင်း ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံအကြား ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ဖွယ်ရှိသည်ဆိုသော သတင်းများကို ပြည်တွင်းသတင်းဌာနများတွင် ဖော်ပြလျက်ရှိရာ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာက ထွက်ပေါ်နေသောသတင်းများနှင့်ပတ်သက်၍ ငြင်းဆန်လိုက်ကြောင်း သိရသည်။**

ဂျပန်နှင့် တောင်ကိုရီးယား ခေါင်းဆောင်နှစ်ဦးတို့အကြား နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲပြုလုပ်နိုင်ဖွယ်ရှိကြောင်း တောင်ကိုရီးယားပြည်တွင်းသတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

တောင်ကိုရီးယားဝန်ကြီးချုပ် လီနတ်ယွန်က အောက်တိုဘာ ၂၄ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်တွေ့ဆုံမည့် အစီအစဉ်နှင့်ဆက်စပ်ကာ ထိုသို့သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

မစ္စတာ လီသည် ယခုရက်သတ္တပတ်တွင် ကျင်းပမည့် ဂျပန်ဧကရာဇ်နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ရန် တိုကျိုမြို့သို့ရောက်ရှိနေပြီး ၎င်းအနေဖြင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းထံမှ သတင်းစကားကို ဂျပန်ဝန်ကြီးချုပ်သို့ ပို့ဆောင်မည်ဟု ယူဆရသည်။



တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာ

အောက်တိုဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည့် လွှတ်တော်အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာက ဂျပန်နိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးပွဲပြုလုပ်ရန် အရေးကြီးသည်ဟု မှတ်ယူထားရန်လိုအပ်ကြောင်း၊ ယင်းဆွေးနွေးမှုများဖြစ်လာခဲ့လျှင် အကျိုးဖြစ်ထွန်းမှုရှိလာလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရလဒ်ကောင်းများ ပေါ်ထွက်လာရေးအတွက် နှစ်နိုင်ငံအကြား အလှမ်းဝေးနေဆဲဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျိုကိုဝီဒိုဒို၏ ရွေးကောက်ပွဲ ပြိုင်ဘက်ဖြစ်သူ ပရာဘိုဝို အစိုးရအဖွဲ့အတွင်း ပါဝင်မည်ဟုဆို

**ဂျကာတာ အောက်တိုဘာ ၂၂**

အင်ဒိုနီးရှားတပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝိုဆူဘီအန်တိုသည် ဧပြီလအတွင်းကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် သမ္မတဂျိုကိုဝီဒိုဒိုကို ရှုံးနိမ့်ခဲ့ပြီးနောက် သမ္မတဝီဒိုဒို၏အစိုးရအဖွဲ့တွင် ပါဝင်ရန် ကမ်းလှမ်းမှုကို လက်ခံခဲ့သည်။ ပရာဘိုဝိုဆူဘီအန်တိုက ၎င်းကို သမ္မတဂျိုကိုဝီဒိုဒို၏ အစိုးရအဖွဲ့တွင် ပါဝင်ရန်ကမ်းလှမ်းခဲ့သည်ဟု သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

၎င်းကလည်း အစိုးရအဖွဲ့၌ ကာကွယ်ရေးဝန်ကြီးဌာနတွင် ပါဝင်ရန် အသင့်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်ဟု သတင်းထောက်များကို ပြောသည်။ ဘယ်အချိန်တွင်ကာကွယ်ရေးဝန်ကြီးဖြစ်လာမည်ကိုဖြေကြားခဲ့ခြင်းမရှိပေ။ ပရာဘိုဝို ၏ဖြေကြားချက်ကြောင့် ဂျိုကိုဝီဒိုဒိုကို ထောက်ခံကြသည့်လူများနှင့် ရွေးကောက်ပွဲတွင် ဂျိုကိုဝီဒိုဒိုကို ထောက်ခံခဲ့ကြသည့် နိုင်ငံရေးပါတီများအတွက် စိတ်ပျက်ဖွယ်ဖြစ်ခဲ့ ရသည်။

ဗိုလ်ချုပ်ကြီးဟောင်းသည် ၁၉၉၀ ဝန်းကျင်က သမ္မတဟောင်း ဆူဟာတိုလက်ထက်တွင် တက်ကြွလှုပ်ရှားသည့် ကျောင်းသားများ၊ နိုင်ငံရေးသမားများကို ဖိနှိပ် နှိပ်စက်မှုများ ပြုလုပ်ရာတွင် ပါဝင်ခဲ့သူလည်း ဖြစ်သည်။

အောက်တိုဘာ ၂၀ ရက်က သမ္မတဂျိုကိုဝီဒိုဒိုသည် ၎င်း၏ ဒုတိယသက်တမ်းသမ္မတ ရာထူးအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး အောက်တိုဘာ ၂၁ ရက်တွင် အစိုးရ အဖွဲ့ ဝန်ကြီးဖြစ်လာနိုင်သူများအား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**



ယခင်ဗိုလ်ချုပ်ကြီးဟောင်းပရာဘိုဝို (ဝဲ) အောက်တိုဘာ ၂၁ ရက်က သမ္မတနန်းတော်သို့ ရောက်ရှိလာစဉ်။

# ဘရာဇီးနိုင်ငံက ရေနံယိုဖိတ်မှုကို ရှင်းလင်းရန် အရှေ့မြောက်ကမ်းခြေသို့ တပ်ဖွဲ့ဝင် ၅၀၀၀ ကျော်စေလွှတ်

**ရီယိုဒီဂျနေရိုး အောက်တိုဘာ ၂၂**

ရေနံယိုဖိတ်မှုကြောင့် ညစ်ညမ်းမှုကို ရှင်းလင်းရာတွင် အကူအညီပေးရန် ဘရာဇီးနိုင်ငံအရှေ့မြောက်ကမ်းခြေသို့ တပ်ဖွဲ့ဝင်၅၀၀၀ ကျော်ကို အောက်တိုဘာ ၂၁ ရက်တွင် စေလွှတ်လိုက်ကြောင်း ဘရာဇီးဒုတိယသမ္မတ ဟာမီလ် တန်မိုရာအိုက ကြေညာခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလအစောပိုင်းမှစတင်ကာ ကမ်းခြေမှ ရေနံစိမ်းတန်ချိန် ၆၀၀ ခန့်ကို ဖယ်ရှားရှင်းလင်းခဲ့ကြောင်း၊ ရေနံယိုဖိတ်သည့်နေရာအများအပြားတို့တွင် တပ်ဖွဲ့ဝင်ပေါင်း ၁၅၀၀ ကို ချထားခဲ့ကြောင်း မိုရာအိုက ပြောသည်။



ဘရာဇီးနိုင်ငံ၏ ကမ်းခြေတစ်ခု၌ ရေနံစိမ်းယိုဖိတ်မှုကို ရှင်းလင်းနေသည့် အလုပ်သမားများအား တွေ့ရစဉ်။

ရေနံစိမ်းများ ယိုဖိတ်ရသည့် အကြောင်းရင်းကို မသိရှိရသေးကြောင်း ဒေသမီဒီယာများ၏ ဖော်ပြချက်အရ ဘရာဇီးနိုင်ငံရှိ ဒေသကိုးခုတို့မှ ကမ်းခြေ ၂၀၀ ထက်မနည်းတို့တွင် ရေနံစိမ်းများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်စုများက ရေနံယိုဖိတ်မှုသည် ကမ်းခြေတစ်လျှောက် မိုင်ပေါင်း ၁၃၀၀ ကျော် (ကီလိုမီတာ၂၀၉၂) အကွာအဝေးအထိ ပျံ့နှံ့သွားခဲ့ကြောင်း ပြောကြားခဲ့သည်။

ရေနံစိမ်းများ ယိုဖိတ်မှုအပေါ် ပိုမိုထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်ရန် ပြည်သူလူထုနှင့် ဒေသတရားရုံးများထံမှ ဖိအားပေးမှုများ ပိုမိုများပြားလာပြီး နောက်တွင် အစိုးရသည် ကမ်းခြေ၌ ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်မှုတွင် ဒေသခံများကို အကူအညီပေးရန် တပ်ဖွဲ့ဝင်များ ပိုမိုစေလွှတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# နေတန်ယာဟု အစိုးရအသစ်ဖွဲ့ရန် မစွမ်းဆောင်နိုင်

**တဲလ်အဗစ် အောက်တိုဘာ ၂၂**

အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက ၎င်းသည် စက်တင်ဘာလအတွင်း ပြီးစီးခဲ့သည့် ရွေးကောက်ပွဲအပြီးတွင် အစိုးရဖွဲ့စည်းရန် မတတ်နိုင်ဟု ပြောကြားခဲ့သည်။ ညွန့်ပေါင်းအစိုးရဖွဲ့ရန် နေတန်ယာဟုသည် အခက်အခဲများနှင့်ကြုံတွေ့ခဲ့ရသည်။

နေတန်ယာဟု၏ လီကွတ်ပါတီသည် ရွေးကောက်ပွဲတွင် အစိုးရအဖွဲ့ဖွဲ့နိုင်သည့်အထိ မဲရရှိနိုင်ခဲ့ခြင်းမရှိပေ။ အောက်တိုဘာ ၂၁ ရက်တွင် နေတန်ယာဟုက အစိုးရဖွဲ့စည်းရန် ၎င်း ၏လုပ်ပိုင်ခွင့်ကို အစ္စရေးသမ္မတထံ ပြန်လည်အပ်နှံကြောင်း သတင်းပို့ခဲ့သည်။ သမ္မတသည် မကြာမီအချိန်အတွင်း အတိုက်အခံအပြာနှင့် အဖြူပါတီမှ ခေါင်းဆောင်နှင့် ယခင်ဗိုလ်ချုပ်ဟောင်း ဘန်နီဂန့်စ်တို့ကို ခေါ်ယူပြီး ညွန့်ပေါင်းအစိုးရအဖွဲ့ဖွဲ့စည်းရန် ဆွေးနွေးသွားမည်ဟု သမ္မတရုံးမှ ကြေညာခဲ့သည်။

အကယ်၍ မစ္စတာဂန့်စ်သည် တစ်လအတွင်း အစိုးရအဖွဲ့ဖွဲ့စည်းရန် စွမ်းဆောင်နိုင်ခဲ့ပါက အစ္စရေးအစိုးရအဖွဲ့တွင် ၁၀ နှစ်တာကာလအတွင်း၌ ပထမဆုံးအကြိမ် အပြောင်းအလဲဖြစ်လာမည်ဖြစ်သည်။ လွှတ်တော်တွင် အဓိကနေရာများကိုရယူနိုင်ရေး ဂန့်စ်သည် မဟာမိတ်ဖွဲ့နိုင်ရန် မလွယ်ဟု လေ့လာသူများကပြောသည်။ အကယ်၍ ဂန့်စ်သာ အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ခြင်းမရှိပါက ပါလီမန်ကို ဖျက်သိမ်းရမည်ဖြစ်ပြီး တတိယအကြိမ်မြောက်ရွေးကောက်ပွဲ ကျင်းပရမည့် ပုံရှိသည်။

နိုင်ငံအတွင်း နိုင်ငံရေးပါတီများ၏ မကျေလည်မှုများမှာ များသထက်များလာသည်။ မစ္စတာနေတန်ယာဟုသည်လည်း ခေါင်းခဲစရာကိစ္စများနှင့် ကြုံတွေ့နေရသည်။ ၎င်းသည် ယခုနှစ်ကုန်ပိုင်းတွင် အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘာကီနာဖာဆို၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ ၁၄ ဦး ထက်မနည်းသေဆုံး

**ဝါဂါဒိုဂူ အောက်တိုဘာ ၂၂**

ဘာကီနာဖာဆိုမြောက်ပိုင်းတွင် ယမန်နေ့ကဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုအတွင်း ၁၄ ဦးထက် မနည်း သေဆုံးခဲ့ကြောင်း ဒေသမီဒီယာက တနင်္လာနေ့က ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၂၀ ရက်မွန်းလွဲအချိန်က နိုင်ငံမြောက်ပိုင်း ဘမ်ပြည်နယ်ရှိ ဇူရာကျေးရွာ၌ သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့မှုကြောင့် ရှစ်ဦးသေဆုံးခဲ့သည်။ အောက်တိုဘာ ၁၉ ရက်ကလည်း ဘရာဇီးမြောက်ပိုင်း လိုရိုရမ်ပြည်နယ်ရှိ ဒမ်ဘာတို၌ သေနတ်ပစ်ခတ်မှု တစ်ခုဖြစ်ပွားကာ ခြောက်ဦးထက် မနည်းသေဆုံးခဲ့ရသည်။

ဘာကီနာဖာဆို နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်လာနေသည်ကို တွေ့ရပြီး ၂၀၁၅ ခုနှစ်မှစတင်ကာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၅၀၀ ကျော် သေဆုံးခဲ့ရသည်။ နေအိမ်စွန့်ခွာ ထွက်ပြေးရသူ ၄၅၀၀၀၀ ကျော် ရှိခဲ့သည်။

ဆင်ဟွာ

### ကနေဒါရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ထရူးဒိုး၏ ပါတီ အနိုင်ရ

**အော့တဝါ အောက်တိုဘာ ၂၂**

၂၀၁၉ ခုနှစ် ကနေဒါအထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုး၏ လစ်ဘရယ်ပါတီ အနိုင်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ဝန်ကြီးချုပ်၏ လစ်ဘရယ်ပါတီသည် အောက်လွှတ်တော်၌ အမတ်နေရာ ၃၃၈ နေရာအနက် ၁၅၆ နေရာရရှိခဲ့သော်လည်း အစိုးရဖွဲ့ရန် လိုအပ်သည့် အမတ်နေရာ ၁၇၀ နေရာကို ပြည့်မီခဲ့ခြင်း မရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ဝန်ကြီးချုပ်က အောက်လွှတ်တော်၌ ဥပဒေပြဋ္ဌာန်းမှုများကို အတည်ပြုရာတွင် ပါတီတစ်ခုခုနှင့် ညှိနှိုင်းမှုပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်ဟု ဆိုသည်။ ရွေးကောက်ပွဲ၌ ကွန်ဆာဗေးတစ်ပါတီသည် အမတ် ၁၂၂ နေရာရရှိခဲ့ပြီး အကြီးဆုံးအတိုက်အခံဖြစ်ခဲ့သည်။

Bloc Quebecois ပါတီက အောက်လွှတ်တော်၌ အမတ် ၃၂ နေရာရှိခဲ့ပြီး တတိယအကြီးဆုံးပါတီဖြစ်လာကာ နယူးဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၂၄ နေရာ ရရှိခဲ့သည်။

ဆင်ဟွာ

# ကတ်တလိုနီးယား ပဋိပက္ခနောက်ကွယ်က လူငယ်များ

**ကလျာမိုးမြင့်**

ကတ်တလိုနီးယားဒေသမှာ ခွဲထွက်ရေးခေါင်းဆောင်ကိုးဦးကို ဖမ်းဆီးထောင်ချမှု ပြုလုပ်ခဲ့တဲ့အပေါ် အကြမ်းပတမ်းဆန္ဒပြခဲ့မှုတွေမှာ ပါဝင်ခဲ့တဲ့သူတွေဟာ မင်းမဲ့ဝါဒီစစ်မှုထမ်းဟောင်းတွေ၊ ငယ်ရွယ်ပြီး မိုက်ရူးရဲဆန်တဲ့ ပြဿနာရှာသူတွေနဲ့ ရက်စက်ကြမ်းတမ်းတဲ့ ခွဲထွက်ရေးသမားတွေပါ ပါဝင်နေပြီး အဲဒီလူတွေထဲက အချို့ဟာဆိုရင် မကြာသေးခင် အချိန်ကလေးအတွင်းမှာတင် အစွန်းရောက်တဲ့သူတွေ အဖြစ် ရောက်ရှိလာကြတာဖြစ်တယ်လို့ သိရပါတယ်။




ဆန္ဒပြရာတွင် ပါဝင်ခဲ့သည့် လူငယ်များနှင့် ၎င်းတို့မီးရှို့ဖျက်ဆီးထားသည့် အရံအတားများကို တွေ့ရစဉ်။

### တရားရုံးအမိန့်ချမှု

ကိုယ့်ကိုယ်ကိုယ် အေဒါလို့ အမည်ပေးထားတဲ့ ဆန္ဒပြအမျိုးသမီးတစ်ဦးက "ကျွန်မအသက် ၂၄ နှစ်ရှိပြီ။ အုပ်ထိန်းသူမိဘဆရာတွေရှိသလို အလုပ်အကိုင်လည်းရှိတယ်။ ကျွန်မမျက်နှာပေါ်မှာ မျက်နှာဖုံးတပ်ဆင်ပြီး လမ်းပေါ်က အရံအတားတစ်ခုကို မီးရှို့ဖျက်ဆီးတဲ့အလုပ်ကိုလုပ်ဖို့ ကိုယ့်ကိုယ်ကို တစ်ခါမှ မတွေးကြည့်မိခဲ့ဖူးဘူး" လို့ ဆိုပါတယ်။

၂၀၁၇ ခုနှစ်က မအောင်မြင်ခဲ့တဲ့ ခွဲထွက်ရေးကြိုးပမ်းမှုမှာ ခွဲထွက်ရေးလှုပ်ရှားဖို့ စည်းရုံးလှုံ့ဆော်မှုတွေ လုပ်ဆောင်ခဲ့တယ်ဆိုတဲ့ ပြစ်မှုနဲ့ ကတ်တလန်ခွဲထွက်ရေးခေါင်းဆောင် ကိုးဦးကို ထောင်ဒဏ် ၁၃ နှစ်နဲ့အထက် ချမှတ်ကြောင်း ကတ်တလန် တရားရုံးချုပ်က အမိန့်ချလိုက်တဲ့အချိန်ကစပြီး အဲဒီဒေသအတွင်းမှာ တစ်ကျော့ပြန် ထပ်မံပေါ်ပေါက်လာတဲ့ ဆန္ဒပြမှုတွေမှာ အေဒါက နေ့စဉ်နေ့တိုင်းလိုလို ပါဝင်နေခဲ့ပါတယ်။

### ကိုယ့်ကိုယ်ကိုယ်ကာကွယ်ခြင်း

အဓိကရုဏ်း ဖြစ်ပွားမှုကို ထိန်းသိမ်းတဲ့ ရဲတွေနဲ့ဆန္ဒပြသူတွေအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေမှာ ထိခိုက်ဒဏ်ရာရသူ ၆၀၀ နီးပါးအထိ ရှိနေတာဟာ နည်းနည်းနောနော အရေအတွက်တော့ မဟုတ်ပါဘူး။ ဆန္ဒပြသူတွေဟာ မော်တော်ယာဉ်တွေ၊ အမှိုက်ပုံးတွေကို မီးရှို့ဖျက်ဆီးတာတွေအပြင် ရဲတွေကိုလည်း ကျောက်ခဲနဲ့ ပစ်ပေါက်နေကြပြီး ရဲတွေက ရော်ဘာကျည်ဆန်တွေ၊ လက်ကိုင်တုတ်တွေနဲ့ ပြန်တုံ့ပြန်နေကြရပါတယ်။

"ဆန္ဒပြသောင်းကျန်းတဲ့ လုပ်ရပ် မှန်ကန်တယ်လို့တော့ ကျွန်မ မပြောလိုဘူး။ ဒါပေမယ့် ကျွန်မတို့ဟာ ရဲတွေရဲ့ဖိနှိပ်မှုကနေ ကိုယ့်ကိုယ်ကိုယ်ကာကွယ်နေတာဖြစ်တယ်"လို့ အေဒါက ဖြေရှင်းထားပါတယ်။ အေဒါလိုပဲ အကြမ်းပတမ်းဆန္ဒပြရာမှာ ပါဝင်နေကြတဲ့သူတွေအားလုံးဟာ အရွယ်ကောင်းတွေဖြစ်ပြီး သတ္တုတွင်းလုပ်သားတွေတောင် ပါဝင်နေတာကို တွေ့ရပါတယ်။ သူတို့က ရုပ်မြင်သံကြားအစီအစဉ်က ဝန်ထမ်းတွေကိုလည်း ဂရုမစိုက်တဲ့အပြင် ကင်မရာဘက်လှည့်ပြီး လက်ပြတာတွေ၊ မီးလောင်နေတဲ့ အရံအတားတွေရှေ့ ကခုန်တာတွေ ပြုလုပ်ခဲ့ကြပါတယ်။

### ရဲတွေကို တုံ့ပြန်နေခြင်းဖြစ်

အစွန်းရောက် တားဆီးရေးနဲ့ စုံစမ်းထောက်လှမ်းရေးဆိုင်ရာ ဘယ်လ်ဂျီယံ ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်တဲ့ အိုလီဗာ ကူဘာ့ဂ်က ကတ်တလိုနီးယားခွဲထွက်ရေးကို ထောက်ခံတဲ့ ကတ်တလန်ဒေသခံလူငယ်တွေဟာ ရှည်လျားတဲ့ဖြစ်စဉ်တစ်လျှောက်လုံးမှာ ပါဝင်လာပြီး ညသန်းခေါင်အချိန်မှာ ဆူပူဆန္ဒပြမှုလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြသူတွေ မဟုတ်ဘူးလို့ ဆိုပါတယ်။ ၎င်းတို့ဟာ ၂၀၁၇ ခုနှစ် အောက်တိုဘာလတုန်းက ခွဲထွက်ရေးအတွက် ကျင်းပတဲ့ ရွေးကောက်ပွဲ ပိတ်ပင်ခံခဲ့ရမှုနဲ့ နောက်ဆက်တွဲဖြစ်တဲ့ မအောင်မြင်တဲ့ ခွဲထွက်ရေးကြိုးပမ်းမှုမှာ ရဲတွေရဲ့ အကြမ်းဖက်ခဲ့မှုကို တုံ့ပြန်နေကြတာလို့ ကူဘာ့ဂ်က ပြောပါတယ်။

### အတွေ့အကြုံရှိတဲ့ အဖွဲ့တွေပါဝင်

ဆန္ဒပြမှုမှာ ပါဝင်တဲ့လူငယ်တွေဟာ ရဲတွေအပေါ်မုန်းတီးစွာနဲ့ အမြဲတစေ အကြမ်းပတမ်း တုံ့ပြန်တဲ့ မင်းမဲ့ဝါဒီတွေနဲ့ မတူဘူးလို့ ၎င်းကဆိုပါတယ်။ စိတ်ပျက်အားလျော့နေကြတဲ့ ခွဲထွက်ရေးလှုပ်ရှားသူတွေထဲမှာ အတွေ့အကြုံပိုရှိတဲ့ သိုးမွေးခေါင်းစွပ် ဝတ်ဆင်ထားသူတွေလည်းရှိပြီး ၎င်းတို့ဟာ ရဲတွေနဲ့ ရုန်းရင်းဆန်ခတ်ဖြစ်လိုက်တိုင်း ရှေ့ကချည်းပဲ။

ပြီးတော့ ၎င်းတို့ သုံးတဲ့နည်းလမ်းတွေကို ကြည့်လိုက်တာနဲ့ ပဋိပက္ခတွေမှာ ပထမဆုံးအကြိမ်ပါဝင်တဲ့လူတွေ လုပ်တဲ့ပုံစံမျိုး မဟုတ်ဘူး။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ရဲတွေကိုတိုက်ခိုက်တာ၊ သူတို့ဟာ ကတ်တလိုနီးယားဒေသကို ရုပ်ပိုင်းဆိုင်ရာအရ ကိုယ်စားပြုဖော်ပြတဲ့အရာတစ်ခု ဖြစ်သွားချိန်ကစပြီး မင်းမဲ့ဝါဒီပုံစံ ရောက်ရှိသွားတယ်လို့ ကူဘာ့ဂ်က ထောက်ပြခဲ့တာဖြစ်ပါတယ်။

### နိုင်ငံခြားသားတွေပါဝင်

စပိန်ပြည်ထဲရေးဝန်ကြီး ဖာနန်ဒိုဂရန်ဒီ မာလက်စကာက ဆန္ဒပြမှုတွေမှာ ရဲတပ်ဖွဲ့ကို အဓိကပစ်မှတ်ထားပြီး ပဋိပက္ခဖန်တီးတဲ့ အုပ်စုတွေ ပါဝင်နေတယ်လို့ ဆိုပါတယ်။ အစွန်းရောက်တဲ့ လူငယ်တွေဟာ တမင်သက်သက် ပြဿနာရှာဖို့အတွက် တခြားဥရောပနိုင်ငံတွေကနေ ရောက်လာခဲ့တာ ဖြစ်နိုင်တယ်ဆိုတဲ့အချက်ကိုလည်း ၎င်းက ထည့်သွင်း စဉ်းစားနေပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူရဲ့ ပြောကြားချက်အရ ဆန္ဒပြမှုတွေမှာ ဖမ်းဆီးထိန်းသိမ်းခံရသူတွေထဲက ၁၃ ရာခိုင်နှုန်းဟာ ပြည်ပနိုင်ငံသားတွေ ဖြစ်နေပါတယ်။

### ပွဲဆူစေချင်

အလုပ်အကိုင်လည်းမရှိ၊ နိုင်ငံရေးသမားတွေလည်း မဟုတ်တဲ့ တခြားလူငယ်တွေက ၎င်းတို့ဟာ ပွဲဆူစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပဋိပက္ခမှာ ပါဝင်ခဲ့ကြတာလို့ ဝန်ခံပြောကြားခဲ့ပါတယ်။ အသက် ၁၉ နှစ်ရှိပြီဖြစ်တဲ့ လူငယ်တစ်ဦးက ကျွန်တော်ဟာ စပိန်လူမျိုးပါ၊ ခွဲထွက်ရေးသမားတော့မဟုတ်ဘူး။ ဒါပေမယ့် ထင်မြင်ယူဆချက်သက်သက်နဲ့ နိုင်ငံရေးသမားတွေကို ထောင်ထဲဆွဲထည့်လိုက်တဲ့ လုပ်ရပ်က မှန်ကန်တဲ့ လုပ်ရပ်တစ်ခုလို့ ကျွန်တော်မထင်တဲ့အတွက် ဆူပူအုံကြွမှုတွေဖြစ်အောင် ဆန္ဒပြမှုတွေမှာ ကျွန်တော်ပါဝင်ခဲ့တယ်လို့ အေအက်ဖ်ပီကို ဖြေကြားခဲ့ပါတယ်။ ရဲတွေကို ဆန့်ကျင်တဲ့ လုပ်ရပ်တွေမှာ ပါဝင်ခဲ့တဲ့အတွက် ၎င်းရဲ့အမည်ကို ဖော်ပြဖို့ကိုတော့ ငြင်းဆန်ခဲ့ပါတယ်။

### အကြောက်အလန့်မရှိ

ကျွန်တော်တို့ရဲ့ မကျေနပ်ချက်တွေကို ဘယ်လိုထုတ်ဖော်ပြသရမယ်ဆိုတာကို ကျွန်တော်တို့ သိတယ်ဆိုတဲ့အကြောင်း ရဲတွေ သဘောပေါက်နားလည်သင့်တယ်။ ပြီးတော့ဘာကိုမှလည်း ကျွန်တော်တို့ မကြောက်ဘူးလို့ ၎င်းက ပြောပါတယ်။

၎င်းနဲ့အတူ ပါဝင်ခဲ့တဲ့ သူငယ်ချင်းဖြစ်သူ အသက် ၁၇ နှစ်အရွယ် လူငယ်က ၎င်းဟာ ဗင်နီဇွဲလားက လာခဲ့တာဖြစ်ကြောင်း အမည်ထုတ်ဖော်ခြင်းမရှိဘဲပြောခဲ့ပြီး ရဲတပ်ဖွဲ့ရဲ့ ကြမ်းတမ်းစွာ နှိပ်ကွပ်မှုအပေါ် ပြစ်တင်ဝေဖန်လိုက်ပါတယ်။ ဘာစီလိုနာအစွန်အဖျားမှာ နေထိုင်တဲ့ လူငယ်နှစ်ဦးကတော့ ကတ်တလန်ဘာသာစကားကို ပြောဆိုခြင်းမရှိသလို ခွဲထွက်ရေး လှုပ်ရှားမှုနဲ့လည်း ပတ်သက်ဆက်နွှယ်မှု မရှိဘူးလို့ သိရပါတယ်။

### လူ့အဖွဲ့အစည်းကို စိတ်ပျက်

ဆန္ဒပြပွဲတွေမှာ ပါဝင်နေကြတဲ့အဲဒီလူငယ်တွေမှာ အတန်းပညာကောင်းကောင်းတတ်မြောက်ခြင်းမရှိ၊ အလုပ်အကိုင်လည်း မရှိသလို အနာဂတ်အတွက် ဘာအလားအလာကောင်းမှလည်း မမြင်ရဘူး။ ၎င်းတို့ဟာ တရားမျှတမှုကင်းမဲ့တဲ့ လူ့အဖွဲ့အစည်းတစ်ခုအပေါ် စိတ်ပျက်မှုကို ဖော်ပြဖို့ သက်သက်နဲ့ ပဋိပက္ခဖြစ်ပွားမှုတွေမှာ ပါဝင်ပတ်သက်လာခဲ့ကြတာဖြစ်တယ်လို့ ဘယ်လ်ဂျီယံနိုင်ငံက ကျွမ်းကျင်သူပညာရှင် အိုလီဗာကူဘာ့ဂ်က သုံးသပ်ခဲ့ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

> "ဆန္ဒပြမှုတွေမှာ ရဲတပ်ဖွဲ့ကို အဓိကပစ်မှတ်ထားပြီး ပဋိပက္ခဖန်တီးတဲ့ အုပ်စုတွေပါဝင်နေတယ်လို့ ဆိုပါတယ်။ အစွန်းရောက်တဲ့ လူငယ်တွေဟာ တမင်သက်သက် ပြဿနာရှာဖို့အတွက် တခြားဥရောပနိုင်ငံတွေ ကနေ ရောက်လာခဲ့တာ ဖြစ်နိုင်တယ်"

# မန္တလေးမြို့၌ ဥပဒေအထောက်အကူပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှကြီးမှူး၍ အောက်တိုဘာ ၂၀ ရက်က Hotel Sakura Princess ရှိ Cherry ခန်းမ၌ ဥပဒေအထောက်အကူပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဥပဒေအထောက်ကူပြုလုပ်ငန်းသည် မွန်မြတ်သည့်လုပ်ငန်းဖြစ်၍ စေတနာထားလုပ်မည်ဆိုပါက အကျိုးပြုမည့်လုပ်ငန်းဖြစ်ကြောင်း၊ တရားဥပဒေဆိုင်ရာ အကူအညီပေးရေး ဆောင်ရွက်ရာတွင် လက်တွေ့အမှန်တကယ် ကျင့်သုံးဆောင်ရွက်မည့် လုပ်ငန်းစဉ်မှာ ပိုမိုအရေးကြီးသည်ဟု ထင်မြင်ပါကြောင်း အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့၌ ပြောကြားသည်။

"တရားဥပဒေဆိုင်ရာ အကူအညီ ဘယ်လိုလုပ်ကြမလဲဆိုတာကတော့ အမှန်တကယ် ကျင့်သုံးဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်က အရေးကြီးပါတယ်။ တရားရေးမဏ္ဍိုင်ကြီး တည့်မတ်ဖို့အရေးကြီးပါတယ်။ မတိမ်းစောင်းအောင်လည်း ကြိုးပမ်းရမှာပါ။ အားလုံးမှာ တာဝန်ရှိပါတယ်။ စေတနာသန့်သန့်နဲ့ ရိုးရိုးသားသားနဲ့ မိမိရဲ့အတ္တ၊ မိမိရဲ့ကိုယ်ကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ ဝိုင်းဝန်းဆောင်ရွက်ရမှာပါ "ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ဥပဒေအထောက်အကူပြုရေးအဖွဲ့တွင် လုပ်ငန်းတာဝန်များ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများလည်းရှိကြောင်း၊ တရားစွဲအဖွဲ့အစည်းများက ဥပဒေအထောက်အကူပြုရေးအဖွဲ့ကို အကူအညီပေးရမည်မှာ အရေးကြီးကြောင်း၊ လုပ်ငန်းအောင်မြင်နိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကာ မူများချမှတ်ပြီး အမှန်တကယ် အောင်မြင်အောင်လုပ်နိုင်မှသာလျှင် နိုင်ငံ၏ရှေ့ရေး ရင်အေးရမည်ဖြစ်ကြောင်း၊ အပြောင်းအလဲကြီးတစ်ခုလုံးတွင် အားလုံးဆက်စပ်ပါဝင်နေကြောင်း၊ တိုင်းပြည်၏ လူမျိုးနှင့် နိုင်ငံ့မျက်နှာကြည့်ပြီး စိတ်စေတနာသန့်သန့်ဖြင့် လုပ်ကြရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်ရမည့် ခရီးတွင်လည်း ရှိနေဦးမည့် စိန်ခေါ်မှုများကိုလည်း ကျော်လွှားနိုင်ရန်အတွက် နိုင်ငံသားများအားလုံးညီညွတ်ကြရန်၊ သွေးစည်းကြရန် အရေးကြီးကြောင်း၊ ပူးပေါင်းဆောင်ရွက်ချင်သည့် စိတ်ဓာတ်ရှိမှသာ မျှော်မှန်းနေသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုထူထောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် My Justice၊ PRLM တို့နှင့်အတူ လက်တွဲကာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး မူသဘောတရားနှင့် လုပ်ငန်းဆောင်ရွက်ချက်အစီအမံအား အကောင်အထည်ဖော်ရန်အတွက် အစီအစဉ်ရေးဆွဲခြင်း နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

## ရှင်အပါး ၅၀၀၀ ရှင်ပြုအလှူတော်မင်္ဂလာအတွက် ညှိနှိုင်းဆွေးနွေး

**ပွင့်ဖြူ အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားကြီးတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ)၏ မတည်လှူဒါန်းမှု၊ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ၏ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် ဒီဇင်ဘာ ၂၂ ရက် မှ ၂၄ ရက်အထိ ရှင်အပါး ၅၀၀၀ ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပနိုင်ရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ရှင်အပါး ၅၀၀၀ ရှင်ပြုအလှူမင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အမှာစကား ပြောကြားသည်။

ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)က ရှင်ပြုမင်္ဂလာပွဲတွင် တာဝန်ယူဆောင်ရွက်ကြမည့် ဌာနဆိုင်ရာများ အနေဖြင့် လုပ်ငန်းဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်အစီအစဉ်များကို အသေးစိတ် ကြိုတင်စီစဉ် ဆောင်ရွက်ထားရှိရေးအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊ ကျင်းပရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက ရှင်အပါး ၅၀၀၀ အလှူတော်မင်္ဂလာအခမ်းအနားလုပ်ငန်း ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် ကျင်းပရေးလုပ်ငန်းအစီအမံအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ရှင်ပြုအလှူမင်္ဂလာပွဲအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာများအနေဖြင့် ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဆရာတော်ကြီးများ၊ နာယကအဖွဲ့များ၏ ဩဝါဒလမ်းညွှန်မှုကိုခံယူကာ မိမိတို့လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

**သန်းနိုင်ဦး(ငဖဲ)**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ကျောင်းဆောင်သစ်အလှူရှင်နှင့် တာဝန်ရှိသူများ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ရှင်ပြုအလှူတော်မင်္ဂလာအတွက် ညှိနှိုင်းဆွေးနွေးပွဲ၌ အမှာစကား ပြောကြားစဉ်။

## ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အေးသုခကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာ့အလင်းရောင်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် (၁၉)ကြိမ်မြောက် ရွှေဟင်္သာစက်ရုံမှ ကျောင်းသုံးဗလာစာအုပ်၊ စာရေး ကိရိယာများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ကျောင်းဆောင်သစ်အလှူရှင် မြို့ဦးကျောင်းဆရာတော် အရှင်ပညာစက္က၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ လူမှုရေးဝန်ကြီးဒေါ်ညွန့်ညွန့်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘုန်းမြင့်အောင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဆရာကြီးဦးစန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အလှူရှင် မြို့ဦးကျောင်းဆရာတော်နှင့် ဒါယကာ ဒါယိကာမများ စုပေါင်း ဆောက်လုပ်လှူဒါန်းသည့် ပညာ့အလင်းရောင်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားပစ္စည်းများနှင့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့တို့အတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၁၄၅ ပေ၊ အနံ ပေ ၃၀ အာစီ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ငွေကျပ် သိန်း၄၈၀ အကုန် အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည့်အပြင် ရွှေဟင်္သာစက်ရုံမိသားစုများမှ အေးသုခပညာရေးမိသားစုနယ်မြေရှိ ကျောင်းပေါင်းခုနစ်ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ပေါင် အောက်တိုဘာ ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက်ရှိ ဆယ်အိမ်စုပိုင်းတွင် အောက်တိုဘာ ၂၀ ရက်ညက မီးလောင်မှုဖြစ်ပွားခဲ့သော လူနေအိမ်ခြေခြောက်လုံးမှ အိမ်ထောင်စုခြောက်စုအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ယမန်နေ့တွင် မီးဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က မီးဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့ပြီး ပျက်စီးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ သန်းခေါင်စာရင်းများကို သက်ဆိုင်ရာဌာနမှ သုံးရက်အတွင်း ပြန်လည်ပြုလုပ်ပေးရန်နှင့် ပူပြင်းခြောက်သွေ့သော နွေရာသီကာလရောက်ရှိ လာပြီဖြစ်သည့်အတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူက သိရှိအောင် တာဝန်ရှိသူများက ဆောင်ရွက်သွားကြရန်နှင့် ပြည်သူများမှ မီးဘေးကြိုတင်ကာကွယ်ရေးကို အလေးထားလိုက်နာဆောင်ရွက်သွားကြရန် မှာကြားသည်။

မီးလောင်ခဲ့သည့် အိမ်ခြောက်အိမ်မှ အိမ်ထောင်စုတစ်စုချင်း အလိုက် ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်ခြောက်သိန်းကိုလည်းကောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများနှင့်ထောက်ပံ့ငွေကျပ် ၇၅၆၇၀၀ တို့ကိုလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ကိုဟိန်း(ပေါင်)**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ မီးဘေးသင့်ပြည်သူများထံ ထောက်ပံ့ငွေပေးအပ်စဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ၌ ဆုရရှိသူများအား ဂုဏ်ပြု

**ထားဝယ် အောက်တိုဘာ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက် ဒိုင်းဆုနှင့် အမျိုးသမီး ပထမဒိုင်းဆုဆွတ်ခူးရရှိသော တနင်္သာရီတိုင်းဒေသကြီး လက်ဝှေ့အဖွဲ့အားဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်မောင်က မိမိတို့တိုင်းဒေသကြီးသည် လက်ဝှေ့အားကစားနည်းတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများကို မွေးထုတ်ပေးနိုင်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ရွှေခြောက်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုနှင့် အမျိုးသား အမျိုးသမီး ပထမဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ရွှေငါးခု ၊ ငွေသုံးခု၊ ကြေးနှစ်ခုနှင့် အမျိုးသမီး ပထမဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့အဖွဲ့အနေဖြင့် ရရှိပြီးသော အောင်မြင်မှုများကို အနာဂတ်သို့တိုင်အောင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်ရန်အတွက် မလျှော့သောဇွဲ၊ လုံ့လဝီရိယ၊ အားမာန်၊ စိတ်ဓာတ်များနှင့် ဆက်လက်ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း ပြောကြားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးလက်ဝှေ့အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၄၅ သိန်းချီးမြှင့်ပြီး တိုင်းဒေသကြီးလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်က ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းနှင့် တိုင်းဒေသကြီးပိုက်ကျော်ခြင်းဆပ်ကော်မတီဥက္ကဋ္ဌ၊ SPG ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးပီတာက ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းချီးမြှင့်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# IFC က ဝက်မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင် ဒေါ်လာသန်း ၈၀၀ ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင်ဖြစ်သော နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) က မြန်မာနိုင်ငံ၏ ဝက်မွေးမြူ ထုတ်လုပ်ရေးကဏ္ဍတွင် ဒေါ်လာသန်း ၈၀၀ ရင်းနှီး မြှုပ်နှံမည်ဖြစ်ပြီး စီမံကိန်းအား ၁၇ လ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

အဆိုပါ ဝက်မွေးမြူထုတ်လုပ်ရေးစီမံကိန်းကို ၁၇ လ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်၊ IFC ၊ UMFCCI မှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ ဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆီကိုလာပြီးလုပ်မယ်လို့ပြောတဲ့အထဲမှာ ကျွန်တော်တို့အဖွဲ့နဲ့ IFC နဲ့ ဆွေးနွေးထားတာရှိပါတယ်။ အဓိကက ဘာလဲဆိုရင် သူတို့က ဝက်မွေးမြူရေးနဲ့ ဝက်သတ်ရုံတွေဆောက်ဖို့အတွက် IFC ကနေ သန်း ၈၀၀ ၊ ၁၇ လအတွင်းမှာ လာပြီးတော့ သန်း ၈၀၀ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ရှိပါတယ်"ဟု ဦးဇော်မင်းဝင်းက ပြောသည်။

ယခုလဆန်းပိုင်းကလည်း နေပြည်တော်ရှိ Hilton Hotel တွင် IFC ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် UMFCCI မှ စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီတို့ ပူးပေါင်း၍ ''Modernizing Myanmar's Pork Industry After ASF ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် ဝက်မွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအဆင်ပြေစွာဆောင်ရွက်နိုင်ရေး ဥပဒေဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ရွာသာကြီးဝက်သားထုတ်လုပ်ရေးရုံနှင့် အင်းစိန်(ရွာမ) ဝက်သားထုတ်လုပ်ရေးရုံတို့ရှိပြီး ရွာသာကြီး ဝက်သားထုတ်လုပ်ရေးရုံမှ တစ်နေ့လျှင် ဝက်အကောင်ရေ ၄၅၀ မှ ၅၀၀ ကြားထွက်ရှိကာ အင်းစိန်(ရွာမ) ဝက်သားထုတ်လုပ်ရေးရုံမှ တစ်နေ့လျှင် ဝက်အကောင်ရေ ၉၀၀ မှ ၁၀၀၀ ကြား ထွက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**ငြိမ်းငြိမ်း**

# နိုင်ငံတစ်ဝန်းလုံး၌ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး အပိုဆောင်း ထိုးနှံသွားမည်

**မန္တလေး အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်း ထိုးနှံခြင်းလုပ်ငန်းကို အသက်ကိုးလမှ အသက် ၅ နှစ်ခွဲ အရွယ် ကလေးငယ်တိုင်းအား ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ (ပထမအကြိမ်) နှင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ (ဒုတိယအကြိမ်) အပိုဆောင်း ကာကွယ်ဆေးထိုးနှံသွားမည်ဖြစ်ကြောင်း မန္တလေးမြို့၊ Hilton ဟိုတယ်၌ ယမန်နေ့က ပြုလုပ်သော နိုင်ငံတစ်ဝန်းလုံး ဝက်သက်-ဂျိုက်သိုး ကာကွယ် ဆေးအပိုဆောင်းထိုးနှံခြင်း လုပ်ငန်းနှင့် ပတ်သက်သော ရှင်းလင်းပွဲမှ သိရသည်။

ဝက်သက် - ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးခြင်းကို မြန်မာနိုင်ငံအတွင်းရှိ အသက် ၅ နှစ်အောက် ကလေးသေဆုံးမှုကို ထပ်မံလျှော့ချနိုင်ရန်နှင့် ၂၀၂၃ ခုနှစ်တွင် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကင်းဝေး၍ မွေးရာပါ ဂျိုက်သိုးရောဂါကင်းစင် ပပျောက်စေရန် ရည်ရွယ်ချက်များဖြင့် အပိုဆောင်းထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် ဝက်သက် - ဂျိုက်သိုး ကာကွယ်ဆေးကို တစ်နိုင်ငံလုံးရှိ အသက်ကိုးလမှ ၅ နှစ်ခွဲအတွင်းရှိသော ကလေးငယ်များအား ယခင်က ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ၊ ဝက်သက် (သို့) ဂျိုက်သိုး ပေါက်ဖူးသည်ဖြစ်စေ၊ မပေါက်ဖူးသည်ဖြစ်စေ၊ ကလေးအားလုံးကို အပိုဆောင်းတစ်ကြိမ်ထိုးပေးသွားမည် ဖြစ်ကြောင်း၊ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အတွင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ သွားလာရခက်ခဲဒေသ ၉၆ မြို့နယ်တွင် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးကို ပိုလီယို ကာကွယ်ဆေးနှင့်အတူ ထိုးနှံတိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက် အတွင်း တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ကျန်မြို့နယ် ၂၃၄ မြို့နယ်တွင် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းမှ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးကို အသက်ကိုးလတွင် ပထမအကြိမ်၊ အသက် ၁၈ လတွင် ဒုတိယအကြိမ် နှစ်ကြိမ်ထိုးပေးခြင်းဖြင့် ရောဂါကာကွယ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ ဝက်သက် - ဂျိုက်သိုး ကာကွယ်ဆေးကို အပိုဆောင်းထိုးနှံပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၉ ခုနှစ်တွင် ဝက်သက်-ဂျိုက်သိုးရောဂါဖြစ်ပွားသူ ၃၇၂၈ ဦးရှိပြီး သေဆုံးသူ ၂၃ ဦးရှိကြောင်းအဆိုပါ ရှင်းလင်းပွဲမှ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင် ဆန်းသစ်ဝေဆာ ထွက်ပြီ

**နေပြည်တော် အောက်တိုဘာ ၂၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံ အားပေးလာခဲ့သော သုတပဒေသာ စာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။




နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေး စသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြား ကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန် စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ် အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်သော သုတပဒေသာ စာစောင် (အောက်တိုဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်း ဈေး နေပြည်တော် ဖုန်း- ၀၆၇-၃၄၃-၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂-၄၀၃၀၁၈၆ ၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန် မြို့ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လည်ဘူးမြို့နယ်၌ ကျေးရွာ၇၃ရွာ လျှပ်စစ်မီးရရှိ

**ပင်လည်ဘူး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မြို့နယ်လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးဌာနမှ အမျိုးသားလျှပ်စစ်စီမံကိန်းဖြင့် ၂၀၁၉ ခုနှစ်အတွင်း ကျေးရွာပေါင်း ၁၉ ရွာ၌ ၂၄ နာရီကျေးရွာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကြိုးကြာဝင်းကျေးရွာ၌ အမျိုးသားလျှပ်စစ်စီမံကိန်းလုပ်ငန်း ပြီးစီးပြီဖြစ်၍ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာ လျှပ်စစ်ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့သည်။

ပင်လည်ဘူးမြို့နယ်တွင် ကျေးရွာပေါင်း ၂၆၆ ရွာရှိရာ ကျေးရွာပေါင်း ၇၃ ရွာ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၁၀-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၅ | ကျပ် | ၉၅၀/၉၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၀ | ကျပ် | ၉၆၀/၉၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၄၅ | ကျပ် | ၈၈၀/၈၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၀/၉၄၀ | ကျပ် | ၉၈၅/၉၉၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၅ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၁၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၇ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၈၇ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၄ . ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၃ . ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၇၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၆၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၀ . ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၆ . ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၄၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၁၄၃၆ | ၁၉၆၄၃၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၈၄၉၂ | ၄၂၀၄၇၇၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၄ | ၃၃၂၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၅၀၃ | ၁၂၁၀၂၅၀၀ |
| TMH | ၃၀၀၀ | ၂၉၅၀ | ၁၅၃၈ | ၈၁၅၉၆၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt@ gmail.com,

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကလေးသူငယ်များအပေါ် အနိုင်ကျင့်မှုများ ပပျောက်စေရန် ရည်ညွှန်းရိုက်ကူးထားသည့် “သေတ္တာအမှတ်(၈၈)” ရုံတင်တော့မည်



ကလေးသူငယ် အကြမ်းဖက်မှုများနှင့် ကလေးသူငယ်များ အပေါ် အနိုင်ကျင့်မှုများ ပပျောက်စေရန် အဓိကရည်ရွယ်ပြီး 7th Sense ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် သေတ္တာအမှတ်(၈၈)(Box No.88)ဟု အမည်ပေးထားသော ဇာတ်ကားကို နိုဝင်ဘာ ၇ ရက်မှစ၍ ရုံတင်ပြသမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဇာတ်ညွှန်း နေဟိန်းက ရေးသား၍ ပြည့်ဇော်ဖြိုးက မွမ်းမံပြီး ဒါရိုက်တာ ဝင်းလွင်ထက်က ရိုက်ကူးဖန်တီးထားကာ အကယ်ဒမီ နေတိုး၊ အကယ်ဒမီ ထွန်းထွန်း၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ သားညီ၊ ကလေးသရုပ်ဆောင် အိန်ဂျယ်ဝတ်မှုံနှင့် အနုပညာရှင်များစွာ ပါဝင်ကြောင်း သိရသည်။

7th Sense Film Production မှ CEO ဦးဝေမင်းမောင်က "ကျွန်တော်တို့ ထုတ်လုပ်ရေးအနေနဲ့ကတော့ ယနေ့ခေတ်မှာဖြစ်ပေါ်နေတဲ့ အကြောင်းအရာလေးတွေကို အခြေခံပြီး အများဆုံးရိုက်ကူးထုတ်လုပ်လေ့ရှိပါတယ်၊ အခု ဒီသေတ္တာအမှတ်(၈၈) ဇာတ် ကားကလည်း ကလေးသူငယ်တွေကို အကြမ်းဖက်တာနဲ့ ပတ်သက်ပြီး မသိထားသေးတဲ့ ဥပဒေအကြောင်းအရာတွေကို မိဘတွေ သိလာအောင်ရယ်၊ နောက်တစ်ခုက ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ ကလေးတွေ ခံစားနေရတာတွေကို သိတတ်မြင်တတ်ကြစေဖို့ ရည်ရွယ်ထားပါတယ်၊ ပြီးတော့ သက်ဆိုင်တဲ့ တာဝန်ရှိသူတွေက ဒီလိုမိသားစုတွေကို ဘယ်လိုကာကွယ်ပေးနိုင်သလဲ ဆိုတာလေးကို မီးမောင်းထိုးပြတဲ့အနေနဲ့လည်း ရိုက်ကူးထုတ်လုပ်ထားတာပါ၊ ဖြစ်ရပ်မှန်လေးတစ်ခုကို အခြေခံပြီး ရိုက်ထားတဲ့ကားလေးလို့လည်း ပြောလို့ရပါတယ်၊ ဒီလိုအဖြစ်ဆိုးကြီးကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့လာရတဲ့အခါ ရင်နဲ့လွယ်မွေးခဲ့ရတဲ့ မိဘတွေရဲ့အတိဒုက္ခ၊ အခုလိုအဖြစ်အပျက်တွေကို ဥပဒေဘောင်အတွင်းက ကိုင်တွယ်ဖြေရှင်းပေးနေတဲ့ တာဝန်ရှိသူများနဲ့ သားသမီးဇောကပ်နေတဲ့ မိဘတွေကြားက ပြဿနာများ စတာတွေကို သေတ္တာအမှတ်(၈၈) ဇာတ်ကားမှာ မြင်တွေ့ရ မှာပါ”ဟု ပြောသည်။

ထိုဇာတ်ကားတွင် သရုပ်ဆောင်နေတိုးက အမှန်တရားကို မြတ်နိုးပြီး အများပြည်သူကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသော မီဒီယာသမား သတင်းထောက်တစ်ဦးအဖြစ် သရုပ်ဆောင်ထားကာ မိမိ၏ မိသားစုတွင် ထိုသို့ သက်ငယ်အနိုင်ကျင့်မှုနှင့် ကြုံတွေ့လာရသည့်အခါ ကိုင်တွယ်ဖြေရှင်းပုံများကို မြင်တွေ့ကြရမည်ဟု သိရသည်။

**ကိုလင်း**

## “လူထဲကလူ”ရုပ်ရှင်ကို လူသားချင်း ခွဲခြားဆက်ဆံမှုများ ပပျောက်စေရန် ရည်ရွယ်ရိုက်ကူးခြင်းဖြစ်

**ဒါရိုက်တာ ကိုပေါက် ရိုက်ကူးမည့် “လူထဲကလူ” ရုပ်ရှင်ဇာတ်ကားကြီးတွင် မြင့်မြတ်၊ ရဲအောင်၊ အောင်လေး၊ စိုးမြတ်သူဇာ၊ ပက်ထရစ်ရှာ၊ စိုးမိုးကြည်၊ ခင်လှိုင်၊ တက္ကသိုလ်ဝွမ်းပုံနှင့် အခြားအနုပညာရှင်များစွာတို့နှင့်အတူ လက်ရှိတွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဖိလစ်ပိုင် LGBT Model ဖြစ်သူ Sinon Loresca လည်း ပါဝင်မည်ဖြစ်ကာ ယင်းဇာတ်ကားသည် LGBT တစ်ယောက်၏ ဖြစ်ရပ်မှန်ဇာတ်လမ်းကို ကျောရိုးယူ၍ ရိုက်ကူးမည်ဖြစ်ပြီး လူသားအချင်းချင်း ခွဲခြားဆက်ဆံမှုများ ပပျောက်စေရန် ရည်ရွယ်ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။**



“လူထဲကလူ”ရုပ်ရှင် ကန်တော့ပွဲပေးသည့် အခမ်းအနားမှ သရုပ်ဆောင်များ

“ဖေ့စ်ဘွတ်ခ်မှာ ကျွန်တော် တွေ့လိုက်ရတဲ့ စိတ်မကောင်းစရာ မြင်ကွင်းလေး တစ်ခုကို အခြေခံပြီးတော့ ဇာတ်လမ်းရေးတာပါ၊ အဲဒါက လူတစ်ယောက်ကို သူ့ရဲ့ အပြုအမူ၊ အနေအထိုင်ကြောင့် မင်းက အခြောက်လား၊ မင်းဝန်ခံစမ်း၊ ဝန်ခံစမ်းဆိုပြီးတော့ ပတ်ဝန်းကျင်က ပြောကြတဲ့ အချိန်မှာ နောက်နေ့မှာ သူ့ဘာသာသူ ဆွဲကြိုးချပြီး သတ်သေသွားတယ်ဆိုတဲ့ သတင်းလေးတစ်ခုကို အခြေခံပြီးတော့ လူတစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်မှ၊ ဓားနဲ့ထိုးသတ်မှ သေတာမျိုးမဟုတ်ဘဲ ပါးစပ်နဲ့သတ်ရင်လည်း သေတာပဲဆိုတဲ့ massage ပေးချင်တာပါ၊ ပါးစပ်နဲ့သတ်လို့ သေသွားတဲ့ လူတစ်ယောက်က သေရတာ တန်သလားပေ့ါ၊ ကျွန်တော်တို့လောကကြီးမှာ လူရယ်လို့ဖြစ်လာရင် အားလုံးက အကောင်းဆုံးကို လိုချင်ကြတာပဲလေ၊ ခြေကျိုးလက်ကျိုး ပါလာတာလည်း ဘယ်သူမှ မလိုချင်ကြဘူး၊ ဒါပေမယ့် အတိတ်ဘဝက ကုသိုလ်ကံကြောင့် ဖြစ်လာရတဲ့အပေါ်မှာ လူတွေက ပတ်ဝန်းကျင်က နားလည်ပေးဖို့လိုတယ်ပေ့ါ၊ အဲဒီနေရာမှာ ကိုယ်ဆိုရင်ရော ဘယ်လိုနေမလဲဆိုတဲ့ ကိုယ်ချင်းစာစိတ်ပေ့ါ၊ ဒီ massage လေး ပေးချင်လို့ ဒီဇာတ်လမ်းလေး ဖြစ်လာတာပါ၊ ဒီကားလေးက ကျွန်တော်တို့နိုင်ငံမှာ လူအချင်းချင်း ခွဲခြားဆက်ဆံမှုအချို့ ရှိနေတာကို ပြသချင်တဲ့ ပညာပေးဇာတ်ကားလေးပါ”ဟု ဒါရိုက်တာ ကိုပေါက်က ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီး လူမှုကွန်ရက်တွင် နာမည်ကျော်နေသည့် ဖိလစ်ပိုင် LGBT Model ဖြစ်သူ Sinon Loresca ကိုပါ ခေါ်ရိုက်ခြင်းနှင့်ပတ်သက်၍လည်း ကိုပေါက်က “ဖိလစ်ပိုင်နိုင်ငံသား Sinnon Loresca နဲ့ ရိုက်ဖြစ်တာက သူက အာရှမှာတင်မကဘူး၊ ကမ္ဘာ့နိုင်ငံအချို့ကပါ ချစ်ကြတဲ့သူဖြစ်သလို LGBT တစ်ယောက်လည်း ဖြစ်နေတယ်၊ သူ့ရဲ့ ဘဝတစ်စိတ်တစ်ပိုင်းလေးလည်း ပါမှာပါ၊ လူသားတွေအားလုံးက လူပါပဲ၊ လူကို လူလို မြင်စေချင်တယ်၊ သူကတော့ ဘာမို့၊ ငါကတော့ ဘာမို့ဆိုတဲ့ အမြင်သေးသိမ်တဲ့ သဘောတရားတွေ မရှိစေချင်လို့ ဒီကားလေးကို ရိုက်ကူးဖြစ်တာပါ”ဟု ဆက်ပြောသည်။

အဆိုပါရုပ်ရှင်ကို အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်၍ ရန်ကုန်နှင့် ပုဂံတွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

## ဟာသဖလား လူရွှင်တော်ပြိုင်ပွဲကြီး ကျင်းပမည်

Fluza အအေးမိတုပ်ကွေး ဖျားနာပျောက်ဆေးမှ ဦးစီးပြုလုပ်မည့် ဟာသဖလား ပြိုင်ပွဲကို “အအေးမိတုပ်ကွေးဖျားနာ Fluza ဖြင့် ကာကွယ်ပါ” ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၅ ရက် ညနေ ၅ နာရီမှ ည ၉ နာရီအထိ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပသွားမည်ဟု သိရသည် ။

အဆိုပါပြိုင်ပွဲတွင် ဟာသလူရွှင်တော်အဖွဲ့ပေါင်း ခြောက်ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အကဲဖြတ်ဒိုင်လူကြီးများအဖြစ် ဝါရင့်နာမည်ကြီး လူရွှင်တော်များဖြစ်သော ဦးတိမ်ညွန့်၊ ဦးရောနှင့် ဦးငြိမ်းချမ်းတို့က အကဲဖြတ်ရွေးချယ်မည်ဖြစ်ကြောင်း၊ ဆုများအဖြစ် ဟာသဖလား Winner အဖွဲ့ကို ကျပ် ၁၂ သိန်း၊ 1st Runner up အဖွဲ့ကို ကျပ်ကိုးသိန်း၊ 2nd Runner up အဖွဲ့ကို ကျပ်ငါးသိန်း၊ ဟာသဖလား People Choice Award ကို ကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆု သုံးဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဟာသဖလားပွဲအတွက် ရုပ်သံထုတ်လွှင့်မှု Partner အဖြစ် Channel–K က ပါဝင်အားဖြည့် ကူညီပေးထားပြီး ပွဲကျင်းပမည့်နေ့ ညနေ ၅ နာရီမှ ည ၉ နာရီအတွင်း Channel–K Facebook page နှင့် Channel–K (Free to Air Channel)မှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**




## ပရိသတ်နှင့် ခြောက်နှစ်ကျော် ဝေးကွာနေခဲ့သည့် သအို၏ အိုအေစစ် စီးရီးသစ်မိတ်ဆက်

ဂီတသက်တမ်း ၁၅ နှစ်ရှိပြီဖြစ်ကာ လွန်ခဲ့သည့် ခြောက်နှစ်ခန့်မှစ၍ ပရိသတ်နှင့် ဝေးကွာနေခဲ့သည့် အဆိုတော် သအို၏ အိုအေစစ်ဟု အမည်ပေးထားသော တတိယမြောက် တေးစီးရီးကို အောက်တိုဘာ ၂၂ ရက်မှစတင်ကာ Stardust Myanmar မှတစ်ဆင့် ဖြန့်ချီသွားမည်ဟုသိရသည်။ အဆိုတော် သအိုသည် ၂၀၀၅ ခုနှစ်က ရေသောက်မြစ်/ သင်ခန်းစာဟု အမည်ပေးထားသော တစ်ကိုယ်တော် တေးစီးရီးခွေဖြင့် အောင်မြင်သည့် ဂီတသမားတစ်ဦးဖြစ်ခဲ့ပြီး ယခုထွက်ရှိသည့် အိုအေစစ် တေးစီးရီးမှာ ပရိသတ်နှင့်ဝေးကွာနေရာမှ ပထမဆုံး ပြန်လည်ထွက်ရှိလာသော စီးရီးဖြစ်သည်။

“ဒီအခွေလေးကို လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းက စပြီး ဖန်တီးနေတာပါ၊ အသက်အရွယ်အရ ဂီတဖန်တီးမှုလေးတော့ နည်းနည်း ကွာသွားတာပေ့ါနော်၊ ပထမဆုံးအခွေတုန်းကတော့ ကော်ပီဆိုခဲ့တယ်၊ ဒုတိယခွေကျတော့ ကော်ပီနဲ့ ကိုယ်ပိုင်သံစဉ်ရောပြီး ဖန်တီးခဲ့တယ်၊ အခု အိုအေစစ်အခွေကတော့ သီချင်းတွေ အကုန်လုံး ကိုယ်ပိုင်သံစဉ်တွေပဲ သီးသန့်ဖန်တီးထားတာပါ၊ ခြောက်နှစ်တောင် ကြာခဲ့တာက ကိုယ်ပိုင်သံစဉ်ဆိုတာ တကယ်ကို ရှာရတာ ခက်တယ်ဗျာ၊ သီချင်းတွေ စုရတယ်၊ တခြားသံစဉ်တွေနဲ့မတူအောင် ဖန်တီးရတယ်၊ ကိုယ်ပိုင်သံစဉ်ဖြစ်တော့ အများကြီး အခက်အခဲရှိခဲ့တာတော့ အမှန်ပဲ၊ အကောင်းဆုံးဖြစ်အောင်တော့ ကျွန်တော်ဖန်တီးထားတာပါပဲ၊ ပရိသတ်အကြိုက်တွေ့ဖို့တော့ မျှော်လင့်နေမှာပါ”ဟု သအိုက ပြောသည်။

အဆိုပါစီးရီးတွင် တေးသီချင်း ၁၁ ပုဒ်ပါဝင်ကြောင်း သိရသည်။ လက်ရှိပြောင်းလဲနေသော ဂီတလောကနှင့် ဈေးကွက်အနေအထား ပတ်သက်၍လည်း သအိုက "အခုခေတ်မှာတော့ အကုန်လုံးက မီနီပုံစံလေးတွေ ထွက်ကြတာများတာပေ့ါနော်၊ ကျွန်တော်ကတော့ ပရိသတ်တွေကို ပြည့်ပြည့်စုံစုံနဲ့ ရသ မျိုးစုံလေး ပေးချင်လို့ ၁၁ ပုဒ်လုံး လုပ်ဖြစ်ခဲ့တာပါ၊ ဈေးကွက်အရတော့ အဆင်မပြေဘူးဆိုပေမယ့် ကျွန်တော့်သီချင်းလေးတွေကို ခံစားစေချင်တဲ့စိတ်ကြောင့်ပါ၊ တစ်ပုဒ်ကောင်းဆိုပြီး မီနီလေးလုပ်ရင်တော့ ရတာပေ့ါနော် ၊ ဒီဘက်ခေတ် ဂီတ ဈေးကွက်က အရင်ကလောက် အဆင်မပြေတော့ဘူးလေ၊ ကျွန်တော့်ထက်နာမည်ကြီးတဲ့ ဝါရင့် ဂီတသမားတွေတောင် အများဆုံးရောင်းရ အခွေ ၃၀၀၀ မကျော်ဘူးဆိုတော့ ကျွန်တော်ဆို ပြောမနေပါနဲ့တော့၊ ဘာဖြစ်ဖြစ် အကုန်လုံး အကောင်းဆုံး ပရိသတ်ကို ပေးချင်တာမို့ ရှုံးရှုံးမြတ်မြတ် သိပ်ဂရုမစိုက်တော့ပါဘူး၊ ဒီအခွေလေးကို ကျွန်တော် ပိုပြီး အားရမိပါတယ်၊ ဒီအခွေထဲမှာ အချစ်အကြောင်းတွေပါမယ်၊ ဒဿနဆန်တဲ့ပုံစံလေးတွေ ပါမယ်၊ ကျွန်တော်တို့ လူသားတွေ နေဝင်ချိန်ရောက်နေသည့်တိုင်အောင် လောဘ ဒေါသတွေနဲ့ သတိမေ့နေတတ်တာကို တေးရေးဆရာ အောင်ကိုမြင့် ရေးပေးထားတဲ့ တရားသဘော ပုံစံလေးတွေပါတဲ့ တေးသီချင်းလေးတွေလည်း ပါပါတယ်"ဟု ဆက်ပြောသည်။

သီချင်းများကို သေချာစုစည်းခဲ့သောကြောင့် ယခု စီးရီးအတွက် အချိန်ကာလ ကြာမြင့်ခဲ့ခြင်းဖြစ်ကာ ထပ်မံ၍လည်း သီချင်းသစ်များ ရှိနေသေးကြောင်းနှင့် နောက်နှစ်နှစ်ခန့်တွင် စတုတ္ထမြောက်စီးရီးကို ထွက်ရှိနိုင်ရန် ဆက်လက်ပြင်ဆင်နေကြောင်း သိရသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

# လေဒီဂါဂါ ရှိုးပွဲမှာ ဖျော်ဖြေစဉ် စင်ပေါ်မှပြုတ်ကျ

အဆိုတော် လေဒီဂါဂါကတော့ နောက်ပိုင်းဆိုရင် စင်ပေါ်မှာ တစ်ကိုယ်တည်းသာ ကပြဖျော်ဖြေချင်တော့မှာပါ။ ဘာလို့လဲဆိုတော့ အမ်ဂျီအမ်ပွဲခ် ကဇာတ်ရုံအတွင်းမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ လေဒီဂါဂါဟာ ပရိသတ်တွေထဲက တစ်ယောက်ကို စင်ပေါ်တက်လာပြီး သူနဲ့အတူကဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ပရိသတ်တစ်ဦး စင်ပေါ်တက်လာပြီး လေဒီဂါဂါနဲ့အတူကပြစဉ် ခြေချော်သွားပြီး နှစ်ဦးသားဖက်လျက် အနေအထားနဲ့ စင်ပေါ်ကနေ ပရိသတ်တွေကြား ပြုတ်ကျခဲ့ပါတယ်။

လေဒီဂါဂါကို ပွေ့ချီလိုက်စဉ် ခြေမခိုင်ဘဲ ပြုတ်ကျသွားရတာပါ။ အဲဒီနောက်မှာတော့ သူတို့စင်ပေါ်က ပြုတ်ကျတဲ့ဗီဒီယိုဖိုင်ဟာ တွစ်တာပေါ်မှာ ပျံ့နှံ့သွားပြီး ကြည့်ရှုသူများခဲ့ပါတယ်။ လေဒီဂါဂါဟာ လုံခြုံရေးတွေရဲ့ အကူအညီနဲ့ စင်ပေါ်ပြန်တက်လာနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ လေဒီဂါဂါဟာ သူနဲ့အတူပြုတ်ကျခဲ့တဲ့ ပရိသတ်ကို စင်နောက်ခေါ်ခဲ့ပြီး စင်ပေါ်ကပြုတ်ကျခဲ့တာနဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ဖို့ ပြောကြားခဲ့ပါတယ်။

"တို့နှစ်ယောက်ပြုတ်ကျသွားတဲ့ ပုံစံဟာ တိုက်တန်းနစ်ဇာတ်ကားထဲက ဇာတ်ကောင်တွေဖြစ်ကြတဲ့ လီလီနဲ့ဂျက်စ်လိုပဲ"လို့ အရွှန်းဖောက်ပြီး ပြောခဲ့ပါတယ်။ နောက်ပြီးတော့ လေဒီဂါဂါအတွက် စင်ပေါ်ကပြုတ်ကျတာ အခုတစ်ကြိမ်ဟာ ပထမဦးဆုံးအကြိမ် မဟုတ်ဘူးလို့လည်း သိရပါတယ်။ **ဒေးလီးကော်လာ**



အဆိုတော်လေဒီဂါဂါ

# ဂျနီဖာလောရင့်စ်နှင့် ကုတ်ခ်မာရိုနီ လက်ထပ်ပွဲကျင်းပ

ဟောလိဝုဒ် ရုပ်ရှင်မင်းသမီးတစ်လက်ဖြစ်တဲ့ ဂျနီဖာလောရင့်စ်ဟာ ကုတ်ခ်မာရိုနီနဲ့လက်ထပ်ပွဲ ကျင်းပသွားပြီပဲ ဖြစ်ပါတယ်။ အော်စကာဆုရှင်လည်းဖြစ်တဲ့ ဂျနီဖာလောရင့်ဟာ သူလက်ထပ်လိုက်ပြီဆိုတဲ့အကြောင်းကို အောက်တိုဘာ ၂၀ ရက်မှာ စီအင်န်အင်န်ကို အတည်ပြု ပြောကြားခဲ့ပါတယ်။ လက်ထပ်ပွဲကိုတော့ အောက်တိုဘာ ၁၉ ရက်က ရုဒ်ကျွန်းပေါ်က ဗိမ်ခံဟိုတယ်ကြီးမှာ ကျင်းပခဲ့တယ်လို့ မင်္ဂလာပွဲတက်ရောက်ခဲ့သူတွေက ပြောပါတယ်။

ဂျနီဖာလောရင့်စ်နဲ့ မာရိုနီတို့ဟာ လက်ထပ်ပွဲမှာ ဧည့်သည်ပေါင်း ၁၅၀ ခန့်ကို ဖိတ်ကြားခဲ့ပါတယ်။ အဲဒီပွဲကိုတက်ရောက်ခဲ့ကြတဲ့ နာမည်ကျော်တွေကတော့ အီမာစတုန်း၊ အဒဲလ်၊ ခရစ်ဂျန်နာတို့ပဲ ဖြစ်ကြပါတယ်။ ဂျနီဖာလောရင့်စ်ဟာ ၂၀၁၅ နဲ့ ၂၀၁၆ ခုနှစ်တို့မှာ ဝင်ငွေအကောင်းဆုံး ဟောလိဝုဒ်မင်းသမီး ဖြစ်ခဲ့ပါတယ်။ **စီအင်န်အင်န်**




ပူပူနွေးနွေး လက်ထပ်ထားသည့် ဂျနီဖာလောရင့်စ်နှင့် ကုတ်ခ်မာရိုနီတို့ကို တွေ့ရစဉ်။

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၁၉၆)



# လန်ဒန်မြို့သို့ ဥပဒေခရီး

### ဦးဟန်ညွန့်(ဥပဒေ)

၁၉၉၈ အယူအဆမှာ **လန်ဒန်** အမည်သည် ရှေးခေတ် ဥရောပ စကား ဖြစ်ပါသတဲ့။ အလွန်ကျယ်၍ ခံတပ်ဆောက်ရန် မဖြစ်နိုင်သော နေရာ၊ သိမ်းမြစ်ကို အစွဲပြု၍ခေါ်သော အမည်ဟု ပညာရှင်များက ပြောကြပြန်သည်။

၂၀၁၀ မှတ်တမ်းတွင် ဘောက်ဆောတံတား၏ တောင်ဘက်၊ သိမ်းမြစ်၏ ကမ်းခြေ၌ ကြီးမားသော သစ်အဆောက်အအုံ၏ အခြေအမြစ်များကို တွေ့ခဲ့ကြရသည်ဟု ဆိုပြန်သည်။ ဘီစီ ၄၅၀၀ ခန့်ကဟု ခန့်မှန်းကြပြန်သည်။

ရောမခေတ် လန်ဒန်၊ အင်ဂလိုဆက်ဆွန် လန်ဒန်၊ ခေတ်ဟောင်း ခေတ်သစ် လန်ဒန်အကြောင်းများ ရှည်လျားနေမည်စိုး၍ (သမိုင်းတင်ပြီးသား အားလုံးသိရှိပြီးသားဟု ယုံကြည်၍) ဤဆောင်းပါးတွင် မဖော်ပြတော့ ပါ။ သီးခြားရေးမှ အားရပါးရ တင်ပြပါမည်။

**ဥပဒေသမိုင်းနောက်ခံ**

၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားခဲ့သည်။ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်ကျရောက်ခဲ့သည်။ ထိုကာလ မတိုင်မီ ဗြိတိသျှတို့ သိမ်းယူပြီးဖြစ်သော ပဲခူး၊ ရခိုင်၊ တနင်္သာရီနယ်များသည် အိန္ဒိယဘုရင်ခံချုပ်၏ အုပ်ချုပ်မှု အောက်တွင်ရှိခဲ့သည်။ ၁၈၆၂ ခုနှစ်တွင် ပဲခူး၊ ရခိုင်၊ တနင်္သာရီနယ်တို့ကို မဟာဝန်ရှင်တော်မင်းကြီးက အုပ်ချုပ်ခဲ့သည်။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ ပူးတွဲ ကျင့်သုံးခဲ့သည်။ ၁၈၇၂ ခုနှစ်တွင် တရားရေးမင်းကြီး (Judicial Commissioner) တစ်ဦးကို သီးခြားခန့်ထားခဲ့သည်။

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်က အထက် မြန်မာနိုင်ငံအား ၎င်းတို့အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သည်။ အထက်၊ အောက်မြန်မာပြည် ခွဲခြားအုပ်ချုပ်ခဲ့သည်။ ၁၈၈၆ ခုနှစ်တွင် (The Court of the Judicial Commissioner of Upper Burma) ကို တည်ထောင်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် The Chief Court of Lower Burma ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက်...။

**(၃) နိုင်ငံ**

အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ သုံးနိုင်ငံသို့ လေ့လာရေး ခရီးသွားခဲ့ရသည်။ ၂၀၁၉ အောက်တိုဘာလ ၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဖြစ်ပါသည်။ ဘာကိစ္စလဲ။ ဘာခရီးလဲ။

**ဒီမိုကရေစီနည်းစနစ်ကျသော**

ဒီမိုကရေစီ နည်းစနစ်ကျသော မီဒီယာထိန်းချုပ်မှုပုံစံများအပြင် မီဒီယာနှင့် စပ်လျဉ်းသည့် လွှတ်တော်နှင့် တရားစီရင်ရေး အခန်းကဏ္ဍအား လေ့လာသည့်ခရီးစဉ်ဖြစ်ပါသည်။ တိုတိုရေးရလျှင် **"သတင်းမီဒီယာနှင့် ဥပဒေခရီး"**ဟု ဆိုကြပါစို့။

**သတင်းထောက်၊ ရှေ့နေ**

သတင်းထောက်လည်းဖြစ်၊ ရှေ့နေလည်းဖြစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး တာဝန်ယူနေသူ တစ်ဦးလည်းဖြစ်၍ ဤခရီးတွင် ခရီးသည်တစ်ဦးအဖြစ် လိုက်ပါခွင့်ရသောကြောင့် ကျွန်တော် ကြည်နူးပါသည်။ စိတ်ဝင်စားပါသည်။

**သတင်းနှင့်ဥပဒေ**

သတင်းသည် အရေးကြီးသည်။ ဥပဒေသည်လည်း အရေးကြီးသည်။ နှစ်မျိုးစလုံး အရေးကြီးသည်။ **အရေးကြီးပြီး လူထုအတွက် အခြေခံ အုတ်မြစ်များ**ဟုလည်း ကျွန်တော်ခံယူသည်။ ထို့ကြောင့် သေသေချာချာ လေ့လာမည်။ တိတိကျကျ မှတ်သားမည်။ မှတ် သား လေ့လာရရှိချက်များကို စုစည်းမည်။ ပြည်သူသို့ ပြန်လည်တင်ပြ မည်။ အစီရင်ခံမည်။ သင်ခန်းစာယူမည်။ အကောင်းအဆိုး၊ အတိုးအလျှော့၊ မျှမျှတတ သုံးသပ်မည်။ လိုလျှင်သုံး၊ မလိုလျှင်မသုံး။ ပြန်လည်ချိန်ဆ။

**အဖွဲ့ဝင်များ**

ကျွန်တော်တို့၏ လေ့လာရေးအဖွဲ့ခေါင်းဆောင်မှာ ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်) ဖြစ်သည်။ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌကြီးလည်း ဖြစ်သည်။ ထူးခြားချက်က ဥက္ကဋ္ဌကြီး၏ အသက် ၉၂ နှစ်။ ၉၂ နှစ်ရှိပြီမို့ စွမ်းအားရှိပါ့မလား။ ဒီခရီးမှာ လိုက်ပါနိုင်ပါ့မည်လားဟု ကျွန်တော်တို့အားလုံးက စိုးရိမ်ခဲ့ကြသည်။ အဘဦးအုန်းကြိုင်က အသက်အကြီးဆုံးဖြစ်ပေမယ့် အသွက်လက်ဆုံး၊ အထက်မြက်ဆုံး ခေါင်းဆောင်ဖြစ်နေတော့သည်။ လူငယ်တွေက သူ့ကိုအမီလိုက်နေကြရသည်။ အဖွဲ့ကလည်း အင်အားတောင့်သည်။ အဖွဲ့ဝင်များမှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၊ အဖွဲ့ဝင် ဦးယုလွင်အောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ခင်ကျော် (မီဒီယာ)၊ တရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူး ဦးဇော်မင်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးငွေအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ အတွင်း ရေးမှူး ဦးကျော်စွာမင်း(ဒီမင်း)နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်သင်းသင်းသာ၊ ဒေါက်တာတင်လှိုင်တို့ ပါဝင်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ အဖွဲ့ဝင်(မိမိ)သည် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ စုစုပေါင်း ၁၅ ဦးပါ။ မြန်မာကိုယ်စားလှယ်အဖွဲ့၏ စုစည်းမှု၊ ပူးပေါင်းမှုမှာ အားရကျေနပ်ဖွယ်ပါ။ ဌာနစုံ၊ ပုဂ္ဂိုလ်စုံ၊ ဘာသာရပ်စုံပါ။




မြန်မာကိုယ်စားလှယ်အဖွဲ့ ဥရောပသို့ မထွက်ခွာမီ (၇.၁၀.၂၀၁၉)

**ဘာသာရပ်စုံ**

သတင်းမီဒီယာ ဘာသာရပ်က အဓိက၊ ဥပဒေက ဒုတိယဟု ဆိုကြပါစို့။ သတင်းလွတ်လပ်ခွင့်က အဓိက၊ ဥပဒေ လွတ်လပ်ခွင့်ကလည်း "အဓိကထဲက အဓိက" ဖြစ်နေပြန်သည်။ ထို့ကြောင့် ဤခရီးစဉ်တွင် ဆွေးနွေးရမည့်တာဝန်ကို ပိုင်းခြားကြည့်ကြသည်။ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌကြီးအမှူးပြုပြီး သတင်းမီဒီယာ လွတ်လပ်ခွင့်အကြောင်း ဆွေးနွေးကြမည်။ ဥပဒေနှင့် တရားရေးကတော့ တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့်ကျွန်တော်။ ပြီးတော့ မီဒီယာရှေ့နေ ဒေါ်ခင်ခင်ကျော်။ ပြီးတော့ တရားလွှတ်တော်ချုပ်က ညွှန်မှူး၊ ဒုညွှန်မှူးများ...။ စသည်ဖြင့်။

ပြည်ပနိုင်ငံများက လွှတ်တော်များ၊ လွှတ်တော်အမတ်များနှင့် တွေ့မည့်အစီအစဉ်ပါဝင်သည်။ ဤအစီအစဉ်တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း အမှူးပြုသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြမည်။ ဥပဒေကြမ်းရေးဆွဲရေးမှာ ပြည်တွင်း အတွေ့အကြုံ စုံလင်လှပြီ။ အငြင်းအခုံ၊ အပြိုင်အဆိုင်၊ တက်တက်ကြွကြွ ဥပဒေကြမ်း ရေးခဲ့ကြပြီ။ မြန်မာ အမတ်တွေကို လျှော့မတွက်ကြနှင့်။ ဤသို့ ကျွန်တော်တို့ ယုံကြည်သည်။ သတင်းလွတ်လပ်ခွင့်အတွက်သတင်းမီဒီယာ ကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်း က ပြည်တွင်းပြည်ပ အတွေ့အကြုံရှိပြီး သား။ အဖွဲ့ဝင် ဒေါက်တာတင်လှိုင်ကလည်း အင်္ဂလန်ပြန် (ဘီလပ်ပြန်) ဒေါက်တာဘွဲ့ရ အငြိမ်းစားညွှန်ချုပ်တစ်ဦး။ အင်္ဂလိပ် စကားကိုထုံးလိုချေ ရေလိုနှောက်သည့်ပမာ ကျွမ်းကျင်ပိုင်နိုင်သူ။ စာ ရေးဆရာမ သင်းသင်းသာ (ကောင်စီ၊ တွဲမှူး)ကလည်း သတင်းအမြင်၊ ဝေဖန်မှုအမြင် ထင်ရှားပီပြင်သူ။

လူ့အခွင့်အရေးနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင်က ကြွယ်ဝသော အတွေ့အကြုံစုံသည်။ အပြန်အလှန် ဆွေးနွေးနိုင်သူဖြစ်သည်။

ရေးချင်သည်မှာ မြန်မာကိုယ်စားလှယ်အဖွဲ့မည့်ပါ။ **မြန်မာ**ဟူသော အခြေခံစိတ်ဓာတ် ရစ်ပတ်ထုံးဖွဲ့ထားကြသူများပါ။ မြန်မာနိုင်ငံကို ကိုယ်စားပြုကြသူများပါ။ **"ကမ္ဘာမှာ မြန်မာ"**ဟု နေရာယူထားကြသူများပါ။ ဆွေးနွေးတင်ပြမှု၊ အပြန်အလှန် ညှိနှိုင်းမှု၊ မြန်မာနိုင်ငံ ဂုဏ်ဆောင်မှုများဖြင့် ဤခရီးစဉ်ကို အောင်မြင်စွာ ဖြတ်သန်းခဲ့ကြသူများဖြစ်ကြောင်း (ကိုယ့်ငါးချဉ်ကိုယ်ချဉ်) မိသည်ပါ။

တစ်ဦးချင်း အရည်အချင်းများ၊ ကြိုးစားမှုများကိုဖြင့် နေရာအတိုင်းအတာအရ မဖော်ပြနိုင်တော့ပါ။ သီးခြားစာအုပ်ပြုစု ထုတ်ဝေချိန်ကျမှ ဖတ်ရှုကြစေချင်တာပါ။ ယခုခရီး အနှစ်သာရကိုသာ တင်ပြပါရစေ။

**လန်ဒန်ဟူသော ဝေါဟာရ**

အင်္ဂလန် (လန်ဒန်)ကို သွားရမည်ဆိုတော့(လန်ဒန်)၏အဓိပ္ပာယ်ဘာလဲ။ လန်ဒန်သမိုင်းဘာလဲ။ ကျွန်တော် လေ့လာသည်။ စူးစမ်းသည်။ ရှာဖွေရသမျှ တင်ပြပါရစေ။

**လန်ဒန်**ဟူသည် ရှေးအမည် ဖြစ်သည်။ (၂) ရာစုတွင် စတင်တွေ့ရှိသည်။ အေဒီ ၁၂၁ ခုနှစ်တွင် **လန်ဒီနီယမ်**ဟု ခေါ်ပါသည်။ ထိုနာမည်မှာ ရောမ ဗြိတိသျှ အရင်းအမြစ်ဖြစ်သည်။

၁၈၉၈ မှ စတင် လက်ခံသော အယူအဆမှာ လန်ဒန်ဟူသည် ဆဲလ်တစ် အရင်းအမြစ်ဖြစ်သည်။ **လန်နီဒို**ဟုလည်း ခေါ်သည်။ **လူပိုင်ဆိုင်သော နေရာ**ဟု အဓိပ္ပာယ်ရသည်။ သို့သော် ထိုအယူအဆမှာ ကြာရှည်မခံ။

"ရေးချင်သည်မှာ မြန်မာကိုယ်စားလှယ်အဖွဲ့မည့်ပါ။ မြန်မာဟူသော အခြေခံစိတ်ဓာတ် ရစ်ပတ်ထုံးဖွဲ့ထားကြသူများပါ။ မြန်မာနိုင်ငံကို ကိုယ်စားပြုကြသူများပါ။ "ကမ္ဘာမှာ မြန်မာ" ဟု နေရာယူထားကြသူများပါ"

**မေတ္တာရပ်ခံ**

အင်္ဂလန် (လန်ဒန်) မြို့သို့ ဥပဒေခရီးအကြောင်း နိဒါန်းအဖွင့်တွင် ဆောင်းပါးအပိုင်း (၁၉၆) နေရာပြည့်သွားပါ၍ အပိုင်း (၁၉၇)တွင် ဆက်လက်ဖတ်ရှုနိုင်ရန် မေတ္တာရပ်ခံ တင်ပြပါသည်။

# မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကျင်းပရေး ကြိုတင်ပြင်ဆင်နေမှုစကားသံများ

**တွေ့ဆုံမေးမြန်း – ဥမ္မာသန့်**

မြန်မာစာပေနှင့်အနုပညာပွဲတော်ကို စာပေအနုပညာနယ်ပယ်အသီးသီးက စာပေအနုပညာရှင်များအားလုံး ပူးပေါင်းပါဝင် တင်ဆက်ဆင်နွှဲနိုင်ရန်ရည်ရွယ်၍ မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို အောက်တိုဘာ ၂၅၊၂၆၊ ၂၇ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ကျင်းပမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်နေမှုများနှင့် စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဦးကြည်ဝင်း(ကျင်းပရေးကော်မတီဝင်)**
**လောကအမွန်စာကြည့်တိုက်**



ဒီအဆောက်အအုံဝင်ဝင်ချင်းမှာ မြန်မာပြည်မှာ ခေတ်အဆက်ဆက်ရှိခဲ့တဲ့ စာပေပညာရှင် စာရေးဆရာကြီးများရဲ့ ဓာတ်ပုံတွေကို ပြသထားပါတယ်။ ပထမအထပ်မှာ ဟောပြောပွဲခန်းမရှိမယ်။ ဟောပြောပွဲခန်းမရဲ့ နောက်မှာ မိုးမိုး(အင်းလျား) အထိမ်းအမှတ်ပွဲအတွက် ပန်းချီပြခန်းရှိပါမယ်။ နောက်တစ်ခါ ဆရာမ မိုးမိုး(အင်းလျား)ရဲ့ ထုတ်ဝေခဲ့တဲ့ စာအုပ်တွေပြမယ်။ သူ့ရဲ့လက်ရေးမူတွေ၊ ဓာတ်ပုံတွေပါမယ်။ အဆောက်အအုံဝင်း အတွင်းမှာ ကူညီပံ့ပိုးတဲ့ ကုမ္ပဏီတွေရဲ့ ဆိုင်ခန်းတွေရှိမယ်။ အဆောက်အအုံ အပြင်ဘက်မှာ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းရှင်များရဲ့ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေ၊ ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်ပေါင်း ၃၀ လောက်ရှိမယ်။ ဟောပြောပွဲခန်းမမှာတော့ စာရေးဆရာတွေရဲ့ စာပေဟောပြောပွဲတွေရှိမယ်။ မိုးမိုး(အင်းလျား)နဲ့ ခေတ်ပြိုင်ရေးခဲ့တဲ့ စာရေးဆရာမကြီးတွေ မစန္ဒာ၊ မနှင်းဖွေး၊ သာယာဝတီ စန်းစန်းနွဲ့၊ ကြူကြူသင်းတို့က မိုးမိုး(အင်းလျား)နဲ့ပတ်သက်ပြီး ကျင်လည်ခဲ့တဲ့ စာပေလောကအကြောင်း ဟောပြောစကားဝိုင်း၊ နောက်တစ်ခါ မိုးမိုး(အင်းလျား)နဲ့ ခေတ်ပြိုင် ပြည်ပရောက်ဆရာမတွေက ဒီပွဲအတွက် တကူးတကလာပြီး အတိတ်က မိုးမိုး (အင်းလျား)ဆိုပြီး အမှတ်တရ စကားဝိုင်းတွေလုပ်မယ်။ စာပေပညာရှင် နတ်မောက်အနီချို့နဲ့ ရာသက်ပန် (တောင်ငူဆောင်)တို့က ဘဝနဲ့စာပေ စာတမ်းဖတ်မယ်၊ ဆရာမ ဂျူး၊ ဒေါ်သန်းမြင့်အောင်တို့က ဟောပြောပွဲတွေ ကျင်းပပေးမယ်။ ဒါရိုက်တာ ကြည်စိုးထွန်းက ဝတ္ထုမှ ရုပ်ရှင်သို့၊ ပန်းချီဖေညွှန့်ဝေက မိုးမိုး (အင်းလျား) ဝတ္ထုများကို ပန်းချီနဲ့ခံစားခြင်း ဟောပြောမယ်။ မျိုးဆက်သစ်လူငယ်စာပေသမားတွေက မိုးမိုး(အင်းလျား)ခံစားမှု စကားဝိုင်းတွေကျင်းပမယ်။ အောက်ထပ်ဝင်း အတွင်းမှာ စာရေးသူ၊ စာဖတ်သူ စကားဝိုင်း ရှိမယ်။ အဲဒါကတော့ တက်ရောက်လာတဲ့ သူတွေထဲက စာပေပညာရှင် ကဗျာဆရာတွေက စုစည်းပြီး ဆွေးနွေးကြမယ်။ အလှည့်ကျပြောကြမယ်။ အဲဒါကတော့ မူသေမသတ်မှတ်ထားပါဘူး။ မည်သူမဆို စကားဝိုင်းထဲမှာ ဝင်ရောက်ဆွေးနွေးနိုင်တယ်။ ဒီဘက်အခြမ်းမှာ မိုးမိုး(အင်းလျား) အထိမ်းအမှတ်ပွဲအတွက် စာအုပ်တွေ ထုတ်ထားပါတယ်။ မိုးမိုး (အင်းလျား) ကွယ်လွန်ပြီး ၁၉၉၄ ကနေ ၂၀၀၀ ခုနှစ်ထိ နှစ်စဉ် မိုးမိုး(အင်းလျား) အမှတ်တရစာအုပ်ထုတ်ခဲ့တယ်။ အဲဒီစာအုပ် ခုနစ်အုပ်ကိုပေါင်းပြီး နှစ်တွဲခွဲထုတ်ပြီး ရောင်းချပေးမယ်။ နောက်မြန်မာစာပေလောကမှာ ကွယ်လွန်ပြီးတဲ့ အမျိုးသမီးစာရေးဆရာမကြီးတွေ ရှိပါတယ်။ အဲဒီ စာရေးဆရာမကြီးတွေ ၂၄ ဦးရေးသားထားတဲ့ ဝတ္ထုတိုတွေကို စာအုပ်ပေါင်းထုတ်မယ်။ ဒီပွဲအတွက် ဖိတ်ခေါ်ထားတဲ့ ဝတ္ထုတိုပြိုင်ပွဲ ရှိပါတယ်။ ဝတ္ထုတိုပြိုင်ပွဲမှာ မြန်မာပြည် တစ်နံတစ်လျားက စာမူပေါင်း ၄၀၀ နီးပါး ပြိုင်ကြမယ်။ အဲဒီထဲက ၁၂ ဦး ရွေးမယ်။ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရယ် ဒီမှာ ဆုချီးမြှင့်မယ်။ ဆရာမ မိုးမိုး (အင်းလျား) ရေးခဲ့တဲ့ လုံးချင်းဝတ္ထုရှိတယ်။ အဲဒီလုံးချင်း ဝတ္ထုအပေါ်မှာ သုံးသပ်ချက်ပြိုင်ပွဲ ရှိတယ်။ ဒီပြိုင်ပွဲအတွက်လည်း မြန်မာပြည် တစ်နံတစ်လျား ၄၅ ပုဒ်ရပါတယ်။ ၄၅ ပုဒ်ထဲက အကဲဖြတ်ပညာရှင်တွေက ၆ ပုဒ် ရွေးလိုက်ပါတယ်။ အဲဒီ ၆ ပုဒ်မှာ နောက်ဆုံးနေ့ နံနက်ပိုင်းမှာ ကိုယ်တိုင်ရှင်းလင်းပြမယ်။ ရှင်းလင်းပြချက်ကို ပညာရှင်တွေက အကဲဖြတ်ပြီးတော့ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု သုံးဆု ပေးပါမယ်။ ပြိုင်ပွဲက နှစ်ခုပါ၊ ဝတ္ထုတိုပြိုင်ပွဲရယ်၊ လုံးချင်းဝတ္ထုရှည် သုံးသပ်မှုပြိုင်ပွဲတွေမှာ ဆုတွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပါမယ်။ ပုံနှိပ်စက်ရဲ့ အစောဦးပိုင်း ခဲစာလုံးနဲ့ ရိုက်တဲ့စက် ခဲစာလုံးတွေကို နမူနာပြထားမယ်။ ဒီဘက်ခေတ်လူငယ်တွေမြင်ရအောင်အတွက် ရည်ရွယ်ပါတယ်။ စာပေပညာရှင်တွေရဲ့ ဖျော်ဖြေရေးကဏ္ဍတွေလည်း ရှိပါတယ်။ ဦးဆောင်ဖျော်ဖြေမှာကတော့ ဆရာမ ဂျူး၊ ဒေါက်တာနီလာသိန်း၊ ဆရာမ မိချမ်းဝေ၊ ဆရာမ မိုးပန်းမွှန်၊ သူတို့တွေက အဆိုအကတွေနဲ့ ဖျော်ဖြေပါမယ်။

**ပန်းချီ ဆရာမ မမွှေး**

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်ပွဲမှာ ပန်းချီပြခန်းကို ကျွန်မနဲ့ ဒေါ်ခင်မေကြည် တာဝန်ယူထားပါတယ်။ ပြခန်းမှာ ပန်းချီကားပေါင်း ၁၀၀ လောက် မှန်းထားပါတယ်။ ရည်ရွယ်ချက်ကတော့ မိုးမိုး(အင်းလျား)ကို ဂုဏ်ပြုတဲ့အထိမ်းအမှတ် အနေနဲ့ ပန်းချီဆရာတွေ ပြခန်းလုပ်ပြီး ပြသတာဖြစ်ပါတယ်။ ပြခန်းမှာ တာဝန်ယူရတဲ့ အပိုင်းကတော့ ပန်းချီဆရာတွေကို



ဖိတ်ခေါ်ရပါတယ်။ မမိုးကလည်း စာပေသမားမို့ စာနယ်ဇင်းသရုပ်ဖော်ဆွဲတဲ့ ပန်းချီဆရာတွေ ဦးစားပေးပြီးခေါ်တယ်။ မခင်မေကြည်ကတော့ အမျိုးသမီး ပန်းချီဆရာတွေ ဦးစားပေးပြီးခေါ်တယ်။ ရန်ကုန်တက္ကသိုလ်က ပန်းချီဆရာလေးတွေလည်း ပါဝင်ထားပါတယ်။ ဆရာမ မိုးမိုး(အင်းလျား) ဆိုတာ ကျွန်မတို့ ချစ်ခင်လေးစားခဲ့ရတဲ့ အစ်မကြီးတစ်ယောက်ဖြစ်ပါတယ်။ သူ ဆုံးသွားတော့လည်း ဝမ်းနည်းခဲ့ရတယ်။ အခုလို ပွဲဖြစ်တော့လည်း ဝိုင်းပြီးတော့ ဂုဏ်ပြုတဲ့ အခမ်းအနားလေး လုပ်ပေးရတဲ့ အတွက် ဝမ်းသာခဲ့ရတယ်။ ဒီအထိမ်းအမှတ်ပြပွဲမှာ ပန်းချီခန်းတစ်ခန်း ကဏ္ဍတစ်ခု အနေနဲ့ ပါဝင်ကူညီခဲ့တာပါ။ ။

## မိတ္ထီလာမြို့နယ်၌ ကျေးရွာ ၁၄၄ ရွာ မီးလင်းနိုင်ရေး ဆောင်ရွက်နေ

**မိတ္ထီလာ အောက်တိုဘာ ၂၂**

မိတ္ထီလာမြို့နယ်၌ လျှပ်စစ်မီးလင်းရန် ကျန်ရှိသည့် ကျေးရွာ၂၀၂ ရွာအနက် ကျေးရွာ၁၄၄ ရွာကို ၂၀၂၀ ပြည့်နှစ်အတွင်း လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာ ၃၈၀ ရှိသည့်အနက် ကျေးရွာ ၁၇၈ ရွာကို လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျေးရွာ၂၀၂ ရွာကိုလည်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့်လည်းကောင်း၊ Public Finance Initiative(PFI) စနစ်ဖြင့်လည်းကောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျန်ရှိသည့် ကျေးရွာ၂၀၂ ရွာအနက် ကျေးရွာ ၁၄၄ ရွာကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကျေးရွာ ၂၀၊ Public Finance Initiative (PFI) စနစ်ဖြင့် ကျေးရွာ ၉၂ ရွာ၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ကျေးရွာ ၂၈ ရွာနှင့် ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ကျေးရွာလေးရွာ ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာ ၁၄၄ ရွာအနက် တိုင်းဒေသကြီး ဘတ်ဂျတ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ၂၀ မှာ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ Public Finance Initiative (PFI) စနစ်၊ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း၊ ကိုယ့်အားကိုယ်ကိုးစနစ်များဖြစ် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၂၄ ရွာမှာ ၂၀၂၀ ပြည့်နှစ်အတွင်း လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် နှစ်မိုင်အပြင်ဘက်ရှိ လျှပ်စစ်မီးလင်းနိုင်ရန် ကျန်ရှိသည့် ကျေးရွာ ၅၈ ရွာကိုလည်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသန်းလှိုင်က ပြောကြားသည်။



ကျေးရွာများ မီးလင်းရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ ဆောင်ရွက်နေကြစဉ်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထားသည့် ရေလှောင်တမံများတွင် ယခုနှစ်မိုးရာသီ၌ ရေဝင်ရောက်မှု နည်းပါးလျက်ရှိပြီး အထူးသဖြင့် စိုက်ပျိုးရေပေးဝေခြင်းအပြင် ရေအားလျှပ်စစ်ပါ တွဲဖက်ထုတ်လုပ်လျက်ရှိသော သဖန်းဆိပ်၊ ကင်းတား၊ ဆည်တော်ကြီး၊ မြို့ကြီးစသည့် ဘက်စုံရေလှောင်တမံကြီးများတွင် တမံအတွင်း ရေလှောင် ပမာဏများမှာ ယခင်နှစ်ကာလတူ ပမာဏများနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းလျက်ရှိပါသည်။ အဆိုပါ ရေလှောင်တမံကြီးများမှာ လက်ရှိတွင် မိုးစပါးစိုက်ပျိုးရေပေးဝေလျက်ရှိပြီး ဒေသတွင်းသောက်သုံးရေလည်း လိုအပ်သလိုပေးဝေရလျက် ရှိပါသည်။

ဤကဲ့သို့ ရေလှောင်ပမာဏများ လျော့နည်းနေမှုအခြေအနေများအရ မိုးကောင်းသောက်ရေယာမဟုတ်သော ဒေသများတွင် မိုးစပါးစိုက်ပျိုးရေပေးဝေရသည့် ရေလှောင်တမံများအနေဖြင့် နှစ်စဉ်လျာထားစိုက်ပျိုးသည့် မိုးစပါးစိုက်ကေများအပေါ်တွင် စိုက်ပျိုးရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိ အနည်းဆုံး ပမာဏဖြင့် ပေးဝေနိုင်ရန်အတွက် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရေသောက်တောင်သူများနှင့် ပူးပေါင်း၍ စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

မိုးစပါးအောင်ရေအထိ စိုက်ပျိုးရေပေးဝေပြီးနောက်တွင် တမံအတွင်း ကျန်ရှိသိုလှောင်ရေပမာဏအပေါ်မူတည်၍ ဒေသသောက်သုံးရေလိုအပ်ချက်ကို ဦးစားပေးလျာထားပြီးမှ နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးရေပေးဝေမည့်ဧကများကို လျာထားစီမံသွားရမည်ဖြစ်ပါသည်။

မိုးစပါးစိုက်ပျိုးရေပေးဝေနေရသည့် ရေလှောင်တမံများတွင် ယခုလက်ရှိရေဝင်ရောက်မှု လျော့နည်းနေသည့် အခြေအနေအရ စိုက်ပျိုးရေရယူသုံးစွဲလျက်ရှိသော တောင်သူလယ်သမားများအနေဖြင့် ဆည်ရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ရယူသုံးစွဲကြရန်၊ ရေသောက်တောင်သူအချင်းချင်း ညီညွတ်မျှတသည့်စိတ်ဓာတ်ဖြင့် ဌာနမှသတ်မှတ်ထားသည့် ရေလှည့်ဇယားများအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေ အခက်အခဲများဖြစ်ပေါ်ပါက သက်ဆိုင်ရာ ဒေသရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများနှင့် ဆက်သွယ်ပြီး ညှိနှိုင်းစီမံဆောင်ရွက်ကြရန်ဖြစ်ပါသည်။

ယခုမိုးရာသီအကုန်၌ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနှင့် သိုလှောင်ထားနိုင်မှု အခြေအနေများအပေါ်မူတည်၍ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရာသီတွင် ရေလိုအပ်ချက်နည်းသော သီးနှံပုံစံအတွဲကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်လာပါက တောင်သူလယ်သမားများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့်ကြိုတင်ညှိနှိုင်း ဆွေးနွေး စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ချောင်းဆုံ မြန်မာ့ရိုးရာလှေပြိုင်ပွဲတွင် ၂၃ သင်း ယှဉ်ပြိုင်ကြမည်

**ချောင်းဆုံ အောက်တိုဘာ ၂၂**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မြန်မာ့ရိုးရာလှေပြိုင်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မြို့နယ်ကျက်သရေဆောင် မဟာကန်တော်ကြီး၌ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါလှေပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားနှစ်မျိုးခွဲကာ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ ကိုယ်စားပြုအသင်းတွင် အသက် ၃၅ နှစ်အောက် နှစ်တက်လှော် ခုနစ်သင်း၊ သုံးတက်လှော်ခုနစ်သင်းနှင့် အသက် ၃၅ နှစ်နှင့်အထက် နှစ်တက်လှော် လေးသင်း၊ သုံးတက်လှော်ငါးသင်းဖြင့် အသင်းပေါင်း ၂၃ သင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပသည့် နေရာတွင် ချောင်းဆုံမြို့နယ်မှ ထွက်ရှိသည့် အသေးစား၊ အလတ်စားလက်မှုလုပ်ငန်း ထွက်ကုန်ပစ္စည်း အရောင်းပြခန်းများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**ထူးအိမ်(ပြန်/ဆက်)**

# မုံရွာမြို့၌ မျိုးစေ့ပြပွဲနှင့် မျိုးစေ့ထုတ်လုပ်မှု နှီးနှောဖလှယ်ပွဲ ကျင်းပ

**မုံရွာ အောက်တိုဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း မျိုးစေ့ပြပွဲနှင့် မျိုးစေ့ထုတ်လုပ်မှု နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးက သီးနှံစုံစိုက်ပျိုးထုတ်လုပ်နိုင်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာစေရန် မျိုးကောင်းမျိုးသန့် သုံးစွဲစိုက်ပျိုးရေးသည် အဓိကအရေးကြီးကြောင်း၊ မျိုးကောင်းမျိုးသန့်များကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန် ဒေသရေ၊ မြေ ၊ ရာသီဥတုနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများကို အစိုးရဌာနခြံများမှထွက်ရှိလာသောမျိုးကို ကုမ္ပဏီများ၊ မျိုးစေ့လုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ်အစုအဖွဲ့ဝင် တောင်သူများနှင့် အကျိုးတော်ဆောင် တောင်သူများမှ စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ မျိုးစေ့ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်သာလန်နိုင်ငံမှ Wageningen University ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံအခြေစိုက်သည့် WHH ( Welt Hunger Hilfe) INGO အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှ စတင်ကာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ်ခြောက်မြို့နယ်တွင် မျိုးစေ့ထုတ်တောင်သူများအသင်း ခုနစ်ဖွဲ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရှိရသည့်အတွက် တောင်သူများ လိုအပ်နေသော မျိုးကောင်းမျိုးသန့် အခက်အခဲကို ကူညီ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိကြောင်း၊ တိုင်းဒေသကြီးက မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေဘိုပေါ်ဆန်းမျိုးစပါး ထိန်းသိမ်းရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးစပါး မျိုးစေ့ထုတ် ၁၀၀ ဧက ကိုလည်း ဆောင်ရွက်စေခဲ့ကြောင်း၊ မျိုးစေ့သန့်စင်စက်ကိုလည်း စစ်ကိုင်း၊ ဘုတလင်၊ ပုလဲ၊ ကသာနှင့် ကန့်ဘလူမြို့နယ်များတွင် သီးနှံမျိုးစေ့များ သန့်စင်နိုင်ရန် ချထားဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မြေဩဇာ၊ ပိုးသတ်ဆေး၊ ဓာတ်ကြွင်းများ နည်းပါးစေရန် နှင့် အရည်အသွေးပြည့်မီသော မျိုးစေ့များ ထောက်ခံချက်ပေးနိုင်ရန် မျိုးစေ့ အရည်အသွေး ဓာတ်ခွဲခန်းများကို လည်း တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ ပြောင်းလဲနေသော ရာသီဥတုနှင့်အညီ လိုက်လျောညီထွေဖြစ်မည့် သီးနှံမျိုးများ၊ ဈေးကွက်ဝင်သီးနှံမျိုးများ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို တတ်နိုင်သမျှ ဝိုင်းဝန်းအဖြေရှာရန် လိုအပ်ကြောင်း ပြောကြားသည်။




မျိုးစေ့ပြပွဲနှင့် မျိုးစေ့ထုတ်လုပ်မှု နှီးနှောဖလှယ်ပွဲ မုံရွာမြို့၌ ကျင်းပစဉ်။

မျိုးစေ့ထုတ်လုပ်မှု နှီးနှောဖလှယ်ပွဲ၌ Pioneer Agro Business Co.,Ltd. မှ Managing Director ဒေါက်တာမျိုးအောင်ကျော်က ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ပတ်သက်၍ လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နှင်းသန့်က မျိုးစေ့ အရည်အသွေး ထိန်းသိမ်းနည်းနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ဘော်လခဲမြို့နယ်၌ မသန်စွမ်းသူများအား ထောက်ပံ့ငွေများပေးအပ်

**ဘော်လခဲ အောက်တိုဘာ ၂၂**
ကယားပြည်နယ် ဘော်လခဲမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဘောလခဲမြို့တွင် ကိုယ်အင်္ဂါမသန်စွမ်းသူ ၃၆ ဦး၊ ဉာဏ်ရည်ချို့တဲ့ ခြောက်ဦး၊ နားမကြား ခုနစ်ဦးနှင့် မျက်မြင်ငါးဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးစိုးရယ်၊ ဦးအေးရွှေနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ထောက်ပံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးရယ်**

# မန္တလေးတိုင်းဒေသကြီး၌ ငှက်ပျောသီး ဈေးမြင့်တက်

**မန္တလေး အောက်တိုဘာ ၂၂**
မန္တလေးမြို့ ငှက်ပျောသီးဈေးကွက်တွင် ယခင်နှစ်ကာလတူအချိန်က ငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၇၀၀ နှင့် ၈၀၀ ရောင်းချခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ အထိ ရောင်းချရကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ကျောက်ဆည်မြို့နယ်နှင့် မတ္တရာမြို့နယ်များတွင် အဓိကစိုက်ပျိုးကြပြီး အခြားမြို့နယ်များတွင်လည်း အနည်းငယ်စိုက်ပျိုးကြသည်။ ငှက်ပျောသည် မြေနုမြေများတွင် ပိုမိုအောင်မြင်ဖြစ်ထွန်းပြီး ရေများစွာ တင်သွင်းစိုက်ပျိုးရသောသီးနှံဖြစ်သည်။ ကျောက်ဆည်မြို့နယ်မှ အရည်အသွေးကောင်းမွန်သော ငှက်ပျောသီးများ ထွက်ရှိပြီး မတ္တရာမြို့နယ်မှ ငှက်ပျောသီး ပိုမိုထွက်ရှိသည်။

ငှက်ပျောသီးသည် တစ်နှစ်ထက် တစ်နှစ် ရောင်းအားပိုမိုကောင်းလျက်ရှိပြီး အများစုမှာ ယုံကြည်မှုဆိုင်ရာ ပူဇော်ပသခြင်းတွင် အသုံးပြုကြခြင်းဖြစ်သည်။ ပူဇော်ပသခြင်းအတွက် ငှက်ပျောသီးများကို အစိမ်းအဖြစ်အသုံးပြုကြပြီး ဖီးကြမ်း၊ ရခိုင်နှင့် သီးမွှေးငှက်ပျောများကို အသုံးပြုကြကာ နိုင်ငံရပ်ခြားမှ တင်သွင်းလာသည့် ဘရာဇီးငှက်ပျောဟုခေါ်သည့် ငှက်ပျောကို စားသုံးမှုအတွက်သာ ဝယ်ယူကြကြောင်း သိရသည်။

"ငှက်ပျောပင်ဟာ ၁၂ ရာသီလုံး အသီးသီးတဲ့ အပင်ဖြစ်ပါတယ်။ ရေအလွန်ကြိုက်ပြီး မြေလဲရွေးပါတယ်။ ရေအရင်းအမြစ်ကောင်းတဲ့ နေရာတွေက ငှက်ပျောစိုက်တောင်သူတွေအနေနဲ့ အဆင်ပြေပေမယ့် ရေအရင်းအမြစ်နဲ့ ဝေးတဲ့ခြံပိုင်ရှင်တွေအနေနဲ့ ဒီနှစ်မိုးရွာသွန်းမှုနည်းတာကြောင့် ကုန်ကျစရိတ်နဲ့ မကာမိကြပါဘူး။ ငှက်ပျောစိုက်တောင်သူတွေ အကျိုးအမြတ်နည်းခဲ့ပါတယ်။ ငှက်ပျောဈေးတက်ရတာကလည်း ကုန်ကျစရိတ်များလာလို့ဖြစ်ပါတယ်။ အရည်အသွေးပြည့်မီတဲ့ ငှက်ပျောတစ်ခိုင်ရဖို့ နေ့စဉ်နီးပါး ရေတင်၊ ပေါင်းရှင်း၊ မြေဆွဲလုပ်ငန်းတွေ ကုန်ကျစရိတ်တွေရှိပါတယ်"ဟု မတ္တရာမြို့နယ်မှ ငှက်ပျောစိုက် တောင်သူတစ်ဦးက ပြောသည်။

ထွက်ရှိလာသည့် ငှက်ပျောအများစုမှာ ယုံကြည်မှုဆိုင်ရာ ပူဇော်ပသခြင်းတွင် အသုံးပြုကြပြီး ငှက်ပျောဖီးများကို ပွဲတော်ကျငှက်ပျောဖီးများကိုသာ စားသုံးရန်အတွက် တစ်ဆင့်ပြန်လည် ဝယ်ယူရောင်းချသူများက ငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၅၀၀ ဝန်းကျင်နှင့် ပြန်လည်ရောင်းချကြသည်။ ကန်တော့ပွဲလာရောက်ပူဇော်မှုများပြားသည့် ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရား တစ်ဆူတည်းမှ ငှက်ပျောဖီး ထောင်နှင့်ချီ၍ ပြန်လည်ရောင်းချနေရကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# စာဖတ်သူများလက်ဝယ်အရောက် ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေး

## ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အောက်တိုဘာ ၁၇ ရက်က ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ထားဝယ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက် ၍ စာအုပ်စာစောင်များအခမဲ့ ငှာရမ်းပေးသည်။ ငှာရမ်းပေးရာတွင် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် သုတ၊ရသ စာအုပ်များ၊ ကလေးစာပေများ စုစုပေါင်း ၂၀၀၀ ခန့် သယ်ဆောင်၍ ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်း ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူ ၆၂ ဦးအား စာအုပ် ၁၁၂ အုပ် စုံလင်စွာ ငှားရမ်းပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်တုန်း

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် စာအုပ်၊ စာစောင်များကို ပြည်သူများ လက်ဝယ်အရောက် လှည့်လည်ငှားရမ်းပေးခြင်းကို အောက်တိုဘာ ၂၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စာအုပ်၊ စာပေများကို အဆင် ပြေစွာဖတ်ရှုငှားရမ်းနိုင်ရေးအတွက် စာအုပ်၊ စာစောင်များကို လှည့်လည်ကွင်းဆင်း၍ ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ သုတ၊ ရသ စာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ ဝတ္ထုတိုများ၊ အသစ်ထွက်ရှိသော စာအုပ်များနှင့် အခြားသိမှတ်ဖွယ်ရာ စာအုပ်အမျိုးမျိုးတို့ကို ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ဝဥ္ဇာနိုင်(ညောင်တုန်း)**



## မော်လမြိုင်

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ငယ်ဖြင့် ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်စာအုပ် စာစောင်များငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာ ၂၁ ရက်က အထက(ခွဲ)အလက- ၈ သူနာပြုသင်တန်းကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ စာအုပ်စာစောင်များ သွားရောက် ငှားရမ်းပေးခဲ့သည်။ ငှားရမ်းပေးရာတွင် မော်လမြိုင်၊ ချောင်းဆုံ၊ မုဒုံ၊ ပေါင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကျေးရွာစာကြည့်တိုက်များ၊ သင်တန်းကျောင်းများ၊ ဌာနဆိုင်ရာများကို သွားရောက်ငှားရမ်းပေးလျက်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် စာအုပ်စာစောင်များငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ဝေလင်း (ပြန်/ဆက်)**

## ရန်ကုန်

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်များရှိ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ စာပေဝါသနာပါသူများထံသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်(အင်းစိန်)မှ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် နှစ်ပတ်လျှင် တစ်ကြိမ်မြို့နယ်များသို့ အခမဲ့ငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာ ၂၁ ရက်က အင်းစိန်မြို့နယ် အလက(၁၀)၊ အလက(၁၃)နှင့် အထက(၆) ကျောင်းများသို့ သုတ၊ ရသ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## စစ်ကိုင်း

စစ်ကိုင်းခရိုင် ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ/ ရသ စာအုပ်များကို အောက်တိုဘာ ၂၁ ရက်က စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျော်ဇေယျာကျေးရွာ အလကကျောင်း၊ လင်းတလူးကျေးရွာနှင့် မာလဲတောကျေးရွာများသို့ သွားရောက်၍ စာအုပ်များကို အခမဲ့ငှားရမ်းပေးခဲ့သည်။ အဆိုပါ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များလက်ဝယ်အရောက် ငှားရမ်းခြင်းကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နှစ်ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် လှည့်လည် ငှားရမ်းပေးသွားမှာ ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရခိုင်ပြည်နယ်တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်တင်ဒါ ကော်မတီသည် သံတွဲမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သံတွဲခရိုင်ရုံး၊ လူထုအခြေပြုဗဟိုဌာန (Community Centre)အဆောက်အအုံRC၊ (၃)ထပ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါ သည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံး ဖုန်း-၀၄၃-၂၀၂၂၉၈၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများကို ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်နယ်ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၁၉ရက်
(ခ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** - ၂၂-၁၁-၂၀၁၉ရက် ၁၆:၀၀နာရီ
(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၂-၁၁-၂၀၁၉ရက် ၁၆:၀၀နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာပါမည်
(င) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ရခိုင်ပြည်နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မောလိပ်ရပ်ကွက်၊ စစ်တွေမြို့

**ရခိုင်ပြည်နယ်တင်ဒါကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မိတ္ထီလာ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနကွပ်ကဲမှုအောက်ရှိ နည်းပညာတက္ကသိုလ်(မိတ္ထီလာ) ကျောင်းဝင်းအတွင်းရှိ အောက်ဖော်ပြပါ မြေသားလမ်းများအား အဆင့်မြှင့်တင်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ကွန်ကရစ်လမ်း ပေ(၃၆၀ပေx ၁၂ပေx၆လက်မ)
(ခ) ကွန်ကရစ်လမ်း( ၅၂၅ ပေx ၁၂ပေ x ၆လက်မ)
(ဂ) ကွန်ကရစ်လမ်း (၁၆၅ ပေx ၁၂ပေx ၆လက်မ)
၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်**- ၂၄-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့)
၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်**- ၄-၁၁-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃နာရီ
၄။ **တင်ဒါရောင်းချမည့်နေရာ**- ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ်( မိတ္ထီလာ)၊ နယ်မြေအင်ဂျင်နီယာဌာန-ဖုန်း-၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၆၉၂၆၈၅၇၈၇တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြုပြင်ထိန်းသိမ်းရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မိတ္ထီလာ)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရခိုင်ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံး၊ စစ်တွေမြို့
## ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဝန်ထမ်းအိမ်ရာ (၁၂၀'x၃၅')(RC) (၄ခန်းတွဲ၂ထပ်) (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်းကို ရေ၊ မီး၊ မိလ္လာလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၈-၁၁-၂၀၁၉ရက်
၃။ **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၁၃-၁၂-၂၀၁၉ရက်
၄။ **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၅-၁၂-၂၀၁၉ရက် ညနေ ၄:၃၀နာရီ
၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်နယ်စီမံကိန်းရုံးအောက်ထပ်၊ မေယုလမ်း၊ ဉာဏဝတီရပ်ကွက်၊ စစ်တွေမြို့
၆။ **တင်ဒါဖွင့်လှစ်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
၇။ တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင်ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၈။ အသေးစိတ်သိရှိလိုပါက ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံး၊ ပြည်နယ်စီမံကိန်းဦးစီးရုံး အောက်ထပ်၊ ဖုန်း-၀၄၃-၂၂၈၂၉ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## နေပြည်တော်ကောင်စီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ညွှန်ကြားရေးမှူးချုပ်နေအိမ်(Duplex) (၁၀)လုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူးအိမ်ရာ (2U3S) (၈)လုံး၊ အရာထမ်းအိမ်ရာ (6U4S-3Bed)(၁၀)လုံး၊ အမှုထမ်းအိမ်ရာ ((6U4S-2Bed)(၂၄)လုံး၊ လူပျိုဆောင်/ အပျိုဆောင် (၈)လုံး၊ စုစုပေါင်းဝန်ထမ်းအိမ်ရာအဆောက်အအုံ (၆၀)လုံး ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် ၂၄-၁၀-၂၀၁၉ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်ရက် ၂၅-၁၁-၂၀၁၉ရက်
၄။ တင်ဒါလျှောက်လွှာပုံစံစတင်လက်ခံမည့်ရက် ၁၈-၁၁-၂၀၁၉ရက်
၅။ တင်ဒါလျှောက်လွှာပုံစံနောက်ဆုံးလက်ခံမည့် ရက်နှင့်အချိန် ၂၅-၁၁-၂၀၁၉ရက်၊ ညနေ (၁၅:၀၀)နာရီ
(ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းစံချိန်စံညွှန်းများပါဝင်ရမည်။)
၆။ နည်းပညာအဆိုပြုလွှာ (Technical)အောင်မြင်သည့် ကုမ္ပဏီများကိုသာ ငွေကြေးအဆိုပြုလွှာ(Financial Proposal)တင်သွင်းခြင်းကို လက်ခံမည်။
၇။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် လုပ်ငန်းများ စီမံဆောင်ရွက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ ကြီးကြပ်ဆောင်ရွက်သွားမည်။
၈။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၄-၁၀-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက -ဖုန်း-၀၆၇-၅၅၀၀၁၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကောင်စီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | အကြောင်းအရာ | တည်နေရာ |
|---|---|---|
| (က) | (၄)ခန်းတွဲ ဝန်ထမ်းနေအိမ်(၈၀'x၃၅'x၂၁') RC (၂)ထပ် (ရေ၊ မီး၊ ဆေး၊ မျက်နှာကျက်၊ မိလ္လာ၊ ရေဆင်းခုံအပါအဝင်) | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| (ခ) | သကြားအရည်သွေးဓာတ်ခွဲခန်းနှင့်လူ့စွမ်းအားအရင်းအမြစ်သင်တန်းခန်းမ(၂)ထပ်ဆောင်ဆောက်လုပ်ခြင်း (၁၀၀'x၄၀'x၂၄') (ရေ၊ မီး၊ မိလ္လာ၊ အခန်းကန့်၊ ဆေးသုတ်၊ ကြွေပြားကပ်) | ကြံသုတေသနခြံ၊ ပျဉ်းမနား၊ နေပြည်တော် |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၁၀-၂၀၁၉ရက် မှ ၂၂-၁၁-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်
၄။ တင်ဒါလျှောက်လွှာပိတ်ရက်- ၂၆-၁၁-၂၀၁၉ရက် (၁၃:၀၀)နာရီ
၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၂၁၀၊ ၀၆၇-၄၁၀၅၁၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါ သည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့် တင်သွင်းရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြို့နယ်(၃၇)မြို့နယ် အနက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ နာဂဒေသအတွင်း ဆောင်ရွက်မည့် လုပ်ငန်း (၁၈)ခုမှာ မြေပြင်ကွင်းဆင်းရာတွင် ဝေးလံခေါင်းပါးသည့် ဒေသဖြစ်ခြင်းကြောင့် ၁-၁၀-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၁)နှင့် ၃-၁၀-၂၀၁၉ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၂၆)ပါ ကြော်ငြာအား အဆိုပါ နာဂဒေသအတွင်း ဆောင်ရွက်မည့် လုပ်ငန်း (၁၈)ခု အတွက် အောက်ပါအတိုင်း ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ပါသည်-
(က) **တင်ဒါလျှောက်လွှာရောင်းသည့်ရက်** - ၁၀-၁၀-၂၀၁၉ရက်
(ခ) **လျှောက်လွှာပုံစံအရောင်းပိတ်မည့်ရက်** - ၈-၁၁-၂၀၁၉ရက်
(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့
(ဃ) **တင်ဒါလျှောက်လွှာနှင့် PO Chequeမူရင်း တင်သွင်းရမည့်အချိန်** - ၁၃-၁၁-၂၀၁၉ရက် နံနက် ၉: ၃၀နာရီမှ ၁၀ နာရီ
(င) **တင်ဒါဖွင့်မည့်ရက်/ အချိန်** - ၁၄-၁၁-၂၀၁၉ရက် နံနက် ၁၀နာရီ
(စ) **တင်ဒါလျှောက်လွှာဖွင့်လှစ်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့
၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စစ်ကိုင်းတိုင်း ဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မုံရွာမြို့၊ ဖုန်းနံပါတ် 071-26349,071-26359,071-26360 သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့
## သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့
## အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်း လမ်းတံတားလုပ်ငန်း(၂၃)ခု အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူကြောင်း အောက်ပါ အစီအစဉ်အတိုင်း ဖိတ်ခေါ်အပ်ပါသည်-
**တင်ဒါအဆိုပြုလွှာ ရောင်းချမည့်ရက်/အချိန်** - ၂၄-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀နာရီ
**တင်ဒါအဆိုပြုလွှာ ပိတ်မည့်ရက်** - ၈-၁၁-၂၀၁၉ရက်(သောကြာနေ့) ညနေ ၁၆:၃၀နာရီ
**အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၈-၁၁-၂၀၁၉ရက်(သောကြာနေ့) ညနေ ၁၆:၃၀နာရီ
**အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်/နေရာ** - ၁၈-၁၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၉:၃၀နာရီ အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ အုတ်ဖိုမြို့
၂။ တင်ဒါလျှောက်လွှာ ပုံစံနှင့် စည်းကမ်းချက်များကို အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၄-၁၀-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူသွားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့**
**ဖုန်း(၀၅၃-၈၀၀၀၅)**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
## (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်
## အိတ်ဖွင့်တင်ဒါများခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေး ဦးစီးဌာနတို့၏ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ် ငွေလုံး၊ ငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ ဆေးရုံကြီးများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနများ၊ မိခင်ကလေးကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် အဆောက်အအုံနှင့်ဝန်ထမ်း အိမ်ရာများ ဆောင်ရွက်နိုင်ရန် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။
(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချသည့်နေ့ရက်/အချိန်** - ၂၉-၁၀-၂၀၁၉ရက် နံနက် (၁၀:၀၀)နာရီမှ ညနေ (၄:၀၀)နာရီအထိ
(ခ) **အိတ်ဖွင့်တင်ဒါနောက်ဆုံး လက်ခံမည့်နေ့ရက်/အချိန်** - ၂၈-၁၁-၂၀၁၉ရက် မွန်းလွဲ (၂:၀၀)နာရီအထိ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ(၇)ထပ် အဆောက်အအုံဆေးသုတ်ရန်အတွက် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံ စတင်ထုတ်ယူရမည့်အချိန်** - ၂၁-၁၀-၂၀၁၉ရက် နံနက် ၁၀နာရီ
**တင်ဒါပုံစံများနောက်ဆုံးလာယူရမည့်ရက်** - ၂၈-၁၀-၂၀၁၉ရက် ညနေ ၄နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၁၁-၂၀၁၉ရက် ညနေ ၄နာရီ
**တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ** - ထောက်ပံ့၊ ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာန မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၄၂)၊ ကမ်းနားလမ်း၊ စတုတ္ထအထပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန်- ဖုန်း-၀၉-၄၄၃၂၇၂၀၁၄သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## စစ်ကိုင်းတိုင်းဒေသကြီး
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တင်ဒါခေါ်ယူမည့်လုပ်ငန်းများမှာ (Lot-1)စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အဆောက်အအုံ(၁၂၀x၅၆)ပေ RC (၂)ထပ်၁လုံးအား နှစ်ဆက်ဘတ်ဂျက်ဖြင့် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် (Lot-2)ဟုမ္မလင်းမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အအုံ(၄၀x၃၀)ပေ RC (၁)ထပ်(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်းတို့အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၂-၁၁-၂၀၁၉ရက်
၃။ တည်ဆောက်ရေးလုပ်ငန်းများအတွက် (Lot)တစ်ခုချင်းစီအလိုက် အိတ်ဖွင့်တင်ဒါပုံစံ(၁)စောင်လျှင် ငွေကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၆၅၀၅၊ ၀၉-၄၃၀၁၅၈၅၆၊ ၀၉-၇၇၂၇၀၆၈၆**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ Helpage International Myanmar သည် INGO အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။
၂။ Helpage International Myanmar သည် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်မော်တော်ယာဉ်အသစ်တစ်စီး ကိုမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှတင်သွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူလိုက်ပါသည်။
လိုအပ်သည့်အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။
(၁) SUV Type, 4Doors, 2WD (Models 2019)
(၂) Engine Power 1500 cc အထက် Perto (or) Diesel
(၃) 7 Seaters
(၄) အဖွဲ့အစည်းအမည်ဖြင့် လိုင်စင်ထုတ်ပေးနိုင်ရမည်။
**တင်ဒါစတင်ဖြန့်ဝေမည့်ရက်** - ၂၄-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** -၁-၁၁-၂၀၁၉ရက် (သောကြာနေ့)
၃။ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံတွင်ဖော်ပြပါရှိပါမည်။ စိတ်ဝင်စားသူလုပ်ငန်းရှင်များသည် တင်ဒါပုံစံများကို Helpage International Myanmar ရုံးချုပ်တွင်ရရှိနိုင်ပြီး ထပ်မံသိရှိလိုသည်များကို အောက်ပါဖုန်းနံပါတ်များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၄။ ချိပ်ပိတ်တင်ဒါစာအိတ်များကို ၂၀၁၉ နိုဝင်ဘာ ၁ရက် (သောကြာနေ့) ညနေ ၄နာရီ နောက်ဆုံးထားရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာ ပေးပို့ရပါမည်။

**Helpage International Myanmar Office**
**အမှတ်(၅) ၊ဇီဇဝါလမ်း၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၆၃၈၁၅(လိုင်းခွဲ-၂၀၆)၊ ၀၉-၄၂၄၉၀၅၇၃၊ ၀၉-၄၃၀၇၃၇၂၇**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ စုန်းချောင်းရွာ၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မဝင်းဝင်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးဟိန်းမင်းလတ် ၅/ဆလက(နိုင်)၀၈၀၉၁၃ ဖြစ်ပါကြောင်း။

**ဦးဟိန်းမင်းလတ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်၊ လေးရွာဆုံ၊ အလက(ခွဲ)မှ အလယ်တန်းပြဆရာမ ဒေါ်ခင်ဆန်းဦးနှင့် မြင်းခြံမြို့နယ်နေ (ဘ) ဦးသိန်းချစ်၏သမီး မခင်စန်းဦး ၉/မခန(နိုင်)၀၉၅၈၀၁ သည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းအရ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဆန်းဦး(ခ) မခင်စန်းဦး**

## ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(ခွဲ)ထီးလင်း ဆဋ္ဌမတန်းမှ မောင်ထွယ်ဆန့်လီ၏ ဖခင်အမည်မှန်မှာ ဦးနော်ဂျာ ၁/ဗမန(နိုင်)၀၆၅၇၁၆ ဖြစ်ပါကြောင်း။

**ဦးနော်ဂျာ**

## ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(ခွဲ) ထီးလင်း စတုတ္ထတန်း(B)မှ မဇင်ဇင်ဇော်မြင့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်သိန်း ၁/ဗမန(နိုင်)၁၁၃၁၃၇ ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်သိန်း**

## မိခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(ခွဲ) ထီးလင်း သတ္တမတန်း(B)မှ မခင်ပြည့်စုံထွန်း၊ Grade- 6 မှ မရွှေစင်မိုး၊ Grade- 3(A) မှ မောင်မင်းခန့်မွန်တို့၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းထွေး ၈/စလန(နိုင်)၀၉၈၉၆၀ ဖြစ်ပါကြောင်း။

**ဒေါ်သင်းသင်းထွေး**

## ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(၁)နဝမတန်း(A)မှ မထွယ်ရိန်ပန် ၏ ဖခင် ဦးဂမ်အောင်၏ အမည်မှန်မှာ ဦးဂွန်ဂမ် ၁/မမန(နိုင်)၀၃၄၆၄၉ ဖြစ်ပါကြောင်း။

**ဦးဂွန်ဂမ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၉၊ မြေကွက်အမှတ် ၁၄၅၊ မြေကွက်တည်နေရာ အမှတ် ၁၄၅၊ အောင်မာဃလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒေါ်ထွေးကျင် ၁၂/ဥကမ(နိုင်)၀၁၄၉၂၂ ပိုင်ဆိုင်သော မြေအကျယ် (၅၀'/၄၈' x ၆၀')ရှိ မြေကွက်ကြီးအနက်မှ ခြေရင်းခြမ်း (၂၆' x ၆၀') အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၉၉၅၂/၁၄-၁-၂၀၁၅ ဖြင့် ဒေါ်သင်းသင်းဦး ၁၄/ဟသတ(နိုင်)၀၇၈၆၀၇ မှ ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းထံမှ SP အမှတ် ၁၆၁၇၆/၁၁-၂-၂၀၁၉ ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးအောင်သူစိုး ၆/တသရ(နိုင်)၀၂၅၂၇၁ မှ ပါဝါမူရင်း ၊ ကျမ်းကျိန်၊ အရောင်းစာချုပ်၊ ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ Portion အတွက် အရောင်း မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွန်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၁၁၈၊ မြေကွက်တည်နေရာ အမှတ် ၁၁၁၈၊ (၁၃) ရပ်ကွက်၊ သစ်တော ၃လမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးလှမြင့် LPN - ၀၅၆၁၇၉ အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် ဦးလှမြင့် (ခင်ပွန်း) ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် ၆၇၆၅ /၁-၈-၂၀၁၉ ဖြင့် ဇနီးဖြစ်သူ ဒေါ်မရင် ၁၂/ အလန(နိုင်)၀၀၈၁၇၄ ထံမှ GP ၁၇၅၃၆/၁၂-၃-၁၉ ရသူ ဦးဇော်လင်း ၁၂/ အလန(နိုင်)၀၃၄၀၉၂မှ နှစ် ၆၀ မြေငှားဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင် ကတိဝန်ခံချက်နှင့် ကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်စာချုပ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ ပျဉ်ထောင်သွပ်မိုးတစ်လုံးနှင့် နှစ်ထပ် အုတ်ညှပ် အဆောက်အအုံတစ်လုံး ရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မရင်ထံမှ GP ရသူ ဦးဇော်လင်းမှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဆန်စပါးနှင့်ပတ်သက်၍ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း ပြောကြား

**ရန်ကုန် အောက်တိုဘာ ၂၂**

ဆန်စပါးနှင့်ပတ်သက်၍ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောကြားသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး ပထမထပ် မင်္ဂလာခန်းမတွင် ယနေ့ကျင်းပသော မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်း (၂၀၁၉-၂၀၂၂) ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၏ ၁/၂၀၁၉ အစည်းအဝေး၌ သတင်းမီဒီယာများနှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောကြားခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✤

# ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပဉ္စမပွဲစဉ်) ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စတင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံတွင်ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar) က အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပဉ္စမပွဲစဉ်) ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပထမ နေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့ရှိ ပုဂံဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် အားကစားသမားများ သတ်မှတ်တီခုံပေါ်တွင် နေရာယူကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး၊ Bago Yoma Eco Resort မန်နေဂျင်းဒါရိုက်တာ ဦးရန်နိုင်လွင်၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ❑



မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

# အာဆီယံဖူဆယ်ပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်း ဆီမီးဖိုင်နယ်တက်

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်း ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

အုပ်စုဒုတိယနေ့တွင် အုပ်စု(က)၌ မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို ၁၃ ဂိုး-သုံးဂိုး၊ ထိုင်းအသင်းက တီမောအသင်းကို ၁၂ ဂိုး-တစ်ဂိုး၊ အုပ်စု (ခ) ၌ ဩစတြေးလျအသင်းက မလေးရှားအသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးပွဲမတိုင်မီ ထိုင်းအသင်းနှင့်အတူ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် ရှစ်ဂိုး သွင်းယူခဲ့ပြီး နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၈၊ ၂၇၊ ၂၈ မိနစ်တွင် အောင်ဇင်ဦးက သုံးဂိုး၊ ၁၃၊ ၁၄ မိနစ်တွင် ပြည့်ဖြိုးမောင်-(၃)၊

*စာမျက်နှာ ၈ ကော်လံ ၅* ◆

# နိုဝင်ဘာတွင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်း



အောက်တိုဘာ ၂၂ ရက်က မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် အောက်တိုဘာ ၂၂**

နိုဝင်ဘာတွင်ကစားမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် အန်တွမ်နီဟေးသည် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး အောက်တိုဘာ ၂၂ ရက်တွင် ပဏာမလူစာရင်းကို ထုတ်ပြန်ကြေညာကာ ညနေပိုင်းတွင် လေ့ကျင့်မှု စတင်ပြုလုပ်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် နည်းပြချုပ် အပြောင်းအလဲပြုလုပ်ခဲ့သလို နည်းပြအဖွဲ့ဝင်များကိုလည်း ပြောင်းလဲခဲ့သည်။ အန်တွမ်နီဟေးနှင့်အတူ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်၊ ဦးမင်းထွန်းလင်း၊ ဦးမြင့်ကို၊ **ဂိုးနည်းပြ**-ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် လက်ရွေးစင်အသင်းနှင့် ကာလအတန်ကြာ ဝေးကွာနေသူများနှင့် မျက်နှာသစ်ကစားသမားအချို့ ပြန်ပါလာပြီး နောက်ဆုံးကစားသည့် ကာဂျစ္စတန်နှင့်ပွဲတွင် ပါဝင်ခဲ့ခြင်းမရှိသည့် ကျော်ဇင်ထက် (ဂိုး)၊ သိန်းသန်းဝင်းတို့လည်း ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလကုန်အထိ ရန်ကုန်မြို့၌ လေ့ကျင့်မည်ဖြစ်ပြီး နိုဝင်ဘာ ၁ ရက်တွင် မန္တလေးမြို့သို့ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲမတိုင်မီ နိုဝင်ဘာ ၇ ရက်တွင် နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ယင်းသုံးပွဲစလုံးကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **နည်းပြချုပ်**-အန်တွမ်နီဟေး၊ **လက်ထောက်နည်းပြ**-ဦးကြည်လွင်၊ ဦးမင်းထွန်းလင်း၊ ဦးမြင့်ကို၊ **ဂိုးနည်းပြ**-ဦးစိုင်းမောင်မောင်ဦး၊ **ဂိုးသမား**-ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရောဝတီ)၊

*စာမျက်နှာ ၈ ကော်လံ ၅* ❍

ရေတာရှည်မြို့နယ်၌ မိုးရွာနေစဉ် ဆိုင်ကယ်ဖြင့်ပြန်လာသည့် သားအမိနှစ်ဦး မိုးကြိုးပစ်ခံရပြီး မိခင်ဖြစ်သူသေဆုံး

*စာမျက်နှာ - ၁၃*

...............

ကတ်တလိုနီးယား ပဋိပက္ခနောက်ကွယ်က လူငယ်များ

*စာမျက်နှာ - ၁၅*


အထူးDiscount ဆရာအာသာ၏သင်ကြားမှု(၂၈)နှစ်ပြည့်အထိမ်းအမှတ်
ကျောင်းသားသစ် (15% Discount)
ကျောင်းသားဟောင်း (ပုံမှန် Discount အပြင် 15%)
လှည်းတန်းကျောင်းခွဲ

SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
01 392048, 01 256954, 01 202046

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 09 443001453, 01-503472, 09 30775232

BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 3 Nov
1 - 2:30 (Mon~Thurs) 4 Nov
3:30 - 5 (Mon~Thurs) 6 Nov
BASIC FOUR SKILLS ENGLISH(Part A)
1 - 3:00 (Mon~Thurs) 18 Nov
BASIC FOUR SKILLS ENGLISH(Part B)
10-12:00 (Mon~Thurs) 26 Nov
BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 28 Oct
9 - 12:00 (Sat + Sun) 2 Nov

BASIC GRAMMAR
1 - 4:00 (Sat + Sun) 19 Oct
BASIC WRITING
10-11:30 (Mon~Thurs) 21 Oct
VOCAB ENRICHMENT
3:30 - 5 (Mon~Thurs) 26 Nov
PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon to Thurs) 4 Nov
1 - 4:00 (Sat + Sun) 30 Nov
INTERMEDIATE (ACADEMIC ENGLISH)
9 - 12:00 (Sat + Sun) 30 Nov

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 4 Nov
6 - 7:30 (Mon~Thurs) 6 Nov
10-11:30 (Mon~Thurs) 18 Nov
BASIC ENGLISH SPEAKING
6 - 7:30 (Mon~Thurs) 28 Oct
1:30 - 4:30 (Sat + Sun) 3 Nov
10-11:30 (Mon~Thurs) 18 Nov
IELTS (Preparation)
1 - 3:30 (Mon~Thurs) 21 Oct
IELTS (Reading+Vocab)
1 - 3:00 (Mon~Thurs) 28 Oct
IELTS (Writing+Grammar)
7:30-9:30 (Mon~Thurs) 4 Nov

BASIC FOUR SKILLS ENGLISH (Part A)
3:30-5:30 (Mon~Thurs) 21 Oct
7:30-9:30 (Mon~Thurs) 28 Oct
BASIC FOUR SKILLS ENGLISH (Part B)
1 - 3:00 (Mon~Thurs) 21 Oct
VOCAB ENRICHMENT
10-11:30 (Mon~Thurs) 21 Oct
BASIC GRAMMAR
12 - 3:00 (Sat + Sun) 23 Nov
PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon~Thurs) 4 Nov
10-11:30 (Mon~Thurs) 26 Nov
INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon~Thurs) 21 Oct

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့တစ်ခွင် တိုးချဲ့တပ်ဆင်မယ့် စီစီတီဗွီ ကင်မရာတွေ

သတင်း – မိုးမြင့်လင်းလက်၊ ဓာတ်ပုံ – ကေဇင်

**နေထိုင်တဲ့လူဦးရေ တိုးတက်များပြားလာမှုနဲ့ ရန်ကုန်မြို့ပြဧရိယာ ပိုမိုကျယ်ပြန့်လာမှုတွေကြောင့် မှုခင်းတွေ၊ ရာဇဝတ်မှုတွေကို ထိန်းချုပ်နိုင်ဖို့နဲ့ လျော့နည်းကျဆင်းစေဖို့အတွက် ရန်ကုန်မြို့မှာ စီစီတီဗွီကင်မရာတွေကို တိုးမြှင့်တပ်ဆင်မှုတွေ ပြုလုပ်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။**

"ရန်ကုန်မြို့မှာရှိတဲ့ အပန်းဖြေနေရာများနဲ့ မှုခင်းဖြစ်ပွားနိုင်တဲ့ နေရာတွေမှာ စီစီတီဗွီကင်မရာ တပ်ဆင်ထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာလည်း စီစီတီဗွီကင်မရာတွေ ထပ်မံတပ်ဆင်သွားမယ်" လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်က ကမာရွတ်မြို့နယ် ကျွန်းတောလမ်းမှာရှိတဲ့ မူးယစ်ဆေးဝါး ပြတိုက်မှာ ပြုလုပ်တဲ့ (၅၅) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားမှာ ပြောကြားထားပါတယ်။



### လမ်းဆုံလမ်းခွ ၂၆ နေရာ

ရန်ကုန်မြို့မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်းနဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်တွေအတွင်း မှုခင်းဖြစ်ပွားနိုင်မှု အလားအလာရှိတဲ့ လမ်းဆုံလမ်းခွ ၂၆ နေရာ မှာ စီစီတီဗွီကင်မရာအလုံး ၁၂၄ လုံးကို တပ်ဆင်သွားဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

ဒါ့အပြင် ရှေ့ပြေးစီမံကိန်းအဖြစ် ရွေးချယ်ထားတဲ့ တောင်ဥက္ကလာပမြို့နယ် အတွင်းမှာလည်း လမ်းဆုံလမ်းခွ နေရာ ၁၀ နေရာမှာ စီစီတီဗွီကင်မရာအလုံး ၂၀ တပ်ဆင်သွားဖို့ ရှိနေတာမို့ စုစုပေါင်း စီစီတီဗွီကင်မရာ အလုံးပေါင်း ၁၃၄ လုံး၊ တန်ဖိုးငွေကျပ် သိန်း ၁၀၉၀၀ ခန့် အကုန်အကျခံပြီး တပ်ဆင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

### မှုခင်းဖြစ်ရပ်တွေ မျိုးစုံဖြစ်ပွား

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံတစ်ဝန်း အနယ်နယ် အရပ်ရပ်က လူငယ်တွေ၊ ပြည်သူတွေအနေနဲ့ အလုပ်အကိုင်၊ စားဝတ်နေရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးနဲ့ တိုးတက်ရေးစတဲ့ အကြောင်းကြောင်းတွေကြောင့် နေထိုင်သူ တိုးပွားလာနေတာမို့ မှုခင်းဖြစ်ရပ်တွေလည်း မျိုးစုံဖြစ်ပွားဖြစ်ပေါ်လျက် ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေနဲ့ကလည်း ရှိတဲ့ ရဲတပ်ဖွဲ့ဝင်အင်အား၊ ပြည်သူတွေ ပူးပေါင်းပါဝင်မှုတွေနဲ့အတူ ကြိုတင်ကာကွယ်မှု၊ တားဆီးမှု၊ ဖမ်းဆီးဖော်ထုတ်မှုတွေ ဆောင်ရွက်နေသလို အခုလို နည်းပညာသုံး ကိရိယာတွေရဲ့ အကူအညီနဲ့ ဖြည့်ဆည်း အကောင်အထည်ဖော် လုပ်ကိုင်လျက်ရှိပါတယ်။

ရန်ကုန်မြို့မှာ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ အချက်အချာကျတဲ့ နေရာတွေ၊ အများပြည်သူ အပန်းဖြေရာ နေရာတွေ စုစုပေါင်း ၁၁၃ ခုနေရာမှာ စီစီတီဗွီကင်မရာ အလုံးပေါင်း ၂၄၀ တပ်ဆင်ခဲ့ပါတယ်။ အဲဒီစီစီတီဗွီကင်မရာတွေဟာ ငွေကျပ်သိန်းပေါင်း တစ်သောင်းကျော် ကုန်ကျခဲ့တာကြောင့် ရန်ကုန်မြို့ရဲ့ မြို့သူမြို့သားတွေ ဘေးကင်းလုံခြုံရေးအတွက် အထောက်အကူဖြစ်စေခဲ့ပါတယ်။

အခုဆိုရင် ရန်ကုန်မြို့ရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ ရွှေတိဂုံစေတီတော်၊ အင်းလျားကန်ဝန်းကျင်၊ မြို့တော်ခန်းမ၊ ရန်ကုန်မြို့လယ် နေရာတွေအပါအဝင် ရန်ကုန်မြို့တစ်ခွင်မှာရှိတဲ့ နေရာပေါင်း ၁၁၃၈ နေရာမှာ စီစီတီဗွီကင်မရာအလုံးပေါင်း ၂၉၉၅ လုံး တပ်ဆင်ခဲ့ပြီးဖြစ်တယ်လို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရပါတယ်။

အချပ်ပို (၇) သို့





ရန်ကုန်မြို့မှာ လူနေထိုင်မှု အများဆုံးဖြစ်တဲ့ လှိုင်သာယာမြို့နယ် မှာလည်း အဓိက နေရာတွေ၊ လမ်းဆုံ လမ်းမတွေမှာ စီစီတီဗွီကင်မရာတွေ အလုံး ၁၄၀ ကျော် တပ်ဆင်ထားပြီးဖြစ်

# အလှူရာသီနှင့်အသံချဲ့စက်

သျှင်ဝင်းသျှင်
ဓာတ်ပုံ-တင်ဝင်းတင်

“ဆွမ်းတော်ချက်ရန် ထတော်မူပ ဘွန္တော သဗ္ဗုရိသအပေါင်း သူတော်ကောင်းတို့”

အဆိုတော်နီနီဝင်းရွှေ သီဆိုထားသည့် “ဘွန္တော”သီချင်းထဲမှ သီချင်းသံများက နားထဲသို့ အတင်းတိုးဝင်လာသည်။ ကျယ်ကျယ်လောင်လောင်ပင်...။

နီနီဝင်းရွှေသီဆိုသော သီချင်းအတော်များများကို သက်သက်မာ အလွန်ကြိုက်ပါသည်။ သီချင်းအချို့ကိုလည်း အလွတ်ရ၍ နှုတ်က မကြာမကြာ သီဆိုလေ့ရှိတတ်ပါသည်။

သို့သော်-ဒီလိုအချိန်အခါမျိုးတွင်တော့ လုံးဝမကြိုက်နိုင်ပါ။ လက်ကိုင်ဖုန်းလေးကို နှိပ်ကြည့်တော့ နံနက် ၄ နာရီပင် မခွဲသေးပေ။

ဘေးနားရှိ ခေါင်းအုံးတစ်လုံးကို ဆွဲယူ၍ နားနှစ်ဖက်ကို ဖိကပ်ထားမိသည်။ သို့တိုင် အကျယ်ကြီး မဟုတ်သော်လည်း နားထဲသို့ ဝင်လာဆဲဖြစ်သည်။

**ဆွမ်းလောင်းရန် နှိုးဆော်သံ**

သူတို့ရပ်ကွက်ထိပ်ရှိ စနေနေ့ ဝါတွင်း ဆွမ်းလောင်းအသင်း၏ နောက်ဆုံးပတ် ဆွမ်းလောင်းရန် အသံပေးနှိုးဆော်ခြင်း ဖြစ်သည်။ တစ်ရပ်ကွက်လုံးကြားနိုင်စေရန် ကုက္ကိုပင်ခွကြားတွင် ဟွန်းရှည်နှစ်လုံးကို အရှေ့အနောက်တွဲချိတ်ထားခြင်း ဖြစ်သည်။ တိုက်သုံးလွှာတွင် နေထိုင်သူဖြစ်၍ အသံများက တည့်တည့်ကြီးကို တိုးဝင်လာခြင်းဖြစ်သည်။

သည်လို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မျိုးတွင်သာ သက်သက်မာတစ်ယောက် အိပ်ရေးဝဝ အိပ်ရခြင်းဖြစ်သည်။ တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် ၅ နာရီထ၍ ရုံးသွားရန် ချက်ပြုတ်ပြင်ဆင်ရခြင်းဖြစ်သည်။ ရုံးပိတ်ရက်နှစ်ရက်တွင်တော့ အိပ်ရေးလေး ဝဝအိပ်ချင်သည်။ သူ့လို ရုံးသမား၊ အလုပ်သမားများအားလုံးပင် ဒီအခွင့်အရေးကိုတော့ အလိုချင်ဆုံး ဖြစ်ကြပေလိမ့်မည်။

ဝါတွင်း ဆွမ်းလောင်းရက်များက တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် မတူကြပေ။ အားလုံးခြုံလိုက်ပါက ခုနစ်ရက်တစ်ပတ်လုံး ရှိကြမည်သာဖြစ်သည်။ သူ့လိုပင် ခံစားကြရပေလိမ့်မည်ဟု သက်သက်မာထင်မိသည်။

ရပ်ကွက်ထဲ၌ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေး မကောင်းသူများရှိကောင်းရှိကြမည်။ သို့သော် မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ပြောမိပါက ငရဲကြီးမည်ကို စိုးရိမ်ပေလိမ့်မည်။ ဘယ်သို့မျှ မတတ်နိုင်။

ဒါကလည်း နှစ်စဉ်ဝါဝင်မှ ဝါထွက်အထိ ခံစားရသော ဒုက္ခများဟု သက်သက်မာ အတွေးဝင်ခဲ့မိသည်။ သူ့ကို “ဒိဋ္ဌိမ” ဒါမှမဟုတ် “ဓမ္မန္တရာယ်”ဟု ဆိုလည်း မတတ်နိုင်တော့ပေ။

အချို့သော ဆွမ်းလောင်းအဖွဲ့များက အလှူခံရာတွင် လူအများအကြား၌ နားခံသာရုံ၊ ကြားသာရုံ၊ အနား၌ပင် ဖုန်းပြော၍ရသည် အဆင့်အထိပင် သင့်တင့်စွာ အသံချဲ့စက်ဖွင့်ကြသည်ကို တွေ့ရသည်။ သို့သော် ရှားမှ ရှားဟုသာ ဆိုရမည်ဖြစ်သည်။

လမ်းအတွင်းသို့ ရှေ့ကတစ်ဖွဲ့ ဝင်သွားသည်မှာ လမ်းအဆုံးသို့တိုင် မရောက်သေးပေ။ နောက်တစ်ဖွဲ့က ဖလားများကိုင်ကာ ဝင်လာသည်။

“ဘုံကထိန်... ဘုံကထိန်... ဘုံကထိန် လှည့်လို့လာ... လမ်းဘေးက ကြည့်သူတွေ ကြိတ်ကြိတ်တိုးလို့ စည်ကားနေ...”


သတ်မှတ်စည်းကမ်းနှင့်အညီ အသံချဲ့စက်ဖွင့်၍ ဈေးအတွင်း အလှူခံမှုကို တွေ့ရစဉ်။

**ကထိန်အလှူခံများနေ့စဉ်လာ**

ဆိုက်ကားပေါ်ရှိ ဆောင်းဘောက်ကြီးများမှ အသံက ကျယ်လောင်စွာ နေ့လယ်နေ့ခင်း ရာသီဥတုပူလောင်သည့်ကြားက နားမခံသာနိုင်အောင် ပို၍ ဆူညံသံတွေ ဝင်လာသည်။ ဒီလို ကထိန်ရာသီတွင် “ဦးစိန်ကြီး”တို့ ရပ်ကွက်အတွင်းသို့ ကထိန်အလှူခံများနေ့စဉ်လာသည်။ သုံးလေးဖွဲ့အထိပင်ဖြစ်သည်။ တစ်ခါတရံ ကွဲရပ်ကြီးဖြင့် နတ်စင်ရှိသည့် အိမ်တိုင်းသို့ဝင်ကာ အလှူခံတတ်ကြသည်။ အိမ်ရှင်မှ ထွက်မလှူလျှင် ကွဲကြီးက မထွက်ပေ။

အလှူခံအဖွဲ့များမှာ အနီးဝန်းကျင် ရပ်ကွက်များနှင့် ထိစပ်နယ်မြေ၊ မြို့နယ်အတွင်းများကသာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ကပင်ကျော်၍ နယ်ကျော်အလှူခံကြခြင်းပင်ဖြစ်သည်။

စာရေးသူတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် အလှူအတန်းအပေါ် ခံမင်ကြသည်။ တတ်စွမ်းသမျှ နည်းများမဟူ ပါဝင်လှူဒါန်းကြသည်။ မိမိကိုယ်တိုင် မလှူနိုင်သည့်တိုင် အခြားသူတို့၏ အလှူဒါနများအပေါ်၌ နှစ်နှစ်ကာကာ သာခုခေါ်လေ့ရှိသည်။

သို့သော် ဦးစီးဦးဆောင်ဆောင်ရွက်သူတို့၏ ဆောင်ရွက်မှုက မိမိ အလှူလုပ်ငန်းတစ်ခုတည်းပေါ်မှာသာ အာရုံပြုလေ့ရှိကြပြီး ပတ်ဝန်းကျင်ကို လုံးဝလျစ်လျူရှုထားမှုက သူတစ်ထူး၏ အလှူပွဲအပေါ် စိတ်ညစ်ညူးမှုကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အလှူအတန်းပြုခြင်းအပေါ်၊ အလှူခံခြင်းအပေါ် စိတ်ကွက်ကြခြင်းမဟုတ်ပေ။ နားမခံနိုင်အောင် ဆူညံစွာ အသံချဲ့စက်ဖွင့်နေခြင်းအပေါ် ဝေဖန်ကြခြင်း၊ အပြစ်ဆိုခြင်းသာ ဖြစ်ပါသည်။


**အလှူခံထွက်ခွင့်ပြုချက်ယူရ**

မိမိမြို့နယ်အတွင်း အလှူခံထွက်ပါက ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ၊ မြို့နယ်သာသနာရေးမှူး၊ (လ.ဝ.က)၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်တို့မှ ထောက်ခံချက်များကို စုစည်းရယူပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အလှူခံထွက်ရခြင်းဖြစ်ပါသည်။ မြို့နယ်ကျော်ပါက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ကို ထပ်မံယူရပါသည်။

အသံချဲ့စက်အသုံးပြုပါက အသံချဲ့စက် ခွင့်ပြုမိန့် သီးခြားတစ်စောင်ထပ်မံ ရယူရပါသည်။ မိမိအလှူခံမည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ မိမိတို့၏ ထောက်ခံချက်များကို ပြသခြင်းသော်လည်းကောင်း၊ မိတ္တူတစ်စောင်စီသော်လည်းကောင်း ပေးအပ်ပြီးမှသာ ရပ်ကွက်အတွင်း အလှူခံဝင်ရခြင်းဖြစ်ပါသည်။

ယခုအခါ ရပ်ကွက်အသီးသီးသို့ ဝင်ရောက်အလှူခံမှုများသည် အထူးသဖြင့် ကထိန်ရာသီ အလှူခံအဖွဲ့များသည် အဆိုပါ ထောက်ခံချက် ခွင့်ပြုချက်မျိုး ပြည့်စုံစွာပါရှိသူ နည်းလှပေသည်။ ထို့အပြင် အသံချဲ့စက်များကို “မိုင်ကုန်တင်” လိုအပ်သည်ထက် ပိုမိုကျယ်လောင်စွာ ဖွင့်လာကြခြင်းပင်ဖြစ်သည်။ ရပ်ကွက်ပြည်သူများက မနှစ်သက်ကြပေ။ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တားပိုင်ခွင့်၊ စစ်ဆေးပိုင်ခွင့်များ ရှိသော်လည်း ဘာသာရေးဖြစ်သည့်အတွက် မသိကျိုးကျွန်နေတတ်ကြသည်။ ဤသည်ကို အလှူခံများက အခွင့်ကောင်းယူနေကြခြင်းဖြစ်သည်။ ကျောင်းများအနီး၊ ဆေးရုံများအနီး ရောက်သော်လည်း အသံကို လုံးဝမလျှော့ကြပေ။ မဆင်ခြင်ကြတော့ပေ။

မြို့နယ်အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတစ်ဦးက အသံချဲ့စက်နဲ့ပတ်သက်လျှင် အရေးယူနိုင်သည့် ပုဒ်မများရှိကြောင်း ပြောပြသည်။ **အချပ်ပို(ဂ)သို့**


မြို့လယ်ကောင် လမ်းအတွင်းရှိ ဓာတ်တိုင်၌ ချိတ်ဆွဲထားသော ဟွန်း။

**အသံချဲ့စက်အသုံးပြုပါက အသံချဲ့စက် ခွင့်ပြုမိန့် သီးခြားတစ်စောင် ထပ်မံ ရယူရပါသည်။ မိမိ အလှူခံမည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ မိမိတို့၏ ထောက်ခံချက်များကို ပြသခြင်းသော်လည်းကောင်း၊ မိတ္တူတစ်စောင်စီသော် လည်းကောင်း ပေးအပ်ပြီးမှသာ ရပ်ကွက်အတွင်း အလှူခံဝင်ရခြင်းဖြစ်**

## ရန်ကုန်မြို့မှာ ပြေးဆွဲနေတဲ့ YBS ဘတ်စ်ကားကြီးတွေပေါ်မှာရော၊ ရန်ကုန်မြို့ရဲ့ အဓိက မီးပွိုင့်တွေမှာပါ စီစီတီဗွီကင်မရာတွေ တပ်ဆင်ထားတာမို့ အရင်ကထက် မှုခင်းဖြစ်ပွားမှုကို ကြိုတင်အကာအကွယ်ပေးနိုင်တဲ့အထိ အထောက်အကူပြုနိုင်ခဲ့

*အချုပ်ပို(က)မှ*

"ရန်ကုန်မြို့မှာ ရဲတပ်ဖွဲ့ဝင်အင်အားဟာ တာဝန်ဆောင်ရွက်တဲ့အခါ ဝန်နဲ့အား မမျှတဲ့အတွက် နည်းပညာအကူအညီနဲ့ ဆောင်ရွက်နေရတာရှိပါတယ်။ ဒါမှ နိုင်ငံတကာနည်းတူ နည်းပညာနဲ့ ထိန်းချုပ်နိုင်မှပဲ တိကျတဲ့ ဆောင်ရွက်မှုတွေ၊ မှုခင်းဖော်ထုတ်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ လက်ရှိမှာ စီစီတီဗွီတပ်ဆင်မှုတွေကို တိုးချဲ့ဆောင်ရွက်နေပါတယ်"လို့ ၂၀၁၉ ခုနှစ် ဇွန် ၅ ရက်က ပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ တတိယတစ်နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲမှာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက ပြောကြားထားပါတယ်။

**ခါတ်တိုင်ပေါင်း ၃၀၀၀ စီစီတီဗွီတပ်ဆင်**

ရန်ကုန်မြို့မှာ စီစီတီဗွီကင်မရာတွေ တပ်ဆင်နိုင်ဖို့အတွက် ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်က လမ်းတွေပေါ်မှာရှိတဲ့ ခါတ်တိုင်ပေါင်း ၃၀၀၀ ကျော်ကို လုံခြုံရေးကင်မရာ စီစီတီဗွီတွေ တပ်ဆင်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုးက ပြောကြားခဲ့ဖူးပါတယ်။

အဲဒီလိုတပ်ဆင်တဲ့အခါ ခါတ်တိုင်တွေမှာ လုံခြုံရေးစီစီတီဗွီကင်မရာအပြင် ဆိုလာတွေပါ တပ်ဆင်ဖို့ကို စီစဉ်သွားမှာ ဖြစ်တယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

အခုဆိုရင် ရန်ကုန်မြို့မှာ လူနေထိုင်မှုအများဆုံးဖြစ်တဲ့ လှိုင်သာယာမြို့နယ်မှာလည်း အဓိကနေရာတွေ၊ လမ်းဆုံလမ်းမတွေမှာ စီစီတီဗွီကင်မရာတွေ အလုံး ၁၄၀ ကျော် တပ်ဆင်ထားပြီး ဖြစ်ပါတယ်။

**စီစီတီဗွီကင်မရာ တိုးချဲ့တပ်ဆင်**

လှိုင်သာယာမြို့နယ်အတွင်း စီစီတီဗွီကင်မရာ တပ်ဆင်ထားတဲ့ အဲဒီနေရာတွေမှာ မှုခင်းဖြစ်ပွားမှု လျော့ကျသွားပေမယ့် ရပ်ကွက်၊ လမ်းတွေအချို့မှာ မှုခင်းဖြစ်ပွားမှုတွေတော့ ရှိနေဆဲဖြစ်တာမို့ အားလုံးလွှမ်းခြုံနိုင်ဖို့ စီစီတီဗွီကင်မရာတွေ တိုးချဲ့တပ်ဆင်နိုင်ဖို့ လိုအပ်နေဆဲဖြစ်ပါတယ်။ ဒါကလည်း ပြည်သူတွေ၊ အလှူရှင်တွေ ပူးပေါင်းပါဝင်ကြရင်တော့ အောင်မြင်မှုရရှိဖို့ ပိုမိုမြန်ဆန်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့မှာ ပြေးဆွဲနေတဲ့ YBS ဘတ်စ်ကားကြီးတွေပေါ်မှာရော၊ ရန်ကုန်မြို့ရဲ့ အဓိကမီးပွိုင့်တွေမှာပါ စီစီတီဗွီကင်မရာတွေ တပ်ဆင်ထားတာမို့ အရင်ကထက် မှုခင်းဖြစ်ပွားမှုကို ကြိုတင်အကာအကွယ်ပေးနိုင်တဲ့အထိ အထောက်အကူပြုနိုင်ခဲ့ပါတယ်။

ဒါကြောင့်လည်း လူနေထိုင်မှုတိုးပွားပြီး၊ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းတွေ အများဆုံးတည်ရှိရာ ရန်ကုန်မြို့မှာ စီစီတီဗွီကင်မရာတွေ ပိုမိုတိုးချဲ့တပ်ဆင်နိုင်ခြင်းဟာ မှုခင်းဖြစ်ပွားမှု လျော့ကျရေးနဲ့ ကျူးလွန်သူတွေကို ဖော်ထုတ်နိုင်ရေး အထောက်အကူပြုနိုင်တဲ့အပြင် ရန်ကုန်မြို့သူ မြို့သားတွေရဲ့ ဘေးကင်းလုံခြုံမှုကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ။





ရပ်ကွက်အတွင်း ဓမ္မာရုံတစ်ခုပေါ်၌ တင်ထားသော ဟွန်းတစ်လုံး။

## အများပြည်သူတို့၏ စိတ်အာရုံကို အနှောင့်အယှက် မဖြစ်စေရန်အတွက် အသံချဲ့စက်ဆိုင်ရာ ဥပဒေနှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက် ကုသိုလ်ပြုနိုင်ကြစေရန် အသိပေး

**အချုပ်ပို(ခ)မှ**

ဒီဥပဒေက ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ပြဋ္ဌာန်းခဲ့တာ၊ ပုဒ်မ ၁၈ မှာ ဘာဆိုလဲဆိုတော့ ကျေးရွာ၊ ရပ်ကွက်အတွင်း နေထိုင်သူအနေနဲ့ အသံချဲ့စက်ဖွင့်လို့ အသုံးပြုလိုရင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့်ကို ရယူရမှာ။ အဲဒီမှာ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေကို လိုက်နာပါမယ် ဆိုပြီး လက်မှတ်ရေးထိုးပေးရတာ။

**ရပ်ဆိုင်းနိုင်**

''အသုံးပြုခွင့်ကို အသုံးပြုလိုတဲ့ ကာယကံရှင်ကဖြစ်စေ၊ အဖွဲ့ဆိုလည်း အဖွဲ့က တာဝန်ရှိသူ ဒါမှမဟုတ် အသံချဲ့စက်ပိုင်ရှင်က ဖွင့်ရတဲ့ အကျိုးအကြောင်းကို ဖော်ပြပြီး ခွင့်တောင်းရတာ သာမန်အားဖြင့် နံနက် ၆ နာရီမှ ည ၉ နာရီအထိပဲ ခွင့်ပေးတာ။ အများပြည်သူကို အနှောင့်အယှက်မဖြစ်စေဖို့ ခွင့်ပြုထားတဲ့ နေရာမှာသာဖွင့်ခွင့်ရမှာ။ အများပြည်သူ ကြားသာရုံမျှလောက်သာ ဖွင့်ရတာ။ သတ်မှတ်တဲ့ စည်းကမ်းတွေကို မလိုက်နာဘူးဆိုရင်တော့ ခွင့်ပြုချက်ကို ချက်ချင်းရပ်ဆိုင်းနိုင်တယ်"ဟု ရှင်းပြမှုရှိခဲ့သည်။

**စည်းကမ်းဖောက်ဖျက်သူအား အရေးယူရန်**

ထို့အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ဈ)၌ အသံချဲ့စက်ဖွင့်ခွင့်တောင်းခံခြင်းကို စည်းကမ်းသတ်မှတ်ချက် သတ်မှတ်၍ ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သူအား အရေးယူခြင်းနှင့် အရေးယူရန် အကြောင်းကြားခြင်းများပါရှိသည်ကို တွေ့ရသည်။

ဥပဒေအခန်း (၁၁) ပြစ်မှုနှင့် ပြစ်ဒဏ် ပုဒ်မ ၂၇ အရ ဆိုပါလျှင် မည်သူမဆို ပုဒ်မ ၁၇၊ ၁၈ နှင့် ၁၉ အရ တာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်လျှင် ထိုသူကို ဒဏ်ငွေကျပ် ၅၀၀၀ ထက်မပိုသော အပြစ်ဒဏ်ပေးနိုင်သည့်အပြင် ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်အပြစ်ပေးနိုင်သည်ဟု သိရသည်။

ဆက်လက်ကျူးလွန်လာပါက ရာဇသတ်ကြီးပုဒ်မ ၂၉၁ အရ အရေးယူနိုင်ကြောင်း ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက်အတွင်းက ဥပဒေပညာရှင်တစ်ဦးက ပြောပြဖူးသည်။

"အဲဒီပုဒ်မ ၂၉၁ က အများပြည်သူဆိုင်ရာ နှောင့်ယှက်မှုကို ထပ်မံ၍သော်လည်းကောင်း၊ ဆက်လက်၍သော်လည်းကောင်း မပြုရဟု ဥပဒေနှင့်အညီ အခွင့်အာဏာရှိသူက တားမြစ်ထားပါလျက် ထပ်မံ၍ ဒါမှမဟုတ် ဆက်လက်ပြီး ပြုနေရင်တော့ အဲဒီသူကို ခြောက်လအထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်တယ်လို့ ဆိုထားတယ်"ဟု သိရသည်။

**ကထိန်ပွဲကြီးခြိမ့်ခြိမ့်သဲ ကျင်းပကြတော့မည်**

နောက်ဆုံးဆိုချင်သည်မှာ ယခုအခါ ရပ်ကွက်တိုင်းနီးပါး၊ ဆိုက်ကားဂိတ်တိုင်းနီးပါး အခြားအခြားသော ဌာနဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများသည် ကထိန်ပွဲကြီး ခြိမ့်ခြိမ့်သဲ စည်ကားစွာ ကျင်းပကြတော့မည် ဖြစ်သည်။

အလှူဒါနပြုခြင်း၊ အလှူဒါနအထမြောက် အောင်မြင်စေရန်အတွက် အလှူခံခြင်းများကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတစ်ယောက်အနေဖြင့် သာခုခေါ် ကြိုဆိုပါသည်။ သို့သော် သတိမူ၍ မြူကိုပင် မြင်နိုင်တတ်စေရန် အများပြည်သူတို့၏ စိတ်အာရုံကို အနှောင့်အယှက်မဖြစ်စေရန်အတွက် အသံချဲ့စက်ဆိုင်ရာ ဥပဒေနှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ကုသိုလ်ပြုနိုင်ကြစေရန် အသိပေးရေးသားလိုက်ရပါသည်။ ။



မြို့လယ်ကောင်တိုက်ခန်းရှေ့၌ တင်ထားသော ဟွန်းတစ်လုံး။



တည်ဆောက်ပြီးစီးချိန်တွင် မြင်တွေ့ရမည့် မျှော်မှန်းအဆောက်အအုံပုံစံ။

# ရန်ကုန်မြို့မှာ အသစ်ဖြစ်ထွန်းလာဦးမယ့် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်ကျောင်း

သတင်း-ဝေယံဦး၊ ဓာတ်ပုံ- ခင်ဇွန်ဇာလင်း

မြန်မာနိုင်ငံ တစ်ဝန်းမှာရှိတဲ့ လူငယ်လူရွယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေသာမကဘဲ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ကြားသင်ယူနိုင်တဲ့ အခွင့်အရေးအရှိဆုံးကတော့ ရန်ကုန်မြို့ပဲဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ချိတ်ဆက်ဖွင့်လှစ်ထားတဲ့ ပုဂ္ဂလိကကျောင်းတွေ၊ သင်တန်းတွေရှိတာမို့ ကိုယ့်ဘဝတိုးတက်ရာ တိုးတက်ကြောင်း အတတ်ပညာတွေ ဆည်းပူးနိုင်တဲ့အတွက် ရန်ကုန်မြို့ဟာ လူငယ်တွေရဲ့ မျှော်လင့်ချက်ကို တတ်စွမ်းသမျှ အထောက်အကူပြုပေးလျက်ရှိပါတယ်။ အခုလည်း ရန်ကုန်မြို့မှာ ဂျပန်- မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်းသစ် တည်ဆောက်ဖို့အတွက် စီစဉ်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။

## အများပြည်သူသိရှိနိုင်ဖို့

အဲဒီသင်တန်းကျောင်းသစ်ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းမနဲ့ ကပ်လျက်ရှိတဲ့ စက်မှုလက်မှု အထက်တန်းကျောင်း(အောင်ဆန်းမြို့)ရဲ့ ဝင်းအတွင်းမှာ တည်ဆောက်ဖို့ မြေနေရာသတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်းသစ် တည်ဆောက်ရေးနဲ့ပတ်သက်ပြီး တည်ဆောက်မယ့် သင်တန်းကျောင်းသစ် မြေဧရိယာအနီးမှာ ပုံစံငယ်ဒီဇိုင်းကိုလည်း အများပြည်သူတွေ သိရှိနိုင်ဖို့ ဆိုင်းဘုတ်ထူကာ ဖော်ပြထားပါတယ်။

ဂျပန်- မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်းလို့ အမည်ပေးထားတဲ့ အဲဒီစီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ဖို့ ဂျပန်နိုင်ငံရဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)က ဂျပန်ယန်း ၂ ဒသမ ၇၂၆ ဘီလီယံ အကူအညီပေးမယ်လို့ ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်က ဂျပန်-မြန်မာ တာဝန်ရှိသူတွေ လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်းသစ်ဟာ သတ်မှတ်ကာလအတွင်းမှာ အကောင်အထည်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဒီသင်တန်းကျောင်းသစ်ဟာ မြန်မာလူငယ်တွေအတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်မယ့် ပညာရပ်တွေကို ဂျပန်နည်းပညာတွေအတိုင်း သင်ကြားလေ့လာသင်ယူခွင့် ရရှိတော့မှာဖြစ်ပါတယ်။

လောလောဆယ်မှာတော့ လက်ရှိတည်ရှိနေတဲ့ အောင်ဆန်းစက်မှုလက်မှု အထက်တန်းကျောင်းကို အဆင့်မြှင့်တင်ပြီး



ဆောက်လုပ်ပြီးစီးသည့် သင်ကြားရေးအဆောက်အအုံ။

အဆောက်အအုံသစ်တွေကို ပြုပြင်တည်ဆောက်နေပါတယ်။ သင်ကြားရေး အဆောက်အအုံအချို့ ပြီးစီးနေတာမို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ သင်တန်းဖွင့်လှစ်နိုင်ရေး သင်တန်းသားတွေ ခေါ်ယူလျက်ရှိပါတယ်။

## အသင့်အနေအထားရှိနေပြီ

အပြာရောင်ဆေးသုတ်ထားတဲ့ အဲဒီ သင်ကြားရေး အဆောက်အအုံတွေဟာ လာမယ့် ဒီဇင်ဘာလအတွင်းမှာ ဖွင့်လှစ်မယ့် သင်တန်းသားတွေအတွက် အသင့်အနေအထားရှိနေပြီ ဖြစ်ပါတယ်။ ဒီသင်တန်းဖွင့်လှစ်မှုကိုလည်း ဂျပန်နိုင်ငံက အထောက်အပံ့နဲ့ ဖွင့်လှစ်မှာဖြစ်ပြီး သင်တန်းသားလျှောက်လွှာတွေကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ စတင်ထုတ်ယူလျှောက်ထားနိုင်နေပြီ ဖြစ်ပါတယ်။

ဒီသင်တန်း ဝင်ခွင့်လျှောက်လွှာတွေကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်မှာ နောက်ဆုံးတင်သွင်းရမှာဖြစ်ကာ စိတ်ဝင်စားပြီးတက်ရောက်မယ့် လူငယ်အများအပြား ရှိနေပါတယ်။ ဒီသင်တန်းမှာတော့ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းနည်းပညာနဲ့ စက်မှုလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာပညာတွေကို သုံးနှစ်တာ သင်ကြားပေးမှာ ဖြစ်ပါတယ်။

## ဒီပလိုမာ ချီးမြှင့်ပေးမှာဖြစ်

အဲဒီပညာရပ်နှစ်ခုကို သင်တန်းသားတွေ သင်ကြားရာမှာ ကနဦးအနေနဲ့ ဂျပန်ဆရာတွေနဲ့ စတင်သင်ကြားရမှာဖြစ်သလို ဂျပန်နိုင်ငံမှာ ကြိုတင်သင်တန်းတက်ထားတဲ့ မြန်မာဆရာတွေကလည်း ပူးတွဲသင်ကြားပေးမှာဖြစ်ပါတယ်။ သင်တန်းသားတွေအနေနဲ့ သုံးနှစ်ကြာသင်ယူပြီးတဲ့အခါ ဒီပလိုမာ အောင်လက်မှတ်တွေ ချီးမြှင့်ပေးမှာ ဖြစ်ပါတယ်။

သုံးနှစ်သင်တန်း တက်ရောက်အောင်မြင်ပြီးလို့ ဒီပလိုမာအောင်လက်မှတ်ရရှိတဲ့သူတွေအနေနဲ့ သတ်မှတ်အရည်အချင်းနဲ့ ပြည့်မီရင် နည်းပညာတက္ကသိုလ်တွေကို တတိယနှစ်သင်တန်းက စတင်ပြီး တက်ရောက်သင်ကြားခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးတွေရှိတဲ့အပြင် လုပ်ငန်းခွင်ဝင်ရောက်မယ့် သင်တန်းသားတွေအတွက်လည်း ဂျပန်နည်းပညာတွေကို တတ်မြောက်ထားတာမို့ ပြည်တွင်း၊ ပြည်ပမှာ အလုပ်အကိုင်ရရှိရေးဟာ အခွင့်သာမှုတွေ ရှိနေပါတယ်။

လာမယ့် ဒီဇင်ဘာမှာ ဖွင့်လှစ်သင်ကြားပေးမယ့် အဲဒီသင်တန်းနှစ်ခုအတွက် သင်တန်းတစ်ခုစီအတွက် သင်တန်းသားဦးရေ ၂၀ သတ်မှတ်ထားတာမို့ သင်တန်းနှစ်ခုဆိုရင် သင်တန်းသား ၄၀ သာ လက်ခံသင်ကြားပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သင်တန်းဝင်ခွင့်အတွက် စိတ်ဝင်စားတဲ့ လူငယ်တွေ များပြားနေတာ ဖြစ်ပါတယ်။

## လက်တွေ့လုပ်သူဖြစ်ရမယ်

သင်တန်းဝင်ခွင့်အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းတွေက တက္ကသိုလ်ဝင်တန်းကို သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်တွေ ပါဝင်တဲ့ ဘာသာတွဲနဲ့ အောင်မြင်သူတွေ လျှောက်ထားနိုင်ပါတယ်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီတွေမှာ လက်တွေ့ကွင်းဆင်းလုပ်ကိုင်နိုင်သူလည်း ဖြစ်ရမယ်လို့ သတ်မှတ်ထားပါတယ်။

လျှောက်လွှာတင်တဲ့ လူဦးရေများပြားတာမို့ ဦးစားပေးရွေးချယ်တဲ့အခါ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမှာ သင်္ချာ၊ အင်္ဂလိပ်စာ ရမှတ်တွေအပြင် စုစုပေါင်း ရမှတ်တွေနဲ့လည်း ရွေးချယ်သွားမယ်လို့ သိရပါတယ်။ ဒါကြောင့်လည်း ထူးချွန်တဲ့လူငယ်တွေ၊ ဒီပညာရပ်ကို စိတ်ဝင်စားတဲ့ လူငယ်တွေအတွက်တော့ အခွင့်အရေးကောင်းတွေ ရရှိနိုင်တဲ့ သင်တန်းလည်း ဖြစ်ပါတယ်။

အကောင်အထည်ဖော် တည်ဆောက်ဖို့ရှိနေတဲ့ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်းသစ် ထွက်ပေါ်လာတဲ့အချိန်မှာတော့ သင်တန်းသားဦးရေကို ပိုမိုခေါ်ယူနိုင်မှာဖြစ်ပါတယ်။ အဲဒီ သင်တန်းကျောင်းသစ်ဟာ ဂျပန်အကူအညီအထောက်အပံ့၊ ဂျပန်နည်းပညာတွေအပြင် ဂျပန်ဆရာတွေပါ ကူညီသင်ကြားပေးမှာ ဖြစ်တာကြောင့် မြန်မာလူငယ်တွေအတွက် မျှော်လင့်ချက်ရှင်သန်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်းသစ် တည်ဆောက်ပြီးစီးခဲ့ရင်တော့ ရန်ကုန်မြို့ရဲ့ ဖြစ်ထွန်းတိုးတက်မှုအသစ်ကို လူငယ်တွေ ခံစားကြရဦးမှာအမှန်ပါပဲ။ ။